www.burmeseclassic.com

# ဝိညာဉ်လောကဖြစ်ရပ်ဆန်း

## ကျွန်ုပ်နှင့်ထူးဆန်းသော အရိုးခု

အိုပန်းယှဉ်စာပေ



BURMESE CLASSIC .com

မောင်သိန်းဆိုင် ရီရီဌေး ညီညီနိုင်
မင်းပုည မင်းရိုးမ ဇာဟိန်းထျန်းခမ်
အေးမြသာကြည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

(၁) သိကြားကိုနှစ်ရစ်လိမ် ညစ်တဲ့မာယိန် — မောင်သိန်းဆိုင်

(၂) ကျွန်ုပ်နှင့် ထူးဆန်းသောအရှိုးစု — ရီရီမြ

(၃) သားကောင်ခုနစ်ကောင်နဲ့ — ဇာဟိန်းထွန်းရှမ်
ဆွေးဆောက်တဲ့ကျွန်း

(၄) စုံနှံ့သာမင်းမောင်နှင့် နှင်းဆီနက် — မင်းယုညှ

(၅) တစ်ကြောပြန်သားကောင် — ညီညီနိုင်

(၆) ချစ်သူလော — မင်းရှိုးမ

(၇) ကြိုးပြတ်မြွေတဲ့ကားအနီလေး — အေးမြသာကြည်

အိုးယွန်းဆုံစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## သိကြားကော့နစ်ရေစလိမ် ညစ်တဲ့မာယိန်

မောင်သိန်းဆိုင်

မြို့အမည်ကလေးတွေကလှသည်။

ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ၊ သာပတ္တိဟု အမည်တွင်သည်။ ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် တည်ရှိသည်။ ရေတာရှည်မြို့နှင့် ဖြေယျာဝတီမြို့ကြားကျသည်။

စင်စစ် ယင်းမြို့ကလေးများမှာ မြို့ဟုဆိုရသော်လည်း





မြို့မကျ တောမကျ မြို့ကလေးများပင်ဖြစ်သည်။ နေ့စဉ် ဈေးမရှိ၊ ငါးရက် တစ်ဈေးသာ ရှိသည်။ ရုပ်ရှင်ဆိုရှဲလည်း ညပွဲတစ်ပွဲသာ ရှိသည်။ သို့သော် အဝေးပြေးကားလမ်းပေါ်တွင်ရှိသဖြင့် စည်ကားသင့်သလောက် စည်ကားသည်။ မြို့တိုင်း၏ လမ်းမဘေးတွင် ဆိုင်ကနားများရှိသည်။ ကုန်စုံဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်၊ အရက်ဖြူဆိုင် စသည်တို့ဖြစ်သည်။

ယင်းမြို့ကလေးများသည် အရင်ကတော့ သူ့ဓလေ့နှင့်သူ အေးချမ်းသည်။ လုယက်မှုမှအစ ခိုးဆိုးတိုက်ခိုက်မှု မရှိသလောက် နည်းပါးသည်။

သို့သော် လက်တလောအခြေအနေကမူ. . .။

သာဂရမှ ပြဿနာစသည်။

စင်စစ် သာဂရက ပြဿနာကို စခဲ့ခြင်းမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက သာဂရသို့ သွားခြင်းပင်ဖြစ်သည်။

ပြဿနာရှင်မှာ တစ်ကိုယ်တော် အနုကြမ်းသမားတစ်ဦး ဖြစ်သည်။ သာဂရမြို့ကလေးမှ ဆေးခန်းတစ်ခန်းကို အနုကြမ်းဝင်စီးသွားသည်။ တစ်နေ့တာ ဆေးကုရရှိရသောငွေနှင့် ဆရာဝန်၏ အိမ်မှပါလာသော ငွေများ၊ လက်ဝတ်လက်စားများ၊ ဆေးပေးသူ အမျိုးသမီး၏ ငွေအနည်းအပါး နှင့် ဆွဲကြိုးတစ်ကုံး ပါသွားသည်။ စုပေါင်းလိုက်တော့ တန်ဖိုးတစ်သောင်းကျော်သွားသည်။

အနုကြမ်းသမား ဝင်စီးသွားပုံက ယဉ်ယဉ်နှင့် လွယ်လွယ်ကလေး ဖြစ်သည်။ ဆေးခန်းပိတ်ခါနီးမှ လူနာအယောင်ဆောင်ကာ ဝင်ရောက်လာသည်။ ဆေးခန်းထဲရောက်သည်နှင့် သေနတ်ပြကာ လိုရာကို စေခိုင်းတော့သည်။

ဆေးခန်းတံခါးကို ပိတ်ခိုင်းသည်။ ဆေးခန်းရှေ့မီးကို





ပိတ်ခိုင်းသည်။ ဆရာဝန်ကို လက်ပြန်ကြိုးတုပ်ခိုင်းသည်။ ထို့နောက် ဆေးပေးသူ အမျိုးသမီးငယ်ကို အနုကြမ်းသမားကိုယ်တိုင် လက်ပြန်ကြိုးတုပ်သည်။

အကြောက်လွန်နေသဖြင့် အာစေးထည့်ထားသကဲ့သို့ မလှုပ်ဝံ့သောပါးစပ်ကို ပလာစတာဖြင့် ပိတ်လိုက်သေးသည်။ ပြီးတော့မှ ငွေနှင့် လက်ဝတ်လက်စားများကို ရှာဖွေယူကာ ညင်ညင်သာသာကလေး ထွက်သွားသည်။

ထို့နောက် သုံးလေးရက်အကြာတွင် တစ်ကိုယ်တော် အနုကြမ်းသမားသည် ဆွာမြို့မှ ခေါက်ဆွဲဆိုင်တစ်ဆိုင်ကို ဝင်လုသွားပြန်သည်။ ဆိုင်ပိတ်ချိန် အလုပ်သမားများပြန်ချိန်တွင် အနုကြမ်းသမား ရောက်လာသည်။ တံခါးခေါက်သည်။ ခေါက်ဆွဲ ဝယ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်တရုတ်အမျိုးသားက ကြော်လော်စရာလည်း မရှိ၊ အလုပ်သမားလည်း မရှိဟုဆိုကာ တံခါးကိုပြန်ပိတ်မည်ပြုသည်။

ထိုစဉ် အနုကြမ်းသမားက ဆိုင်ထဲသို့ ဖျတ်ခနဲ ဝင်လိုက်သည်။ တံခါးကို ကျောမှီပိတ်ပြီး ဆိုင်ရှင်တရုတ်အမျိုးသားကြီးကို သေနတ် ထုတ်ပြသည်။ ဆိုင်ရှင်တရုတ်အမျိုးသားကြီး ဖြ သွားသည်။ သူ့မှာ အားကိုးစရာလည်းမရှိ၊ ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်သာ ရှိသည်။ ကလေးကလည်း မိန်းကလေး အိပ်နေပြီ။ ကလေးကြောက်မှာ၊ ကလေးကို ထိပါးမှာကိုလည်း စိုးရိမ်သည်။ သည်တော့. . .

"နင် ဘာလိုချင်သလဲ၊ လိုချင်တာယူသွား၊ ငါတို့သား အဖကို ရန်မရှာနဲ့၊ ဒုက္ခမပေးနဲ့"

ဆိုင်ရှင်အမျိုးသားကြီးက အကြောက်ကြောက် အလ





လန့်နှင့် ပြောသည်။

ထိုအခါ တစ်ကိုယ်တော် အနုကြမ်းသမား အကြိုက်တွေ့ သွား သည်။ ရှိသမျှငွေနှင့် ရတနာပစ္စည်းများကို တောင်းသည်။ ရှာဖွေ၍လည်း ယူသည်။ ကျေနပ်လောက်ကာမှ ဆိုင်ရှင်တရုတ်အမျိုးသားကို သေနတ် ဒင်နှင့် မေ့ဆေးပေးပြီး ဆိုင်ထဲမှ အေးအေးလူလူ ထွက်သွားသည်။

လေကလေးပင် ချွန်လို့။'

သည်တွင် သတင်းကြီးလာသည်။ ဆိုင်ကနားရှင်များ အတွက် စိုးရိမ်စရာ ဖြစ်လာသည်။

ယခုပုံစံအတိုင်းဆိုလျှင် တစ်ကိုယ်တော် အနုကြမ်းသမား သည် မြို့ငယ်ကလေးတွေကို ဆက်လက်၍ မွှေတော့မည်ဟု ထင်စရာဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းသည် မြို့ငယ်ကလေးများ အတွင်းတွင် တောမီးပမာ ပြန့်သွားတော့သည်။

♛ ♛ ♛

မြနုသည်လည်း တစ်ကိုယ်တော် အနုကြမ်းသမား သတင်းကို ကြားသည်။ သူမက ထမင်းဆိုင်ရှင်ဖြစ်သည်။ မြို့လှ တွင်နေသည်။ မြနုတို့ထမင်းဆိုင်မှာ ကားလမ်းပေါ်တွင်ရှိသည်။ နည်းနည်းတော့ မြို့စွန်ကျသည်။ သည်တော့လည်း စိုးရိမ် စရာပင်။

တစ်ကိုယ်တော်အနုကြမ်းသမားသည် သာဂရမြို့နှင့် ဆွာမြို့ကို ဝင်ရောက်ခဲ့ပြီဆိုတော့ မကြာမီ တစ်နေ့နေ့တွင် သာဝတ္တိမြို့ကိုလည်း ရောက်သွားနိုင်သည်။ ရေနီမြို့ကိုလည်း





ရောက်သွားနိုင်သည်။ မြို့လှကိုလည်း ရောက်လာနိုင်သည်ဟု မြနု တွေးမိသည်။

သည်ကနေ့မှာတော့ အဖေကလည်း မရှိ။ မြနုအဖေက ပျဉ်းမ နားမြို့တွင်နေသော သူ့အစ်မ အသည်းအသန် မကျန်းမာ ကြောင်း လူကြုံးပါးသဖြင့် ပျဉ်းမနားသို့ မနေ့ကပင် ထွက်သွား သည်။ နှစ်ရက် သုံးရက် လောက်သာနေမည်ဟု ပြောသွားသည်။ သို့သော် အခြေအနေရ ဆက်ကြာချင်ကြာမည်။

သည်တော့လည်း မြနုအတွက် စိုးရိမ်စရာပင်။ အိမ်မှာ က သားအဖနှစ်ယောက်သာ ရှိသည်။ ထမင်းဆိုင်ကို အိမ်ရှေ့ တွင် အဆောင်ထုတ်ကာ ဖွင့်ထားခြင်းဖြစ်သည်။ နယ်ထမင်းဆိုင် ဆိုတော့ လူပိုလူလျှံလည်း များများစားစား မထား။ ထမင်းချက် အဒေါ်ကြီး တစ်ယောက်နှင့် စားပွဲထိုး ချာတိတ် တစ်ယောက်သာ



www.burmeseclassic.com

www.burmeseclassic.com

ထားသည်။

ထမင်းချက် အဒေါ်ကြီးက နံနက်တွင် လာရောက်ချက်ပြုတ်ပေး ပြီးသည်နှင့် အိမ်ပြန်သည်။ စားပွဲထိုးချာတိတ်ကတော့ ခုတလော ဆိုင်ပိတ်ချိန်အထိ နေသည်။ အဖေမရှိစဉ်ရက်အတွင်း ချာတိတ်ကို ညဘက် ဆိုင်မှာပင်အိပ်ရန် ခေါ်ထားသည်။

သို့သော် တကယ့်အရေးဆိုလျှင် သည်ချာတိတ်က အားကိုးလောက်သည်မဟုတ်။ အသက်က တစ်ဆယ့်သုံးလေးနှစ်အရွယ်လောက်သာ ရှိသေးသည်။ လူကလည်း ညှက်လိုက်သေး။ ကြောက်ကလည်း ကြောက်တတ်ပါဘိသနဲ့။

ဒါပေမယ့် ယောကျ်ားကလေးတစ်ယောက် ရှိသည်ဆိုတော့ ညရေးညတာအတွက် အဖော်အလုပ်တော့ ရသည်ပင်။

အခါတိုင်းလို အခြေအနေမျိုးဆိုလျှင်တော့ မြနုတို့က





ကြောက်မည်မဟုတ်။ ကိုယ့်မြို့ ကိုယ့်ရွာပဲ၊ တစ်ယောက်တည်းလည်း နေဝံ့သည်ပင်။

ယခုတော့ တစ်ကိုယ်တော် အနုကြမ်းသမားသတင်းကကြီးနေ သည်မို့ မြနု ကြောက်မိသည်ကား အမှန်။ အဖေကလည်းမရှိသဖြင့် အားလည်းငယ်မိသည်။

အရပ်ထဲမှ အသိအကျွမ်းများကို အဖော်ခေါ်ထားလျှင်တော့ရသည်။ သည်လိုခေါ်ထားဖို့ကျတော့ ရှက်နေသည်။ သည်ကောင်မ ကြောက်တတ်လွန်းသည်ဟု အထင်ခံရမည်ကိုစိုးရိမ်သည်။

သို့နှင့် စားပွဲထိုးချာတိတ်ကလေးကိုသာ ညရေးညတာအတွက် အဖော်ခေါ်ထားသည်။

သည်ကနေ့မှာ ခါတိုင်းထက်ပင်ဆိုင်က လူပါးသည်။


www.burmeseclassic.com

www.burmeseclassic.com



ရပ်ဝေးခရီး သည်များလည်း ရောက်မလာကြပါချေ။ နံနက်ပိုင်းကတည်းက တစ်ယောက်စ နှစ်ယောက်စသာ လူအဝင်အထွက်ရှိသည်။ ဈေးနေ့ဆိုလျှင်တော့ ဆိုင်မှာ လူစည်တတ်၏။ မြို့လှဈေးနေ့က တစ်နေ့ကပင် ပြီးသွားခဲ့ပြီ။

နေ့လယ် မွန်းလွဲတော့ ပို၍လူပါးသည်။ နံနက်စာစားချိန်လည်း လွန်ခဲ့ပြီ။ ခရီးသည်များလည်း ရောက်မလာ။ မြနုသည်ပင်အိပ်ငိုက်ချင်လာသည်။

ထိုစဉ် ဆိုင်ထဲသို့ လူရွယ်တစ်ယောက် ဝင်လာသည်။ မြို့သား တစ်ယောက် ဖြစ်ပုံရသည်။ လူပုံက ဖြူဖြူချောချော။ ပိန်ပိန်ပါးပါးထဲကလည်း ဖြစ်သည်။ မြနုထက် အသက်လေးငါးနှစ်တော့ ကြီးပုံရသည်။ အသက် သုံးဆယ်နီးပါးလောက်တော့ရှိမည်။





"ထမင်း ရသေးတယ် မဟုတ်လား"

"ရပါတယ် ဦးလေး"

စားပွဲထိုး သံချောင်းက လူစိမ်း ဝင်ထိုင်သော စားပွဲကိုသုတ်သင်ရှင်းလင်းရင်း ပြောလိုက်သည်။

"အရက်လေးဘာလေးကော မရဘူးလား"

"ရပါတယ်"

"မရှိတော့ပါဘူး၊ ကုန်ပါပြီ"

မြနုက ဟင်းအိုးများတန်းစီထားသော ကောင်တာမှ ဝင်ပြောလိုက်သည်။ မြနုတို့ဆိုင်မှာ နယ်ထမင်းဆိုင်များ ထုံးစံအတိုင်း အရက်လည်းရောင်းသည်။ သို့သော် အဖေ မရှိသဖြင့်မျက်နှာစိမ်းဆိုလျှင် အရက်တော့မရောင်းဟု စိတ်ကူးထားမိသဖြင့်ဝင်ပြောလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါ ညီမလေးရဲ့ အစ်ကို နည်းနည်းပင်ပန်းလာလို့ပါ၊ သောက်မှာကလဲ နည်းနည်းပါးပါးပါ၊ နှစ်ပက်သုံးပက်လောက်ရရင် တော်ပါပြီ၊ နေပါဦး၊ ညီမလေးက အစ်ကို့ကို မသိဘူးလား"

ညှော်သည်လူစိမ်းက မြနုကို လှည့်ကြည့်ကာ မေးသည်။ မြနု လူစိမ်းမျက်နှာကို အသေအချာ ကြည့်သည်။ ထိုသူ့ကို တွေးဖူးသည် မထင်။

"ဘတိုးဆိုတဲ့ နာမည်ကိုရော မကြားဖူးဘူးလား"

"ဟင့်အင်း"

မြနု အရိုးခံအတိုင်း ခေါင်းခါ၍ ဖြေလိုက်သည်။

"သေပါတော့ဟာ၊ ငါ့ညီမကလဲ ဈေးသည်ဖြစ်ပြီး တယ်အတာ ကိုး။ အစ်ကိုက ရဲစခန်းက လူဆိုးထိန်း ဘတိုးပါဟ၊





ဒါတောင် မသိဘူး လား"

သည်တော့မှ မြနု အားနာသွားရသည်။

"မသိလို့ပါ အစ်ကိုရယ်၊ စိတ်မရှိနဲ့နော်၊ မြနုတို့ကလဲ ဆိုင်ထဲ မှာသာ အနေများတော့ ဘယ်နေရာမှ သိပ်နှံ့နှံ့စပ်စပ် မရှိဘူးလေ"

"အေးပါဟာ၊ အစ်ကိုလဲ ရောက်တာမှ မကြာသေးပဲကိုး။ ကဲ ဘာဟင်းတွေရှိလဲ၊ ကြက်သားရှိရင်တော့ ကြက်သားနဲ့ပဲ ပြင်ကွာ"

လူဆိုးထိန်းဘတိုး ဆိုသူက တရင်းတနှီး အသွင်နှင့်ပြောသည်။

"အရက်လဲ ရှိပါတယ်၊ အဖေက ခရီးထွက်သွားလို့ မသိတဲ့လူဆို ရင် အရက်မရောင်းတော့ဘူးလို့ စိတ်ကူးထားလို့ပါ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ဘယ်သူဘယ်ဝါမှန်း သိလို့ကတော့ ရောင်းတာပေါ့၊ ရမ်နဲ့ ရွှေလိမ္မော်ရှိတယ်၊ အိုပီလဲ ရှိတယ်''

''ရမ် သုံးပက်လောက် အရင်ပေးကွာ''

အဝိုင်းပုလင်းကလေးနှင့် မြန္ ထည့်ပေးလိုက်သော ရမ်းသုံးပက်ကို သံချောင်းက လူဆိုးထိန်း ဘတိုးဆိုသူရှေ့ ချပေးသည်။ မြနုက ထမင်းပွဲကို ကိုယ်တိုင်ရှူးခပ်ပေးသည့်အပြင် ကိုယ်တိုင်ချပေးသည်။ ရဲဘက်က လူဆိုးထိန်းဆိုသူ သူ့မဆိုင် ရောက်လာသဖြင့် သူမ ဝမ်းသာသွားသည်။ ရဲဘက်က လူတွေ အဝင်အထွက်ရှိလျှင် လူဆိုးတွေ ဘာတွေက ရှောင်တတ်သည် ဟု သူမ သိထားသောကြောင့်ပင် ဖြစ်သည်။ ဘတိုး ဆိုသူက ရဲဘက်ကဆိုသဖြင့် နည်းနည်းစပ်စုချင်လာသည်။

''အစ်ကိုက ရဲဘက်ကနော်''





''ဟုတ်ပါတယ်ဟ၊ ဘာဖြစ်လို့လဲ''

''မေးစရာရှိလို့ပါ၊ ရဲဘက်ကဆိုရင် သာဂရနဲ့ ဆွာမှာ ဝင်လု သွားတဲ့ လူဆိုးအကြောင်း ကြားမှာပေါ့''

''အေး. . . သူ့ကို အစ်ကိုတို့ ရှာနေတာပဲ၊ အစ်ကိုတို့မြို့ ရောက်လာရင်တော့ မိမှာပါ၊ အစ်ကိုတို့ အမြဲစောင့်ကြည့်နေတာပဲ''

''မြန်မြန်ဖမ်းစမ်းပါ အစ်ကိုရယ်၊ သူ့ကို မမိသေးသရွေ့ မြနုတို့မှာ ရင်တမမ ဖြစ်နေရတယ်၊ အိမ်မှာ အဖေကလဲ မရှိတော့ ညဘက်ဆိုရင် ဒုက္ခပဲ''

''ကြောက်မနေပါနဲ့ကွာ၊ တို့ရှိပါတယ်၊ ညဆိုရင် အစ်ကို တို့လဲ အမြဲကင်းလှည့်နေတာပါ၊ ကိုယ့်ရပ်ကိုယ့်ရွာမှာ လုယက် တိုက်ခိုက်တာမျိုး ဘယ်အဖြစ်ခံနိုင်ပါ့မလဲကွယ်''

လူဆိုးထိန်း ဘတိုးဆိုသူက အရက်အနည်းငယ် သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ထမင်းကို ဗ္ဗာခြွေရရစားရင်း ပြောသည်။

သူ့စကားကြောင့် မြနု ဝမ်းသာသွားရသည်။ အားလည်း တက်သွားရသည်။

"အဟင်းဟင်း၊ မြနုတို့ကတော့ အရေးပေါ်လာရင် အစ်ကိုတို့ကိုပဲ အားကိုးရတော့မှာပဲ"

"ရပါတယ် ညီမရယ်၊ ဘာမှမကြောက်နဲ့၊ စိတ်အေးအေးသာနေ၊ ညဘက်ဆိုရင်လဲ အစ်ကို ဒီဘက်ကို ရောက်လာဦးမှာပါ"

"ဆိုင်မပိတ်သေးရင် ဝင်ခဲ့နော် အစ်ကို၊ မြနု ရှိမှာပါ"

မြနုက လူဆိုးထိန်း ဘတိုးဆိုသူကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ် လိုက်မိသည်။ သူ စားသောက်ပြီး၍ အရက်ဖိုးနှင့် ထမင်းဖိုးကို အတင်း ရှင်းပေးသည့်တိုင် မြနုက ငြင်းပယ်ခဲ့သည်။





"အစ်ကိုတို့လိုလူများ ယူစရာလား အစ်ကိုရယ်၊ စားသွားစမ်း ပါ"

အပြုံးချင်း ဆုံမိကြသည်။ မြနုရင်ထဲမှာ လေနွေးကလေး တိုးဖြတ်သွားသည်။

♛ ♛ ♛

ညနေစောင်း ခရီးသည်တစ်အုပ် ကျပြီးနောက် မြနုတို့ဆိုင်မှာ လရှင်းသွားပြန်သည်။ မိုးချုပ်လာသည်။ ဆောင်းကာလမို့ လမ်းမပေါ်တွင် လူသွားလူလာ ရှင်းလျက်ရှိသည်။ တစ်ခါတစ်ရံ ဆိုင်ရှေ့မှ ဖြတ်သွားသော ကားသံကိုတော့ ကြားရသည်။ ညရှစ်နာရီထိုးတော့ ကားသံပင် ကျဲသွားသည်။ သည်အရပ်သည်လိုပါပဲ။ ညဆိုလျှင် လူခြေတိတ်သည်။ ယခုလို ချမ်းအေးသောကာလမှာတော့ ပို၍ဆိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ ကားတစ်စီးဆိုက်သံ ကြားရသည်။ ခရီးသည်တင်ကားပဲ ဖြစ်လိမ့်မည်ဟု ထင်သည်။ ချက်ချင်းဆို သလိုပင် ဝေါခနဲ ကားပြန်ထွက်သံ ကြားလိုက်ရသည်။

ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ အပြင်ဘက်မှ လာ သဖြင့် အတော်ချမ်းလာပုံရသည်။ လက်ဝါးနှစ်ဖက်ကို ပွတ်၍ ခပ်ကုပ် ကုပ်ဝင်လာခြင်းဖြစ်သည်။ သူ့ပုံစံက သားသား နားနားမရှိ။ ဘောင်းဘီပွပွနှင့် အတော်ဟောင်းနွမ်းနေသော စစ်ရောင်ဂျာကင်ကို ဝတ်ထားသည်။

"ချာတိတ်၊ အရက်ဖြူတစ်ပိုင်းလောက် အရင်ပေးစမ်း ကွာ"

သံချောင်းက မြနုကို လှမ်းကြည့်သည်။

"ကြာလို့တော့ မရဘူးနော်၊ ကျွန်မတို့ ဆိုင်ပိတ်တော့မှာ"





"အေးပါဟ"

မြနု အရက်ဖြူတစ်ပိုင်း ထုတ်ပေးလိုက်သည်။ ထိုလူက မြနု အနီး လျှောက်လာပြီး ဟင်းများကိုကြည့်သည်။ အမဲကြော်နှင့် ...သလောက်ဥကြော်ကို ကိုယ်တိုင်ယူသွားသည်။ ပြီးတော့မှ ...ရက်တစ်ပိုင်းကို စိမ်ပြေနပြေ သောက်နေတော့သည်။ ထမင်း ...ည်းမမှာ။ သည်တော့မှ မြနု စိတ်ပျက်ရတော့သည်။ သံသယ ...တွေးများကလည်း ဦးနှောက်သို့ ဖြတ်သန်းလာရသည်။

အခုမှ ဆိုင်တွင် တစ်ယောက်တည်းထိုင်နေသောလူကို ...ကဲခတ်မိသည်။ သူ့ပုံစံက အေးအေးဆေးဆေးပင် ဖြစ်သော် ...ည်း သူ့ရုပ်ရည်က ကြမ်းတမ်းသည်။ အသားညိုညို မျက်နှာ ...ါက်ဆိုးဆိုးထဲက ဖြစ်သည်။ နားထင်တွင် လက်သန်းဖျားခန့် ...သော ဒဏ်ရာကလည်း ပါလိုက်သေးသည်။ ကိုယ်လုံးကိုယ်



www.burmeseclassic.com

ထည့်ကလည်း ထွားထွား။ အသက်က သုံးဆယ်ကျော် သုံးဆယ့် ငါးလောက်သာ ရှိမည်ဖြစ်သော်လည်း ရုပ်ရည်က ရင့်ရော်သည်။ သည့်လိုပုံစံမျိုးက အနုကြမ်းသမားတစ်ယောက် မဖြစ်နိုင်ဘူးတဲ့ လား။ ဖြစ်နိုင်သည်ပင်။

စောစောက သူ့ကို သည်အရပ်ဝန်းကျင်မှ အလုပ်ကြမ်း သမား တစ်ယောက်ဖြစ်မည်ထင်သဖြင့် အရက်ရောင်းမိခြင်းဖြစ် သည်။

အစက မြနု လူစိမ်းဆိုလျှင် အရက်မရောင်းဟု စိတ်ကူး ခဲ့သည်။ လူဆိုးထိန်းဘတိုးဆိုသူက ဘာမှမကြောက်ရန် အား ပေးခဲ့သဖြင့် ထိုလူကို အရက်ရောင်း မိခြင်းဖြစ်သည်။

ယခုတော့ သံသယအတွေးနှင့် မြနု နှောင်တရလာပြီ။ ထိုသူရောက်လာသည်မှာ နာရီဝက်နီးပါး ရှိပြီ။ သို့သော်





မှာထားသည့် အရက်က တစ်ဝက်ပင် မကျိုးသေး။ ဘယ်ထိအောင် ဖိမ်ခံ၍ သောက်နေမည်မသိ။ နောက်ထပ် ဝင်လာသူကလည်း ရှိ။ လူခြေကလည်း တိတ်နေပြီ။ ထိုသူသည် အရက်ကို ဖိမ်ခံ သောက်ရင်း အနုကြမ်းစီးရန် အချိန်အခါကို စောင့်နေသည်လား တွေးရင်း မြနုရင်မှာ စိုးထိတ် လာရသည်။

"သံချောင်း ဆိုင်ပိတ်တော့ဟေ့"

မြနု ခပ်ကျယ်ကျယ် ပြောလိုက်သည်။ သို့တိုင် တစ် ကိုယ်တည်း အရက်ထိုင်သောက်နေသူလူကြီးက တုတ်တုတ်မျှ လှုပ်။ သံချောင်းက ဆိုင်တံခါးများကို လိုက်ပိတ်သည်။

"ဆိုင်ပိတ်တော့မယ်ရှင့်"

မြနု အရက်သောက်နေသူလူကြီးနားသို့ လျှောက်သွား ကာ ပြောလိုက်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ"

ထိုလူကြီးက လှည့်ပင်မကြည့်။ အရက်တစ်ခွက် ဖန်ခွက်ထဲ ငှဲ့ထည့်လိုက်သည်။ တစ်ခွက်ဆိုသော်လည်း နည်းနည်းမျှသာ။ အပိုင်းပုလင်းထဲတွင် အရက်က တစ်ဝက်နီးပါးမျှ ကျန်သေးသည်။ ယခုပုံစံ အတိုင်းဆိုလျှင် သူသည် အတတ်နိုင်ဆုံး အချိန်ဖြုန်းနေမည်။ ပြီးလျှင်. . .။

မြနု တွေးရင်း စိုးထိတ်လာရသည်။ သိမ်းဆည်းစရာ ရှိသည်တို့ကို သိမ်းဆည်းရင်း လူဆိုးထိန်းဘတိုးဆိုသူကို မျှော်မိသည်။ ကိုဘတိုး ဆိုသူကလည်း ပေါ်မလာ။ ကိုဘတိုးကို အားကိုး၍ ဆိုင်ကို စောစောမပိတ်မိသည်မှာ မှားပြီထင်ရဲ့။ လူထွားကြီး ထွက်သွားအောင် မြနု ဘာလုပ်ရမည်မသိ။ သူ့ကို ငေါက်ငမ်း၍လည်း နှင်မထုတ်ရဲ။





"ဩော် သံချောင်း၊ ညေ့သည်ပြန်သွားရင်လဲ တံခါးတွေ အကုန် မပိတ်နဲ့ဦးနော်၊ စခန်းက လူဆိုးထိန်း အစ်ကိုဘတိုးက လာချင်လာဦးမှာ"

မြနုက သံချောင်းကို လှမ်းပြောလိုက်သည်။ သည်အခါ တော့ လူဆိုးဟုထင်ရသော လူထွားကြီးက မြနုကို တစ်ချက် လှည့်ကြည့်သည်။ မျက်မှောင်တစ်ချက်မျှ ကုတ်သွားသည်။ ထိုအချိန်မှာပင် လူဆိုးထိန်းဘတိုးဆိုသူ ဖွင့်ထားသော တံခါး ပေါက်မှ ဆိုင်ထဲဝင်လာသည်။

"ဟေ့ ညီမလေး၊ ဆိုင်မပိတ်သေးဘူးလား"

"ဟာ အစ်ကိုပါလား၊ ပိတ်တော့မလို့ပဲ၊ အစ်ကိုဘတိုးတို့ ကင်း လှည့်ရင်း ဝင်လာမယ်ဆိုလို့ ဖွင့်ထားတာ၊ ညေ့သည်ကလဲ ရှိနေသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်း ဘတိုးဆိုသူကို မြနုက တရင်းတနှီး ဆီးကြို ကာ ပြောလိုက်သည်။ သူရောက်လာသည့်အတွက် မြနု အားလည်းတက်သွားရသည်။ လူဆိုးထိန်းဘတိုးဆိုသူက ညွှန့်သည်ဆိုသူလူကြီးကို တစ်ချက် လှည့်ကြည့်သည်။ ထိုလူကြီးကလည်း လူဆိုးထိန်းဘတိုးဆိုသူကို ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီး ထိုင်ရာမှထသည်။

"ပိုက်ဆံလာယူမယ်ဟ၊ ဘယ်လောက်ကျလဲ"

သံချောင်းက လူဆိုးနှင့်တူသော လူထွားကြီးထံ လျှောက်သွားပြီး ကျသင့်ငွေကို ရှင်းယူလိုက်သည်။ ထိုလူကြီး ဆိုင်ထဲမှ ခပ်သွက်သွက် ထွက်သွားတော့သည်။

"အမလေး အစ်ကိုရယ်၊ မြနုဖြင့် ကြောက်လိုက်ရတာ၊ ခုနက လူကြီးက အနုကြမ်းသမားကြီး ထင်တယ် အစ်ကိုရဲ့၊





ဆိုင်ထဲရောက်နေတာ ကြာပြီ၊ ဆိုင်ပိတ်မယ်ပြောလို့လဲ မထဘူး၊ အစ်ကို ရောက်လာမှ သူ ထသွားတာ၊ နို့မို့ဖြင့် သူ လုမလား မသိဘူး"

မြနုက ရင်ကလေးဖိကာ လူဆိုးထိန်း ဘတိုးဆိုသူကို ရှိန်းရှိန်း စားစားကြည့်ကာ ပြောလိုက်သည်။ လူဆိုးထိန်းဘတိုးဆိုသူက တစ်ချက်ပြုံးသည်။

"အခု ကြောက်စရာမလိုတော့ပါဘူးကွယ်၊ အစ်ကို ရောက်လာ ပြီပဲ"

"ခုနက လူကြီးကို အစ်ကို လိုက်ဖမ်းပါလား အစ်ကိုရဲ့၊ အဲဒီလူ ကြီးက ဟိုအနုကြမ်းသမားကြီးပဲ ဖြစ်မယ်၊ မျက်နှာကလဲ ခပ်တင်းတင်း မှုန်တေတေနဲ့"

"ဒီလိုဖမ်းလို့ ဘယ်ရမလဲ ညီမရဲ့၊ လူဆိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်တပ်ထားတာမှ မဟုတ်တာ၊ သူ အမှုကျူးလွန်တာကို မြင်တွေ့မှ ဖမ်းလို့ရဟာ''

''အခုလိုဆို သူ တခြားဆိုင်တွေကိုများ ဝင်လုမလား မသိဘူးနော်''

''ဒါတော့ ဘယ်ပြောတတ်မလဲကွယ်၊ ညီမဆိုင်ကိုတော့ သူပြန် လာမှာ မဟုတ်တော့ပါဘူး။ အင်း. . . ဒါပေမယ့်. . .''

စကားကိုဖြတ်ထားပြီး လူဆိုးထိန်းဘတိုးဆိုသူက အပေါက်ဝဆီ လျှောက်သွားသည်။ အပြင်ဘက်သို့ တစ်ချက် ကြည့်လိုက်သည်။ ပြီးတော့ ဆိုင်တံခါးကို ခပ်အေးအေးပင် ပိတ်လိုက်သည်။ မြနု စိတ်ထဲ စနိုးစနောင့် ဖြစ်သွားရသည်။ တစ်စုံတစ်ရာ စိုးရိမ်စိတ်ဝင်လာရသည်။

''ဒါ. . . ဒါပေမယ့် ဘာဖြစ်လဲဟင်''





''သူပြန်လာပေမယ့် ငါရောက်နေပြီလေဟ ငါက. . .''

လူဆိုးထိန်းဘတိုးဆိုသူ လေသံမှာ ချက်ချင်းပြောင်းလဲ လာပြီး စကားသံ ရုတ်တရက် ရပ်သွား၏။ ဘယ်လိုဘယ်လို ကနေ သူ့လက်ထဲ သေနတ်ကြီး ရောက်လာသည်ကိုပင် မသိ လိုက်။ မြနု မျက်လုံးကလေး အဝိုင်းသားနှင့် အကြောင်သားဖြစ် သွားရသည်။

''အစ်ကို. . . အစ်ကို. . . နောက်''

''ငါ နင့်ကို နောက်ပြောင်နေတာ မဟုတ်ဘူး။ အော်ရင် တော့ သေပြီသာမှတ်၊ ဟိုကောင်လာခဲ့စမ်း''

အခြေအနေကို နားလည်သွားသော သံချောင်းသည် လည်း အ ကြောက်လွန်နေချေပြီ။ ဒူးနှစ်လုံးရိုက်ရင်း လူဆိုးထိန်း ဘတိုးဆိုသူနား ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သံချောင်း သူ့အနားသို့ ရောက်လာသည်နှင့် လူဆိုး ထိန်းဘတိုးအိုသူက သံချောင်း၏ ဆံပင်ကို ဆောင့်ဆွဲကာ နဖူးကို ဒူးနှင့်တိုက်ပစ်လိုက်သည်။ သံချောင်း နေရာမှာပင် အရုပ်ကြိုး ပြတ် လဲကျသွားသည်။

မြနု ကျောချမှ တားပြမှန်း သိရလေပြီ။ တစ်ကိုယ်လုံး နတ်ကျသလို တုန်လာရသည်။ အော်လည်းမအော်ရဲ၊ အော်ဖို့လည်း သတိမရ၊ ကြောက်စိတ်ကသာ သူမကို လွှမ်းမိုးနေရပြီ။

"နင်သိထားတဲ့ တစ်ကိုယ်တော် အနုကြမ်းသမားဆိုတာ ငါပဲ၊ နင့်လက်စွပ် ချွတ်စမ်း"

"ဟုတ်. . . ဟုတ်ကဲ့"

မြနု လက်စွပ်ကို ကပျာကယာ ချွတ်ပေးလိုက်သည်။ သူမကိုယ်တွင် ရွှေဆို၍ လက်စွပ်တစ်ကွင်းသာ ရှိသည်။





"ကဲ. . . သွားစမ်း၊ အိမ်မှာ ရှိတာတွေထုတ်"

အနုကြမ်းသမားက သူမကို ဆောင့်တွန်းကာ ပြောလိုက်သည်။ မြနု ဟင်းအိုးစင်ရှိရာသို့သွားပြီး တစ်နေ့တာ ရောင်းရသမျှ ငွေသုံးရာ ကျော်ခန့်ကို ထုတ်ပေးလိုက်သည်။

သို့တိုင်အောင် အနုကြမ်းသမားက အားမရနိုင်သေး။ မြနုလက်ကို ခပ်ကြမ်းကြမ်းဆွဲလိမ်ကာ အိမ်ပေါ်တက် နိုင်းသည်။ ဗီရိုကို မွှေနှောက်နိုင်း၏။

ဗီရိုထဲတွင် အဝတ်အစား အသုံးအဆောင်မှလွဲ၍ တန်ဖိုးကြီးကြီးနှင့် လွယ်လွယ်ယူသွားနိုင်သော ပစ္စည်းမတွေ့။ အိပ်ခန်းထဲသို့ရောက်သောအခါ သံသေတ္တာကြီးကို တွေ့သွားသည်။

"သော့ ပေးစမ်း"

"မရှိ. . . မရှိပါဘူး၊ အဖေဆီ ပါသွား[illegible]"

www.burmeseclassic.com

''မလိမ်နဲ့၊ ထုတ်ပေးစမ်း''

''တကယ်ပါရှင့်၊ အဖေ့ဆီပါသွား. . .''

''ဖြန်း''

''အား''

မြနု စကားမဆုံးမီမှာပင် အနုကြမ်းသမားက မြနုမျက်နှာကို ဖြတ်ရိုက်လိုက်သည်။ မြနု မညာဝံ့တော့ပါချေ။ သေတ္တာလေးကို ထုတ်ပေးလိုက်သည်။ သေတ္တာထဲတွင် လက်ဝတ်လက်စားများနှင့် စုဆောင်းထားသော ငွေအတော်များများ ရှိသည်။ အနုကြမ်းသမားသည် သေတ္တာကို ဖွင့်နိုင်းပြီး ရွှေထည်နှင့် ငွေများကို ဘောင်းဘီအိတ်များနှင့် ဂျာကင်အိတ်များထဲသို့ ထည့်ရင်း. . .

''ဟဲ ဟဲ. . .ဒီလို လိမ္မာမှပေါ့ကွ၊ မင်းက သဘော





ကောင်းသလောက် ရုပ်ကလေးကလဲ လှတယ်၊ အစကတော့ ငါ ပစ္စည်းပဲ ယူမလို့ ကွ၊ ဒါပေမယ့် မင်းက သိပ်လှနေတော့. . . အဟဲ. . .''

''အို''

အနုကြမ်းသမားက သေနတ်ကို ခါးကြားတွင် ထိုးလိုက်ပြီး မြနု တစ်ကိုယ်လုံးကို သိမ်းကျုံးကာဖက်လိုက်၏။

မြနု ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်မည့်ဆဲဆဲတွင် လက်ကြမ်းကြီးတစ်ဖက်က ပါးစပ်ကို လာရောက်ပိတ်သည်။

ထိုစဉ်. . .။

''ဝုန်း''

အသံကြောင့် အနုကြမ်းသမား သေနတ်ကို ထုတ်ကာ နောက်ကို လှည့်ကြည့်လိုက်သည်။ သို့သော် နောက်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

"ခွပ်"

"အား"

အဖြစ်အပျက် မြန်ဆန်လွန်းလှသည်။ အနုကြမ်းသမား ခမျာ ခေါင်းကိုအုပ်ကာ နေရာကတွင် ပုံလဲကျသွားသည်။ သူ့ရှေ့တွင် စောစောက မြနု လှူဆိုးဟုထင်ခဲ့သော လူကြီးကို မားမားရပ်လျက်သား တွေ့လိုက်ရသည်။

မြနု မယုံနိုင်အောင် ဖြစ်သွားရသည်။ မျက်လုံးကလေး ကလယ်ကလယ်နှင့် ယုန်သူငယ်ကလေးပမာ အကြောက်ပိုနေရှာသော မြနုကို မေ့မျောနေသော တစ်ကိုယ်တော် လူကြမ်းသမား အား လက်ထိပ်ခတ်ရင်း လူဆိုး ထိန်းဘတိုးက ပြုံးပြလိုက်သည်။

"ကဲ. . . မိန်းကလေး ဘာမှမကြောက်နဲ့တော့၊ တကယ်





တော့ စောစောက မင်းပြောခဲ့တဲ့ စခန်းက လူဆိုးထိန်း အစ်ကို ဘတိုး လာမျှင်လာမယ်ဆိုတဲ့စကားက မင်းကို ပြန်ကယ်လိုက် တာပဲ၊ ဒီကတည်းက ဒီကောင် မင်းကို လိမ်ထားတယ်ဆိုတာ ငါရိပ်မိလိုက်တယ်၊ လူဆိုးထိန်း ဘတိုးအစစ်က ငါပါ မိန်းကလေး ရယ်၊ ရုပ်ရည်ကြည့်ပြီး မင်း လူကဲခတ် မှားသွားတာနဲ့တူတယ်၊ ဟား ဟား ဟား"

လူဆိုးထိန်းဘတိုးက ပြောပြီးရယ်လိုက်သည်။

မြနုက လူဆိုးထိန်း ဘတိုးမျက်နှာကို ရှန်းရှန်းစားစား ကြည့်ကာ ပြုံးပြလိုက်မိသည်။

အကြောက်ပြေ အပြုံးကလေးလား၊ အရက်ပြေအပြုံး ကလေးလား။

မောင်သိန်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ်နှင့် ထူးဆန်းသော အရိုးစု

ရိုရိုဌေး

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ဂါထာတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် ဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရသော်လည်း ယင်းအန္တရာယ်များမှ လွတ်ကင်းရသည်၊ ယင်းဘေးဆိုးဒုက္ခများနှင့် ကြုံရမည့်ဘေးမှ မကြုံတွေ့ရဘဲ လွတ်မြောက်ကျော်လွှားနိုင်သည်။

သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နက်ရှိုင်းစွာ နေ့စဉ်ပူဇော်ခဲ့သူ





တစ်ယောက်၏ ဖြစ်ရပ်မှာ အံ့ဩဖွယ်အတိ ဘေးအန္တရာယ်မှ ကင်းလွတ်ခဲ့ရသည်။ ထိုသူမှာ. . .။

ဒိုက်ဗာသန်းဝင်းဆိုသူပင်။

သူ၏ ထူးခြားသောဖြစ်စဉ်မှာကား. . . .။

ကိုသန်းဝင်း၏အလုပ်ကား နေ့စဉ်ရေငုတ်ရသည့် ဒိုက်ဗာတစ်ဦးဖြစ်သည်။ ဒိုက်ဗာအလုပ်မှာ ရေပြင်တွင်လုပ်ရသည့်အလုပ်ဖြစ်သည်။ ရေပြင်သည် အမြဲတည်ငြိမ်နေသည် မဟုတ်။ ရာသီဥတု အခြေအနေမှာ ယခုကောင်းနေသော်လည်း အမဟုတ်ချင်း လှိုင်းထန်လျှင်လည်း လှိုင်းထန်လာတတ်သည်။ တည်ငြိမ်ခြင်း အမြဲမရှိပါ။ တခဏအတွင်း ပြောင်းလဲလျှင် ပြောင်းသွားတတ်သည်။

ကိုသန်းဝင်း၏ အလုပ်ရှင်မှာ ဦးစိုးမောင်ဖြစ်ပြီး မြစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဝအတွင်းနစ်မြုပ်နေသော မော်တော်ပျက်များ သင်္ဘောပျက်များကို လက်ခစားဖြင့် တူးဖော်ပေးသည့် လုပ်ငန်းရှင်ဖြစ်သည်။ ထိုလုပ်ငန်း၏ အမည်ကား တိမ်မြုပ်သင်္ဘောပျက် ဆယ်ယူရေးလုပ်ငန်း ဖြစ်ပါသည်။ ထိုလုပ်ငန်းကား အသက်အန္တရာယ်နှင့် နီးသော်လည်း ဝင်ငွေကောင်းသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။

ထိုလုပ်ငန်း၏ သဘောသဘာဝမှာရေထဲတွင် နစ်မြုပ်နေသော သင်္ဘောပျက်များအား အစိုးရထံမှ လေလံတင်ပြီးဆွဲရသည်။ တူးဖော် ခွင့်ပါမစ်ကျမှသာလျှင် သင်္ဘောပျက်ကိုတူးဖော်ကာ ကမ်းစပ်သို့ ဆွဲယူခွင့်ပြုသည်။

ဦးစိုးမောင်ကား သူကိုယ်တိုင် ပါမစ်လျှောက်သူ မဟုတ်ပါ။ ပါမစ်ကျပြီးသူများက အခကြေးငွေပေးကာ ဦးစိုးမောင်တို့အား အလုပ်အပ်ခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းသည် လွယ်ကူ





သည့်အလုပ် မဟုတ်ပေ။ သင်္ဘောပျက်များကို တွေ့သောအခါမှ သင်္ဘောပျက်၏ တည်ရှိပုံ အနေအထားကို ရှေးဦးစွာ ကြည့်ရသည်။ သင်္ဘောမှာ တိမ်းစောင်း၍ မြုပ်နေသလား။ မတ်မတ်နစ်မြုပ်နေသလား၊သဲမည်မျှဖုံးအုပ်နေသလဲဟူ၍ လားပေါင်းများစွာ ကြည့်ရှုစစ်ဆေးပြီးမှ အလုပ်ရှင်ကို တွေ့ရှိချက်များအား ပြန်ပြောပြရသည်။

ထိုအခါ အလုပ်ရှင်က မည်သို့သယ်ယူမည်ကို အားလုံးတိုင်ပင်ပြီးမှ ဆုံးဖြတ်ကြရသည်။ ဦးစိုးမောင်၏အလုပ်တွင် ဒိုက်ဗာငါးဦးထားရသည်။ လူကြမ်းငါးယောက် စုစုပေါင်းအလုပ်သမား ဆယ်ယောက်ခန့်ရှိသည်။ မော်တော်ဘုတ်တစ်စီးနှင့် မော်တော်ဘုတ်မောင်းသူတစ်ဦး ရှိသည်။ ၎င်းတို့အဖွဲ့သည် မြစ်အတွင်းမှ မော်တော်သေးကလေးမှအစ ရန်ကုန်မြစ် ဝအနီး၌



www.burmeseclassic.com

www.burmeseclassic.com



နှစ်မြှုပ်သွားသည့် သင်္ဘောကြီးများအထိ တူးဖော်သယ်ယူကြသည်။

ထိုနေ့က တိမ်ပြာအဖွဲ့သို့ သင်္ဘောသယ်ယူရန် အလုပ်ကိစ္စ လာရောက်အပ်နှံခဲ့သည်။

''ပင်လယ်ဝအနီးမှာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်က နှစ်မြှုပ်ခဲ့တဲ့ သင်္ဘောတစ်စင်း ဆယ်ချင်လို့ပါ''

''သယ်ယူခွင့် ပါမစ်ကျပြီးပြီလား''

ကျပြီးပါပြီ''

''ဒါဆို နှစ်မြှုပ်သွားတဲ့ နေရာရဲ့ ခန့်မှန်းမြေပုံရော ပါလာခဲ့လား''

''ပါလာခဲ့ပါတယ်''

''ကောင်းပါပြီ... ကျွန်တော်တို့ကို အလုပ်အပ်ပြီး





တစ်လအတွင်း သယ်ယူပေးပါမယ်''

ပိုင်ရှင် ဦးစိုးအောင်နှင့် အလုပ်အတွက် ကျသင့်ငွေကိစ္စအားပြောပြီးနောက် စရံငွေပေးချေသွားပါသည်။ ဦးစိုးအောင်မှာ သင်္ဘောပျက် ဆယ်ယူရေးကိစ္စအား လက်ခံပြီးနောက်...။

''ဒိုက်ဗာ ဦးနေအောင်နဲ့ ဒိုက်ဗာသန်းဝင်းတို့ မနက်ဖြန်မနက်မှာ ဆာပေးဆင်းရမယ်၊ မနက်(၇)နာရီ အရောက်လာခဲ့ပါ''

''ဟုတ်ကဲ့ပါ ဆရာ''

ဒိုက်ဗာအုပ်စု ပျော်သွားသည်။ သင်္ဘောပျက်တစ်ခါဆယ်လျှင် တစ်လခန့် လုပ်ကိုင်ရပြီး ငွေစရှင်သည့်အတွက်အားလုံး ပျော်ရွှင်စွာရှိခဲ့ကြပါသည်။

အိမ်သို့ပြန်ရောက်သောအခါ အလုပ်အကြောင်းပြောပြမိခင်ကြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



“ငါ့သား အလုပ်သွားရင် သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဆယ်ခေါက်ရွတ်ပြီးမှသွားနော်၊ ဒီဂါထာတော်ကြီးက အန္တရာယ်ကင်းတယ်တဲ့”

“ဟုတ်ကဲ့ပါ အမေ”

ကိုသန်းဝင်းသည် မိခင်ကြီးမှာသည့်အတိုင်း အိမ်မှ မထွက်ခွာခင် ဘုရားရှိခိုး အမျှအတန်းပေးဝေပြီးနောက် သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ဆယ်ခေါက်ရွတ်ဖတ်ပြီးမှ အလုပ်သို့သွားခဲ့ပါသည်။

“ကဲ...မင်းတို့ လူစုံပြီဆိုတော့ သင်္ဘောပျက်ရှာဖို့ လုပ်ကြပေတော့...ဒီမှာ မြေပုံကြမ်းကိုယူသွား”

“ဟုတ်ကဲ့ပါ ဆရာ”

“ကဲ...မော်တော်ဘုတ်ဆရာ ဦးဝင်းတင်ကိုခေါ်ပြီး





ဆာပေးဆင်းပေတော့”

“ဟုတ်ကဲ့ပါ ဆရာ”

ဒိုက်ဗာသန်းဝင်း၊ ဒိုက်ဗာနေအောင်နှင့် မော်တော်ဘုတ်မောင်းသူ သုံးဦးသားသည် တိမ်ပြာအမည်ရသော မော်တော်ဘုတ်ကလေးဖြင့် စတင်ထွက်ခွာလာခဲ့သည်။ မကြာမီ ပင်လယ်ဝ အနီးသို့ ရောက်ရှိလာခဲ့သည်။

ဒိုက်ဗာသန်းဝင်းသည် မြေပုံကြမ်းကိုထုတ်ကြည့်ပြီးနောက် မြေပုံတွင် ပါရှိသည့် အကွာအဝေးများကို တွက်ချက်ပြီးနောက်...။

“ကိုနေအောင် မြေပုံအရဆိုရင် ဒီအနီးတစ်ဝိုက်မှာဖြစ်မယ်”

“ဟုတ်တယ် ကိုသန်းဝင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မော်တော်ဘုတ်ကို ဒီနားမှာ ရပ်လိုက်တော့"

"ဟုတ်ကဲ့ဆရာ"

မော်တော်ဘုတ်အား မြေပုံအကွာအဝေးအတိုင်း ရပ်တန့်စေပြီးနောက် ၎င်းတို့နှစ်ဦးသားသည် ရေငုတ်ကရိယာများကို ဝတ်ဆင်ကာ ရေထဲသို့ ခုန်ဆင်းလိုက်သည်။ ထို့နောက် အတန်ငယ်ရေငုတ်ခဲ့ရာ. . .။

"ဟော. . .ဟိုမှာ သင်္ဘောပျက်ကိုတွေ့ပြီ"

ခပ်လှမ်းလှမ်းနေရာတွင် သင်္ဘောပျက်ကြီးကို စတင်တွေ့လိုက် ရသည်။ ဒိုက်ဗာသန်းဝင်းသည် ဒိုက်ဗာနေအောင်အား လက်ဟန်ခြေဟန်ဖြင့် အချက်ပြကာ ထိုနေရာဆီသို့ ကူးသွားခဲ့သည်။

တဖြည်းဖြည်း သင်္ဘောကြီးအနီးသို့ ရောက်ရှိလာခဲ့





သည်။ သင်္ဘောကြီးကား မည်သည့်အချိန်က နစ်မြုပ်ခဲ့သည် သိ။ သဲများ အတော်ပင် ဖုံးအုပ်နေသည်။ သင်္ဘောလက်ရမ်းတစ်ချို့ကား ကျိုးပြတ်လျက် အချို့မှာကား သံချေးအထပ်ထပ်။

ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသားကာ ပထမ ဆာဗေးအဖြစ် သင်္ဘောပျက်၏ အပြင်ပိုင်းကို ပတ်၍ လေ့လာခဲ့သည်။ သင်္ဘောပျက်မှာ သဲများ အလွန်အကျွံဖုံးနေသဖြင့် သာမာန်ဆယ်ယူရန် ဖြစ်နိုင်ချေမရှိကြောင်း တွေ့ရှိရသည်။

ထို့နောက် သင်္ဘောအရှည်နှင့် ဝမ်းဗိုက်ပိုင်း အကျယ်ကို ခန့်မှန်းတိုင်းထွာခြင်း ပြုခဲ့သည်။

ထိုသို့ဖြင့် အပြင်ပိုင်း အခြေအနေ တိုင်းထွာပြီးနောက် သင်္ဘောပျက်ကြီး၏ အတွင်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးရန် ဒိုက်ဗာသန်းဝင်းမှ ဒိုက်ဗာနေအောင်အား အချက်ပြလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒိုက်ဗာသန်းဝင်းသည် အရှေ့သို့ ဦးဆောင်ကာ သင်္ဘောပျက်ကြီး၏ အတွင်းပိုင်းသို့ တဖြည်းဖြည်းဝင်ရောက်ခဲ့ပါသည်။ ထိုသို့ ဝင်ရောက်ခဲ့ရာ မကြာမီအချိန်တွင် သင်္ဘောဝမ်းဗိုက်နားမှာ မည်းမည်းသဏ္ဌာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

ဒိုက်ဗာသန်းဝင်းက ထိုမည်းမည်းသဏ္ဌာန်မှာ မည်သို့သော အရာဝတ္ထုမှန်း မသိသဖြင့် ဆက်၍မတူးတော့ဘဲ ခေတ္တရပ်တံ့ကာ ဒိုက်ဗာနေအောင်အား အချက်ပြလိုက်ပါသည်။

၎င်းတို့နှစ်ဦးသား ရပ်တံ့ကာ အခြေအနေကြည့်နေစဉ် ထိုမည်းမည်း အရာဝတ္ထုမှာ လှုပ်ရှားလာပါသည်။ ထို့နောက် လှုပ်ရှားမှု ပိုမိုပြင်းထန်ကာ ရေလှိုင်းများ ထလာသဖြင့် ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသားပင် ကောင်းစွာ ရပ်တံ့မနေနိုင်ဘဲ





အထက်နှင့်အောက်သို့ ယိမ်းထိုးနေပါသည်။ အဘယ်ကြောင့် ပင်လယ်တွင် ရေများ ပြင်းထန်စွာ လှုပ်ရှားရသနည်းဟု စဉ်းစားနေစဉ်. . .။

"အမလေး"

ပြင်းထန်သော ရေလှိုင်များနှင့်အတူ မည်းနက်သော ငါးကြီးတစ်ကောင်သည် အရှိန်ပြင်းစွာ ထွက်လာခဲ့သည်။ ၎င်း၏ ခန္ဓာကိုယ်မှာ အလွန်ရှည်လျားပြီး မဲပြောင်နေသည်။ ဒိုက်ဗာသန်းဝင်းတို့ နှစ်ဦးသားမှာ အရောင်မြန်သဖြင့် ၎င်း၏ ကိုယ်လုံးနှင့် တိုက်မိမည့်ဘေးမှ သီသီလေး လွတ်သွားသည်။ ၎င်းငါးကြီး၏ ပုံသဏ္ဌာန်မှာ မြွေမည်းကြီးနှင့် သဏ္ဌာန်တူသည်။

သို့တိုင် ၎င်း၏ ရှည်လျားသော ကိုယ်လုံးကြီး ရိုက်ခတ်မှုကြောင့် ပင်လယ်ရေများ၏ လှုပ်ရှားမှုအရှိန်မှာ ပြင်းထန်လှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသားပင် နောက်တက်သို့လှည့်စင်သွားသည်။

"တော်တော်အရှိန်ပြင်းတာပဲ"

ဒိုက်ဗာသန်းဝင်းသည် ဤသို့ စိတ်၌ ရေရွတ်ရင်း ၎င်း၏စိတ်တွင် ခပ်ထင့်ထင့် ဖြစ်သွားပါသည်။ ဤနေရာတွင် ဤကဲ့သို့ စိတ်လှုပ်ရှားဖွယ်ကောင်းသည့် မည်းနက်သော ငါးကြီးကို မြင်တွေ့ရသည်မှာ ကောင်းသည့်နမိတ်ပုံ မဟုတ်ပေ။ ဒိုက်ဗာသန်းဝင်းသည် အတိနိမိတ် ကောက်တတ်သည့် အယူအဆရှိသဖြင့် ဤသို့ ထူးခြားမှုမှာ နှစ်သက်ဖွယ်မဟုတ်ဟု ယူဆမိသည်။

သို့သော် ဒိုက်ဗာသန်းဝင်းအဖို့ တာဝန်သည် အဓိက ဖြစ်သည်။ အပြင်ပိုင်း ဆာဗေးပြီးလျှင် အတွင်းပိုင်း ဆာဗေးယူရန် ခေါင်းဆောင်အဖြစ် တာဝန်ယူထားသူဖြစ်၍ အတွင်းပိုင်းသို့





သတိဖြင့် ကူးခတ်လာခဲ့သည်။ မကြာမီက တွေ့လိုက်ရသည့် မြွေမည်းကြီးသဏ္ဍာန်ရှိသည့် ငါးကြီးများနှင့် ထပ်မံကြုံတွေ့မည်ကို စိုးတထိတ်ထိတ်ဖြင့် ကူးခတ်ခဲ့ကြသည်။

ထိုသို့ဖြင့် ကူးခတ်လာရာ မကြာမီ စက်ခန်းအနီးသို့ ရောက်ရှိခဲ့သည်။ စက်ခန်းသံဇကာကွက်အနီးတွင် အရာဝတ္ထု တစ်ခု လှုပ်ရှားနေသကဲ့သို့ တွေ့ရှိရသည်။

"လှုပ်ရှားနေတဲ့သဏ္ဍာန်ဟာ ဘာလဲ"

ဒိုက်ဗာသန်းဝင်းသည် ဤသို့တွေးထင်ရင်း အနီးသို့ ကူးခတ်ခဲ့ရာ. . . ။

"ဟာ. . . အရိုးစုကြီးပါလား"

အရိုးစုကြီးမှာ ရေလှုပ်ရှားမှုကြောင့် ထပြီး က,နေသကဲ့သို့ လှုပ်ရှားနေပါသည်။ ဒိုက်ဗာသန်းဝင်းရော၊ ဒိုက်ဗာနေအောင်



www.burmeseclassic.com

www.burmeseclassic.com



ပါ တအံ့တသြကြည့်နေမိသည်။ အရိုးစုများကား အရိုးကျသွား လျှင် တစ်ခုစီ ပုံ့ကျဲနေရိုးထုံးစံ ရှိသော်လည်း ယခုတွေ့ရသည်မှာ ဦးခေါင်းရိုးမှခြေဖျားအထိ လှုပ်ရှားနေသည်မှာ အလွန်အံ့သြဖွယ် ဖြစ်သည်။

ထို့ကြောင့် အနီးသို့ ကပ်ကြည့်ရာ အရိုးများမှာ ရေညှိ ရေမှော်များနှင့် တွယ်ကပ်ငြိကာ အရိုးစုများကို ဆက်စပ်ချည် နှောင်ထားသကဲ့သို့ဖြစ်ကာ ဦးခေါင်းမှ ခြေဖျားပိုင်းအထိ ပြည့်စုံ သည့်အရိုးစု ဖြစ်နေပါသည်။

ရေထု၏ လှုပ်ရှားမှုကြောင့် လက်ယပ်ခေါ်သကဲ့သို့လည်း ကောင်း ကခုန်နေသကဲ့သို့လည်းကောင်း ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်နေပါသည်။

"အင်း. . . ဒီအရိုးစုဟာ သင်္ဘောစက်မောင်းရဲ့ အရိုးစု





ဖြစ်ပုံရတယ်။ သင်္ဘောနစ်မြုပ်ရာမှာ စက်ခန်းထဲက မထွက်နိုင်ဘဲ ပိတ်မိပြီး အရိုးကျသွားတာ ဖြစ်မယ်"

"ဒါပေမယ့် ငါတို့ဟာ သင်္ဘောပျက်အမျိုးမျိုးကို ဆယ်ခဲ့ တဲ့အထဲမှာ ဒီလိုအဖြစ်အပျက်မျိုးကို တစ်ခါမှ မတွေ့ခဲ့ရဘူး"

ထိုသို့တွေးကာ အရိုးစုကိုငေးကြည့်နေစဉ် ဒိုက်ဗာနေ အောင်က ဒိုက်ဗာသန်းဝင်းအား လက်ကိုကုတ်ကာ ညွှန်ပြလိုက် ပါသည်။ သူညွှန်ပြသည်မှာ အရိုးစုကြီးအား သေချာစွာ ကြည့် ရန် လက်ဟန်ခြေဟန်ဖြင့် ပြလိုက်ပါသည်။ အရိုးစုကြီးအား သေချာစွာ ကြည့်လိုက်သောအခါ. . .။

ရေထုအရှိန်ကြောင့် ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေသော သွားဖုံးနှစ်ခု၏ လှုပ်ရှားမှုဟန်မှာ တစ်စုံတစ်ခုကို ပြောနေဘိသကဲ့ သို့ ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ တစ်စုံတစ်ရာကို ပြောနေသလိုပဲ"

၎င်း၏ ရွှေငွေရောင်မှော်တို့ဖြင့် တွယ်ငြိနေသော လက်ရိုးနှစ်ခုမှာ ပိုမို လှုပ်ရှားလာကာ. . .။

"မလာနဲ့. . . သွား. . . သွား"

ဟူသည့် ပုံစံမျိုး ဖြစ်နေပါသည်။ အရိုးစု၏ လှုပ်ယမ်းမှု သင်္ကေတကိုကြည့်ကာ ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသားမှာ အံ့သြလွန်း၍ ကြောင်ပြီး ငေးမောကြည့်ရှုနေပါသည်။

မကြာမီ

"ဝီ. . . ဝီ. . . ဝီ"

ဟူသော အသံသေးကလေးတစ်ခု အဝေးမှလာသည့်နှယ် ကြားလိုက်ရပါသည်။

သည်တော့မှ ဒိုက်ဗာသန်းဝင်းတို့ နှစ်ဦးသား သတိပြန်ရ





လာပါသည်။ ထို့နောက်. . .။

"ဝီ. . . ဝီ. . . ဝီ"

ဟူသော အသံကြီးမှာ တဖြည်းဖြည်း နီးလာကာ ကျယ်လောင်သည့် အော်မြည်သံကြီးကို ကြားရပါတော့သည်။ ထိုအသံကြီးမှာ နားမခံသာအောင် အော်မြည်လာလေ ရေထုမှ ပြင်းထန်စွာ လှုပ်ရှားလာလေလေ ဖြစ်လာပါသည်။

ထိုအရိုးစုကြီးမှာလည်း ရေထု၏ ပြင်းထန်းစွာ လှုပ်ရှားမှုကြောင့် လက်ခြေများ လှုပ်ယမ်းကာ. . .။

"အမြန်သွား. . . အမြန်သွား"

ဟူသည့် ပုံသဏ္ဌာန်ဖြင့် မြန်ဆန်စွာ လှုပ်ရှားနေပါတော့သည်။ ဤတွင် ဒိုက်ဗာနေအောင်မှ. . .။

"အခြေအနေမကောင်းဘူး၊ အပေါ်ပြန်တက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ဟူသည် သင်္ကေတကို ပြလိုက်ရာ ဒိုက်ဗာသန်းဝင်းကလည်း ခေါင်းငြိမ့်ပြပြီး ရေပြင်ပေါ်သို့ တိုးထွက်လိုက်သည်။

ထို့နောက် မော်တော်ဘုတ်ပေါ်သို့ အရောက်တွင် ရေပြင်မှ လှိုင်းကြီးများ ရိုက်ခတ်လာသဖြင့် မော်တော်ဘုတ်ကို အမြန်ဆုံး မောင်းနှင်ကာ ဆိပ်ကမ်းသို့ အမြန်ဆုံး ကပ်ခဲ့ရသည်။ ထိုသို့ ကပ်ပြီး မကြာမီ ရေလှိုင်းကြီးများ တလိမ့်လိမ့်ထလာပါသည်။ ဒိုက်ဗာသန်းဝင်းတို့ စီးလာသည့် မော်တော်ဘုတ်ကလေးသည် ကမ်းစပ်မှ ရပ်ထားသည့်တိုင်အောင် လှိုင်းဒဏ်ကို အတော်ခံလိုက်ရသည်။

ထိုနေ့က မိုးအုံ့ကာ တစ်နေ့လုံး လှိုင်းကြီးနေသည်။ နောက်မှ သိရသည်မှာ ရေပြင်တွင် အရှိန်ကြီးသော လျှောင်တစ်ခု လှုပ်ရှားခြင်းဖြစ် သည်။ ယခုခေတ်စကားဖြင့် ဆိုရသော် ဆူနာမိအသေးစားကဲ့သို့သော လျှောင်တစ်ခု လှုပ်ရှားခြင်း ဖြစ်လေသည်။

ရေအောက်လှုပ်ရှားခြင်း ပြင်းထန်သောကြောင့် လှိုင်းထသာခြင်း ဖြစ်ပေသည်။ ရေလှုပ်ကြီးများကမူ နဂါးများ မြူးသည်ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤသို့ရေထုလှုပ်ရှားမှု ပြင်းထန်လျှင် အသက်ရှုပိုက်များ ပြုတ်ထွက်ကာ ရေငုတ်သူများတွင် အသက်အန္တရာယ် ရှိနိုင်ပါသည်။

ဤတွင် အလုပ်ရှင်အား ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးမှ နှင်းတို့ ထူးခြားစွာ တွေ့ရှိရသည့် အရိုးစုအကြောင်း ပြောပြရာ

"ဒိုက်ဗာတို့ ကံကြီးပေလို့ပေါ့"

"ဟုတ်ပါတယ် အရိုးစုကသာ လှုပ်ရှားမပြရင် အတွင်းခန်းထဲ ဝင်ဖြစ်တယ်။ အဲဒီအချိန်မှာ ရေအောက်လျှောင်လှုပ်ရင် ပိုက်တွေပြုတ်ထွက်ပြီး အန္တရာယ်နဲ့ ကြုံရတော့မှာ"







www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ. . . အရိုးစုက သတိပေးသလို ဖြစ်သွားလို့ အန္တရာယ်က ကင်းလွတ်သွားတာ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဒီအရိုးစုကိုသွားယူပြီး ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးချင်တယ်"

"သိပ်ကောင်းတာပေါ့ ကိုသန်းဝင်းရယ် ကျုပ်ခွင့်ပြုပါတယ်"

ဤအစီအစဉ်ဆွဲပြီးနောက် ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသည် ထိုစက်ခန်းသို့ တဖန်သွားခဲ့သည်၊ ယခုအခါတွင် မြွေမည်းကြီးကိုလည်း မတွေ့ရပေ။ အရိုးစုကြီးမှာလည်း ရေထုတည်ငြိမ်နေသဖြင့် လှုပ်ရှားမှုမပြုဘဲ ငြိမ်သက်နေသည်။

ဒိုက်ဗာသန်းဝင်းတို့နှစ်ဦးသားမှာ စက်ခန်းမှ သံဇကာများကို ကပ်တာဖြင့်ညှပ်ကာ လူတစ်ကိုယ်ခန့် အပေါက်တစ်ခုဖြစ်





အောင် ဖေါက်လိုက်သည်။

"ကဲ. . . လုပ်ငန်းစမယ်"

ဒိုက်ဗာသန်းဝင်းက ဒိုက်ဗာနေအောင်အား အချက်ပြပြီး ကခန်းထဲသို့ အရင်ဆုံး ကူးခတ်ဝင်လိုက်သည်။ သူ့နောက်မှ ဒိုက်ဗာနေအောင် လိုက်လာသည်။ ၎င်းတို့နှစ်ဦးစလုံး စက်ခန်းအတွင်းသို့ ရောက်သောအခါ ဒိုက်ဗာသန်းဝင်းက အရိုးစု၏ ဦးခေါင်းပိုင်းမှစ၍ မ,လိုက်သည်။ ဒိုက်ဗာ နေအောင်က ကိုယ်ပိုင်းကို အသာဖေးမရင်း စက်ခန်းမှထွက်လာခဲ့ကြသည်။

ထို့နောက် တဖြည်းဖြည်း ရေပေါ်သို့ဆောင်ယူကာ မော်တော်ဘုတ်ပေါ်သို့တင်ကာ ကမ်းသို့ ယူဆောင်ခဲ့သည်။ ကမ်းပေါ်အရောက်တွင် အသင့်ပြုလုပ်ထားသည့် အခေါင်းတွင်းသို့ ထည့်ကာ ကောင်းမွန် စွာ သင်္ဂြိုဟ်ပေးခဲ့သည်။ ဘုန်းကြီးသုံးပါး



www.burmeseclassic.com

www.burmeseclassic.com



အား ဆွမ်းကျွေးကာ အမျှအတန်းပေးဝေခဲ့သည်။

ထို့နောက် သင်္ဘောပျက်ကြီးမှာ ဆယ်ယူရန် မဖြစ်နိုင်သည့်အတွက် သင်္ဘောပျက်ကြီး၏ သံကိုယ်ထည်ပိုင်းအား ဖြတ်ယူရန် အစီအစဉ်ရေးဆွဲခဲ့ကြသည်။

ဒိုက်ဗာသန်းဝင်းနှင့် ကပ်တာအဖွဲ့သည် ထိုသင်္ဘောပျက်ကြီးဆီသို့ သွားရောက်ခဲ့ကြသည်။ ဆာဗေးဆင်းထားပြီးပြီဖြစ်၍ ကပ်တာအဖွဲ့မှာ များစွာမပင်ပန်းဘဲ သင်္ဘောပျက်ကြီး၏ သံကိုယ်ထည်ပိုင်းကို စတင်၍ စက်များဖြင့် ပိုင်းဖြတ်ခဲ့ကြပါသည်။

ထိုအပိုင်းအစများကို ကုန်းပေါ်သို့ တင်သည့်အဖွဲ့က တာဝန်ယူ၍ တင်ကြသည်။ ဤသို့ဖြင့် သင်္ဘောပျက်ကို သံကိုယ်ထည် အပိုင်းပိုင်းဖြတ်ကာ သယ်ယူခဲ့သည်မှာ သုံးလတိုင်တိုင်ကြာမြင့်ခဲ့ပါသည်။





နောက်ဆုံး အားလုံးသော ပစ္စည်းများကို ကုန်းပေါ်သို့ ချောမောစွာ တင်နိုင်ခဲ့ပေသည်။ အားလုံး အလုပ်ပြီးမှ ထိုသင်္ဘောပျက်အကြောင်း ကောင်းစွာ သိခဲ့ရပါသည်။

ထိုသင်္ဘောပျက်အား သယ်ယူရန် အဖွဲ့ပေါင်းများစွာ ကြိုးစားကြည့်ကြသည်။ တစ်ဖွဲ့မှာမူကား မြွေမည်းကဲ့သို့သော ငါးကြီး ကိုက်ခံရ၍ သေဆုံးသွားသဖြင့် ဆက်၍ ဆယ်ယူရန် စိတ်ကုန်သွားခဲ့သည်။

နောက်တစ်ဖွဲ့မှာမူကား ထိုသင်္ဘောပျက်ကြီးသို့ အရောက်တွင် ရေလှိုင်းများ ပြင်းထန်စွာဖြစ်ပြီး ပင်လယ်အောက်ရေထု ပြောင်းဆန်စွာ လှုပ်ရှားမှုကြောင့် အသက်ရှူကိရိယာများ ပြုတ်ထွက်ကာ သေဆုံးခဲ့သည်။

အချို့ကမူ ဤသင်္ဘောပျက်အား မဆယ်ရန် ပဲရှေးတော



www.burmeseclassic.com

www.burmeseclassic.com



ကသားများက ချောက်လန့်သည်ဟု အယူအဆအစွဲဖြင့် ဝေးဝေး က ရှောင်ခဲ့သည့် နာမည်ကြီး သင်္ဘောပျက်ကြီးတစ်ခုပင်။

သို့သော်လည်း ဘုရားတရားကို ယုံကြည်ကိုးကွယ်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးအား ရွတ်ဖတ်ရသော အကျိုးကြောင့် မည်သူတွေ မည်မျှခက်ခဲပါသည်ဟု ဆိုငြားအံ့လည်း ဒိုက်ဗာ သန်းဝင်းတို့ လူစုမှာ ထိုသင်္ဘောပျက်ကြီးအား အောင်မြင်စွာ ယူနိုင်ခဲ့လေပြီ။

အထက်ပါအကြောင်းကို ဒိုက်ဗာသန်းဝင်းမှ ၎င်း၏ မှတ်တမ်းတွင် "ကျွန်ုပ်နှင့် ထူးဆန်းသော အရိုးစု"ဟူ၍ မှတ် တမ်းတင်ထားခဲ့ပါတော့သည်။

ရီရီငွေး





# သားကောင်ခံနှစ်ကောင်နဲ့ သွေးသောက်တဲ့ကျွန်း

ဇာဟိန်းထျှန်းခိုင်

## တစ်

သစ်တုံးဆွေးကြီးတစ်ခုရဲ့အပေါ်မှာ ငွေရောင် ခရုခွံလေး တစ်ခုကို လင်ဒါက ထိုးပြီးသွင်းလိုက်ပါတယ်။ လင်ဒါဘေးနား မှာ ရပ်နေကြတဲ့ လူခြောက်ယောက်စလုံးဟာ အဲဒီငွေရောင် ခရုခွံကလေးကို မျက်တောင်မခတ် စိုက်ကြည့်နေကြပါတယ်။ သူတို့အထဲက ကလယ်ဆိုတဲ့ လူကတော့ စိတ်ထဲက အသံမထွက်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကြိတ်ပြီး ခရုခွံတွေကို လိုက်ပြီးရေတွက်ကြည့်လို့ နေပါတယ်။ သူရေတွက်ပြီးသွားတဲ့ အခါမှာတော့. . .

"ဆယ့်ငါးခု၊ ခရုခွံ ဆယ့်ငါးခု ရှိသွားပြီဟော့။ ပင်လယ်ထဲမှာ ငါတို့ရဲ့သင်္ဘောပျက်ပြီး နစ်သွားခဲ့တာ ဆယ့်ငါးရက်ကြီးများတောင် ရှိသွားခဲ့ပြီပဲ။ တို့တစ်တွေဟာ ဘုရားသခင်ကိုယ်တော်တောင် မသိနိုင်တဲ့ ဟောဒီကျွန်းကလေးအပေါ်မှာ မသေကောင်း မပျောက်ကောင်းနဲ့ ရှိနေခဲ့ကြတာ ဆယ့်ငါးရက် ရှိသွားခဲ့ပြီလေ။

အင်း. . . ငါ့အတွက်တော့ စားကောင်းသောက်ကောင်းတွေနဲ့ ဝေးခဲ့ရတာ ဆယ့်ငါးနှစ်လောက် ကြာနေပြီလို့ ခံစားနေရတယ်။ အခုချိန်မှာ ဘီစတိတ်တစ်ပွဲကို ကြက်သွန်နီ နိုင်းခြင်းနဲ့ ချက်လာပြီး လာရောင်းလို့ကတော့ကွာ၊ ငါ့အိမ်နဲ့ ငါ့ခြံကိုတောင်





ပေးပစ်ပြီး ငါ စားပစ်လိုက်ချင်တယ်။ ဘီစတိတ်မှ မဟုတ်ပါဘူး။ ငါ့တစ်ရပ်စာလောက်ရှိမယ့် ပြင်သစ်အာလူးကြော် တစ်ပုံလောက်ပဲ ကြော်ကျွေးဦး ငါ အသာကလေး ကုန်အောင် စားနိုင်တယ်ကွ"

လို့ ကာလဗ်က အိပ်မက်ကို ပြန်တမ်းတနေသလို ဆွေးဆွေးမြည့်မြည့် ပြောလာပါတယ်။

"တော်စမ်းပါ ကာလဗ်ရာ၊ ငါတို့ကို ဒီထက်ပိုပြီးတော့ စိတ်ဆင်းရဲအောင် ပြောမနေစမ်းနဲ့ကွာ"

အဲလစ်က ကာလဗ်ကို စေ့စေ့ကြည့်ပြီးတော့ ရှူးရှူးဝါးဝါးပဲ အော်ပစ်လိုက်ပါတယ်။

**နှစ်**

နယ်ပူးယောက်မှာ ရှိနေကြတုန်းက နေ့ပုံထိုင်ပုံ ပတ်ဝန်းကျင်မတူကြတဲ့ လူခုနစ်ယောက်တို့ဟာ အခုအခါမှာ သဲသောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူကြီးတစ်ခုအပေါ်မှာ စုဝေးပြီး ထိုင်နေကြပါတယ်။ သူတို့ခုနစ်ယောက်ဟာ သေမင်း ခေါ်ဆောင်ရာနောက်ကို ပါမသွားအောင် ကြိုးပမ်းကြံဆောင်နေကြရပါတယ်။

သူတို့ရဲ့ မျက်လုံးခုနစ်စုံဟာ ပင်လယ်ရေပြာပြာကို ကျော်ပြီးတော့ ပင်လယ်အောက်ထဲကို တဖြည်းဖြည်း ငုပ်လျှိုးဝင်ရောက်သွားတဲ့ နေလုံးနီနီကြီးကို ငေးမောလို့ ကြည့်နေကြပါတယ်။

လင်ဒါက. . . သူနဲ့အတူ ဒီကျွန်းလေးပေါ်မှာ ရှိနေကြတဲ့ လူတွေရဲ့အကြောင်းကို စဉ်းစားနေရင်း အတွေးရေယဉ်ကြောမှာ မျောပါလို့နေပါတယ်။ ဒီလောက်တောင် ငြိမ်းချမ်းတဲ့ ရှုခင်းစရာကောင်းလွန်းလှတဲ့ ဆယ့်ငါးရက်ဆိုတဲ့ အချိန်ကာလ အတောအတွင်းမှာ အဲဒီလူတွေရဲ့ စိတ်ဓာတ်တွေကို လင်ဒါ ကောင်းကောင်းကြီး





သိလာခဲ့ရပါတယ်။

ရူးသွားချင်လောက်အောင် ဖြစ်နေတဲ့ ဒုက္ခဆင်းရဲမှုရဲ့ အစကတော့ သူတို့ရဲ့ သင်္ဘော စပြီး နစ်မြုပ်ကတည်းကပဲ ဖြစ်ခဲ့ရတာပါ။ အသက်မသေချင်ကြတဲ့အသိစိတ်နဲ့ မုန်တိုင်းဒဏ်ကြောင့် လှိုင်းလုံးကြီးတွေက ပြင်းထန်ဆူပွက်နေတဲ့ ပင်လယ်အောက်ထဲကို နစ်မြုပ်ပစ်လိုက်ပေမယ့် နစ်မြုပ်စပြုနေတဲ့သင်္ဘောထဲကနေ လွတ်အောင် သူတို့ခုနစ်ယောက်ဟာ အသက်ကယ်လှေထဲကို အသည်းအသန် ဆင်းနိုင်ခဲ့ကြပါတယ်။

သင်္ဘောပေါ်မှာ ပါလာကြတဲ့လူတွေ အတော်များများ အသက်ဆုံးရှုံးကုန်ကြပါတယ်။

သူတို့သင်္ဘောက သင်္ဘောနစ်နေပြီ အမြန်ကယ်ဆယ်ကြပါလို့ အသံလွှင့်စက်ကနေ လွှင့်ထုတ်တဲ့ အသံကို ဖမ်းမိအား



www.burmeseclassic.com

www.burmeseclassic.com



ထောင်မိကြတဲ့ သဘော်တချို့က ဘေးဒုက္ခသည်တွေကို ကယ်ဆယ်ကောင်း ကယ်ဆယ်နိုင်ခဲ့ပေမယ့်လည်း သူတို့ခုနစ်ယောက်ပါတဲ့ အသက်ကယ်လှေကိုတော့ ကယ်ဆယ်မယ့်သူ မရှိခဲ့ပါဘူး။

သေမင်းနိုင်ငံကို ခေါ်သွားမယ့် အစော့်ကို ကြီးမားလှတဲ့ လှိုင်းလုံးကြီးတွေက သူတို့ရဲ့ အသက်ကယ်လှေကလေးကို တစ်ညလုံးလုံး လူးလှိမ့်နေအောင် ရိုက်ပုတ်ခဲ့ပါတယ်။

မနက်မိုးလင်းတော့ သူတို့ရဲ့အသက်ကယ်လှေဟာ သန္တာကျောက်စွန်းတစ်ခုနဲ့ အပြင်းအထန်ပဲ သွားတိုက်မိပါတော့တယ်။ အဲဒီလို တိုက်မိခဲ့တဲ့ နေရာကတော့ ပေနှစ်ဆယ်လောက်ကျယ်တဲ့ ကျွန်းကလေးတစ်ကျွန်း ဖြစ်လို့နေပါတော့တယ်။

သူတို့တစ်တွေဟာ ပေါက်ပြီး ရေတွေဝင်လာတဲ့ အသက်ကယ်လှေပေါ်ကနေ ကျွန်းကမူကလေးရဲ့ အပေါ်ကို ဝမ်းသာအား





ရ အလုအယက်ပဲ ပြေးတက်လာခဲ့ကြပါတယ်။

နေက တစ်စနဲ့တစ်စ မြင့်တက်လာတာနဲ့အမျှ ဒီရေဟာလည်း တစ်စနဲ့တစ်စ ကျကျသွားပါတယ်။ အဲဒီလို ဒီရေကျသွားတာကြောင့် ကျွန်းကမူကလေးဟာ တစ်မိုင်ပတ်လည်လောက်ပေါ်ထွန်းလာပါတော့တယ်။

ရေထဲမျောလာတဲ့ သစ်တိုသစ်စတွေနဲ့ ငါး အသေကောင်တွေကို သဲသောင်ပြင်ကြီးပေါ်မှာ သူတို့ တွေ့ကြရတဲ့အပြင် ရွံ့ပြင်ကျယ်ကြီးရဲ့ အလွန်မှာတော့ သူတို့အတွက် ရိက္ခာဖြစ်လာမယ့် ကမာကောင်တွေကို သူတို့ တွေ့ကြရပါတယ်။

ရေနည်းနည်းလောက်ပဲပါတဲ့ ရေဘူးနှစ်လုံးက ရေကိုမျှတသောက်ကြရင်း ကမာကောင်တွေကို အစာအဖြစ် အားထားစားသောက်ရင်း တစ်ခုခုများ ထူးခြားလာလေမလားလို့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



စောင့်စားနေခဲ့ကြပါတယ်။

ကြာတော့ ဘာတစ်ခုမှ ထူးခြားမှု မရှိလို့ သူတို့ အကုန်လုံး စိတ်ပျက်လက်ပျက် ဖြစ်ကုန်ကြပါတော့တယ်။

နေ့ပိုင်းမှာ ရုပ်အကျီ တစ်ထည်ကို သန္တာကျောက်စွန်းကျွန်းကမူလေးအပေါ်မှာ ချိန်ထားလိုက်ကြပါတယ်။ ဒီအနီးအနားတစ်ဝိုက်မှာ ဖြတ်သန်းသွားကြတဲ့ သင်္ဘောတစ်စီးစီးက သူတို့အလံကို မြင်လိုမြင်ငြား ကယ်လိုကယ်ငြားပေါ့–ဆိုတဲ့ အသိနဲ့ပေါ့လေ။

ညပိုင်းကျတော့ ဒီရေအကျမှာ တင်ကျန်နေခဲ့ကြတဲ့ သစ်တိုသစ်စတွေကို စုပုံပြီး အချက်ပြ မီးပုံကြီးတစ်ခုအဖြစ် ဖိုထားကြပါတယ်။

ဒီရေအကျဆုံး အချိန်မှာ ရွှံ့တွေ နုံးတွေထဲက ကမာ





ာင်တွေကို လိုက်စမ်းပြီး အလံတိုင်ခြေရင်းမှာ စုပြုံထားကြ

တယ်။

ဒီရေတက်လာရင်တော့ သူတို့ခုနစ်ယောက်စလုံး သန္တာ

ကျောက်စွန်းကမူကလေးအပေါ် တက်ပြီး ရေလွတ်အောင် နေကြ

ါတယ်။ ဒီရေကျသွားမှ သူတို့ အောက်ကိုပြန်ဆင်းကြပါတယ်။

လူခုနစ်ယောက်ဟာ ရေဘူးနှစ်လုံးထဲက ရေနဲ့ ကမာ

းတွေကို စားပြီး ဘယ်လိုနည်းနဲ့မှ ရေရှည်မှာ အသက်မရှင်

င်တာကို လင်ဒါက နက်နက်နဲနဲ စဉ်းစားကြည့်နေမိပါတယ်။

အဲဒီအချက်ကို လူတိုင်းက သဘောပေါက်နေကြပြီးသား

တော့ ဘယ်သူ ဘာပဲလုပ်လုပ်၊ ဘာမှမပြောတော့ဘဲ တိတ်

တ်ပဲ နေလိုက်ကြပါတယ်။ ဘယ်လို ထင်မြင်ချက်မျိုးကိုမှ

ည်း မပြောကြတော့ပါဘူး။



www.burmeseclassic.com

လင်ဒါကတော့ နေ့တိုင်းတွေ့နေကျ မျက်နှာတွေကို မှုန်မွှားမွှား အလင်းရောင်အောက်မှာ တစ်ယောက်ချင်းစီကို မသိမသာ နိုးကြည့်လို့ အကဲခတ်နေမိပါတယ်။

သုံး ။

ပထမဦးဆုံးလူက. . . ။

အော်ဒင်. . . ။

သူက ပင်ကိုစိတ်ရင်းကောင်းပေမယ့် ခပ်ကြွားကြွား။

သူက သူ့စကားကို လူတွေစိတ်ဝင်စားအောင် ပြောတတ်တဲ့လူပါပဲ။

အော်ဒါ ကလိုင်ရင်တောမြို့မှာ သိန်းထီဆုကြီးတစ်ဆု





ပေါက်ခဲ့လို့ ရေခြားမြေခြားကို ခရီးထွက်လာခဲ့တဲ့ လူလည်းဖြစ်ပါတယ်။

ဒုတိယလူက. . . ။

အဲလစ်. . . ။

သူက စိတ်နေစိတ်ထား မကောင်းတဲ့ ပညာအရည်အချင်း မရှိတဲ့ တက္ကဆတ်နယ်သား။ သူ့ရဲ့လယ်ကွက်ကလေးထဲက ရေနံထွက်လို့ ငွေအတော်များများ ရရှိခဲ့တဲ့လူပါပဲ။

တတိယလူကတော့. . . ။

အင်ဒါဆင်. . . ။

အသက် သယ့်ကိုးနှစ်လောက်ပဲ ရှိသေးတယ်။ နှစ်လိုစရာ ကောင်လေး ဖြစ်ပေမယ့်လည်း အကြောင်းတစ်ခုခုကြောင့် အမေရိကကနေ ထွက်ပြေးတိမ်းရှောင်လာပုံရလို့ သူ့ရဲ့အကြည့်

www.burmeseclassic.com



တွေဟာ မယုံသင်္ကာ အမြဲတမ်းဖြစ်နေတတ်ပြီး လျှို့လျှို့ဝှက်ဝှက် နေတတ်သူ။

စတုတ္ထလူက. . .။

ကင်ရော. . .။

လူလတ်ပိုင်း ဆရာဝန်တစ်ယောက်လေ။ ပြုံးပြုံးရွှင်ရွှင် နေတတ်ပြီး မွေးရာပါ စိတ်ဝေဒနာရှင်တွေကို အရှေ့တိုင်းမှာ သွားပြီး သုတေသနလုပ်ဖို့ ထွက်လာခဲ့တဲ့လူ။

ပဉ္စမမြောက်လူကတော့. . .။

ရစ်တာ. . .။

ခန္ဓာကိုယ်ကြီးက တော်တော့်ကို ကြီးမားပြီး ကြံ့ခိုင်လှပါတယ်။ ဘီယာ အတော်ကြိုက်တတ်ပြီး စိတ်လည်း အင်မတန် ဆတ်လှပါတယ်။





ဆဋ္ဌမမြောက်လူကတော့. . .။

ကလပ်. . .။

ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲ ကြုံရကြုံရ မျက်နှာတစ်ချက် ကလေးမှမပျက်ဘဲ ရင်ဆိုင်နိုင်စွမ်းရှိတဲ့လူ။

ကမ္ဘာကို တစ်ပတ်ပတ်နေတဲ့လူ။ အကွက်ကောင်းကို ချောင်းနေတဲ့ လူပါပဲ။

နောက်ဆုံး သတ္တမမြောက်လူကတော့. . .။

လင်ဒါ. . .။

သူ့ကုမ္ပဏီက ပြင်သစ်လုပ်ငန်းခွဲကို ချဲ့ထွင်ဖို့အတွက် နိုင်ငံခြားကို လွှတ်လိုက်လို့ ထွက်လာခဲ့ရတဲ့သူ။

အချိန်အခါကို စောင့်ပြီး မယားနဲ့ သမီးကို ခေါ်ဖို့ ပြန်လာခဲ့တဲ့လူပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူခုနစ်ယောက်မှာ ရည်မှန်းချက်တွေကိုယ်စီ ရင်ထဲမှာ ရှိနေကြပြီး ဖြစ်ပေမယ့်လည်း သဘော်နစ်တာနဲ့ ကြုံလိုက်ရလို့ သူတို့ရဲ့ ရည်မှန်းချက်တွေဟာ သဘော်နဲ့အတူ ပင်လယ်ရေအောက်ကို လိုက်ပါနစ်မြုပ်သွားပြီလို့ လင်ဒါက တိုးတိုးကလေး ရေရွတ်နေမိပါတယ်။

လင်ဒါဟာ ဟူးခနဲ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက် ခြစ်ပြီးသား မီးခြစ်ဆံကို မီးပုံကြီးထဲ ပစ်ထည့်လိုက်ပြီး ကမာကောင်တွေ စုပုံထားတဲ့ အလံတိုင်ခြေရင်းကို ငေးကြည့်မျှော်နေမိပါတယ်။

“တော်တော်ကလေး မှောင်လာပြီနော်”

လို့ ဒေါက်တာ ကင်ရှောက ညည်းပြော ပြောလာပါတယ်။





“အင်း–ဟုတ်တယ်၊ ဒါဟာ နောက်ထပ် ညတစ်ညပေါ့ပါ”

အော့ဒင်က ဒေါက်တာ့စကားနောက်က သံယောင်လိုက်ပြောလိုက်ပါတယ်။

“နှာခေါင်းတွေ ပိတ်ထားကြဟေ့၊ မင်းတို့ နှာခေါင်းတွေကို ပိတ်ထားကြ၊ ညစာ စားဖို့ အချိန်ရောက်ပြီကွ။ ဟော့ကောင်လင်ဒါ မင်းရဲ့မောင်းချမ်း ငါ့ကို လှမ်းပေးလိုက်ပါဦး”

ရစ်တာက အသံ ခပ်မာမာနဲ့ လင်ဒါ့ကို လှမ်းပြောလိုက်တော့ လင်ဒါက မောင်းချမ်းကို ပစ်ပြီးတော့ ပေးလိုက်တဲ့အခါမှာ ရစ်တာဟာ တဖြစ်တောက်တောက် စကားတွေပြောရင်းနဲ့ ကမာကောင်ရဲ့ အခွံတွေကို ဓားနဲ့ ကလန့်ဖွင့်လိုက်ပြီး အသားတွေ ကလော်ထုတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အသားစ တစ်စကို ဒေါက်တာ ကင်ရှောကို ခပ်ဝေ့ဝေ့မျက်နှာနဲ့ ရစ်တာက ကြည့်ပြီးပေးလိုက်တဲ့အခါမှာ ဒေါက်တာကင်ရှောဟာ စက်ဆုပ်ရွံရှာတဲ့ အမူအရာနဲ့ သူ့မျက်နှာကို တစ်ဖက်ကို လွှဲပစ်လိုက်ပါတယ်။

အဲဒီအခါမှာ. . .။

တက္ကသိုလ်က လူရမ်းကား အဲလစ်က. . .။

"စားစမ်းပါ ဒေါက်တာရဲ့၊ ပင်လယ်စာဆိုတာ ကျွန်တော်တို့ တက္ကသိုလ်မှာ ဈေးအကြီးဆုံးနဲ့ အကောင်းဆုံး အစားအစာပဲဗျ"

လို့ ဟိန်းဟောက်တဲ့အသံနဲ့ ပြောလိုက်တော့ အောင်ခင်က ပျစ်ခနဲ တံတွေးတစ်ချက် ထွေးထုတ်လိုက်ပါတယ်။ ဒေါက်တာ ကင်ရှောရဲ့ ဘယ်ဘက်မှာ ငြိမ်ပြီး ထိုင်နေတဲ့ ချာတိတ်





ကလေး အင်ဒါဆင်က. . .။

"ဒေါက်တာ ယူလိုက်ပါဗျာ၊ တစ်ခုခု ဒေါက်တာ စားထားမှဖြစ်မယ်လေ။ ဒေါက်တာလည်း သိသားနဲ့"

လို့ ဝင်ပြောလာတော့မှ ဒေါက်တာ ကင်ရှောဟာ ခေါင်းကို ဖြည်းဖြည်းကလေး ညိတ်ပြလိုက်ပြီး သူ့ကိုယ်သူ အားတင်းလို့ ကမာကောင်အသားကို လှမ်းယူပြီး ဆတ်ခနဲ မျိုချပစ်လိုက်တာ အနံ့ကြီးက ညှီလို့ ဒေါက်တာ ကင်ရှော လည်ချောင်းထဲမှာ ဆို့နင့်သွားပါတော့တယ်။

"ဟော့လူတွေ ကျွန်ုပ်ကိုတော့ ခင်ဗျားတို့ မကျွေးကြနဲ့၊ ကျွန်ုပ် အငတ်ပဲ ခံနေတော့မယ်"

အဲလစ်က လင်ဒါကို မလိုလားတဲ့အကြည့်နဲ့ လှမ်းကြည့်ရင်း အော်ပြောလိုက်ပါတယ်။ လင်ဒါက အော်ဟစ်နေတဲ့ အဲလစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရှုတင်းတင်း ပြန်စိုက်ကြည့်လိုက်တော့ အဲလစ် အသံတိတ်သွားပါတော့တယ်။

ကမာသားတွေကို စားနေကြလို့ ဘယ်သူမှ စကားမပြောဖြစ်တော့ပါဘူး။

ဆိတ်ငြိမ်နေတဲ့ စားသောက်ပွဲကို အဲလစ်က စပြီး–

"ကျုပ်တို့တစ်တွေ သင်္ဘောသွားတဲ့လမ်းကြောင်း အပြင်ဘက်ကိုရောက်နေပြီလို့ ကျုပ်ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။ ကျုပ်တို့ သင်္ဘောတစ်စီးစီးနဲ့တော့ တွေ့ရတော့မှာပါ။ ကျုပ်တို့ ဘာဖြစ်လို့များ ဒီကျွန်းစုတ်ကလေးအပေါ်မှာ တွယ်ကပ်ပြီး နေနေကြရတာလဲ။ ကျုပ်တို့ ပင်လယ်ထဲကို ထွက်ကြရအောင်"

– ဆိုတဲ့ စကားသံနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားစေခဲ့ပါ





တယ်။

"အဲလစ် ခင်ဗျားပြောတာဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့ အတူတူပဲ။ ကျုပ်တို့ရဲ့ အသက်ကယ်လှေဟာ ကျောက်ဆောင်နဲ့ တိုက်မိကတည်းက ပေါက်သွားတာ ခင်ဗျားအသိပဲ။ ကဲဗျာ လှေကို ဖာနိုင်တယ်ပဲထားပါတော့ ရိက္ခာတွေကို ထားခဲ့ကြရမှာ။ ဘယ်အချိန်ကျမှ သင်္ဘောနဲ့ တွေ့မလဲဆိုတာ ဘယ်သူကမှ သေချာပေါက် မပြောနိုင်ကြဘူး"

– လို့ လင်ဒါက တည်တည်ငြိမ်ငြိမ်နဲ့ ပြောလိုက်တဲ့အခါမှာ တက္ကဆတ်နယ်သား အဲလစ်က. . .။

"ဟောဒီ ကျွန်းပေါ်ကနေ ကျုပ်တို့ကို သင်္ဘောတစ်စင်းစင်းကမှ မကယ်ရင် သောက်ရေ အခြေအနေက မတွေးရဲလောက်အောင် နည်းနေပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြတော့ဗျာ။ အိပ်ချိန်ရောက်နေပြီ အိပ်ကြတော့။ ဒါထက် ဒီည ကြည့်ကင်း ဘယ်သူတွေအလှည့်တုန်း"

ဒီရေမရောက်နိုင်တဲ့နေရာမှာ လှဲလျောင်းနေတဲ့ ကာလပ်က ဝင်ပြောလိုက်တဲ့အခါ. . .။

"ဟောကောင် ချာတိတ်၊ ဒီညတော့ မင်း ဟိုတစ်ခါ နောက်ဆုံး စောင့်ခဲ့တဲ့ရက်ကလို အိပ်ပျော်မနေနဲ့ဦး။ သင်္ဘော တစ်စီးစီး လွတ်သွားရင် အားလုံး ကိုယ်ကျိုးနည်းကုန်မှာ သိရဲ့လား"

လို့ ပြောလိုက်တော့ အင်ဒါခင့် မျက်နှာကလေး ညှိုးကျသွားပါတယ်။

ဒါကြောင့်လည်း အော့ဒင်က. . .။

"တော်ပါတော့ဗျာ. . . ဒီကောင်လေးက အခုမှ ဆယ့်





ကိုးနှစ်ပဲ ရှိသေးတာ။ သူ့အိပ်ချင်စိတ်ကို ဘယ်လိုလုပ်ပြီး ထိန်းတတ်မှာတဲ့လဲ"

လို့ ပြောလိုက်ပြီး အသံမထွက်အောင် သမ်းလိုက်ပါတယ်။ ပြီးတော့ အော့ဒင်ဟာ သင်္ဘောပြင်ပေါ်ကို လှဲချလိုက်ပြီး မျက်လုံးတွေကို မှိတ်ထားရင်း နွားသိုးကြီးတစ်ကောင်လို တရှူးရှူး အသံထွက်လို့ မကြာခင်မှာဘဲ အိပ်ပျော်သွားပါတော့တယ်။

သူတို့တစ်တွေဟာ မီးပုံနဲ့ မလှမ်းမကမ်း ဒီရေလွတ်ရာ သင်္ဘောပြင်ပေါ်မှာ ခြေပစ်လက်ပစ် လဲလျောင်းအိပ်စက်ကြပါတယ်။

အင်ဒါခင်လေးတစ်ယောက်တည်းပဲ သင်္ဘောပြင်ပေါ်မှာ ငုတ်တုတ်ထိုင်ရင်း အမှောင်ထုကြီးထဲကို ငေးကြည့်လို့ကင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေပါတယ်။

လှိုင်းလုံးတွေ တစ်လုံးပြီးတစ်လုံး ဆင့်ဆင့်ပြီး ရိုက်ခတ်တဲ့အသံ၊ မီးပုံဆီက ထင်းတွေရဲ့ တဖြစ်ဖြစ် မြည်နေတဲ့အသံနဲ့ အိပ်နေကြသူတွေဆီက ဟောက်သံတွေက လွဲပြီး ဘာသံကိုမှ မကြားရပါဘူး။

အင်ဒါဆင်ဟာ အမှောင်ထုကြီးထဲကို ထိုးဖောက်ကြည့်နိုင်အောင်လို့ အားစိုက်နေရတဲ့အတွက် တော်တော်ကလေးပဲ ပင်ပန်းနွမ်းနယ်လို့ လာပါတော့တယ်။

သူ့အခုရုံထဲမှာ ကျွန်းကလေးကိုမြင်ပြီး ခုတ်မောင်းသွားမယ့် သင်္ဘောတစ်စီးစီးကို ပုံဖော်ကြည့်ပေမယ့်လည်း တကယ်တမ်းကြတော့ မှိတ်တုတ်မှိတ်တုတ် ဖြစ်နေကြတဲ့ ကြယ်ကလေးတွေပဲ သူ တွေ့နေရပါတယ်။





စည်းချက်မှန်မှန်နဲ့ လှိုင်းရိုက်ပုတ်သံတွေက သူ့ကို ချော့သိပ်နေသလိုလို ဖြစ်နေလို့ သူဟာ အားတင်းပြီး ခေါင်းကို အတင်းကြီး ထောင်ထားတဲ့ကြားထဲက ခေါင်းက ဆတ်ခနဲ ငိုက်ကျသွားလိုက် ဖြစ်နေပါတယ်။

သူက ခေါင်းကို အားယူပြီး ပြန်ထောင်လိုက်၊ ခေါင်းက ငိုက်ခနဲ စိုက်ကျသွားလိုက်နဲ့ အင်ဒါဆင်အဖို့တော့ ဒီကိစ္စဟာ တိုက်ပွဲကြီးတစ်ခုကို တိုက်ခိုက်နေရသလိုပဲ ပင်ပန်းနွမ်းနယ်လို့ နေနေပါတယ်။ နောက်ဆုံးမှာတော့. . .

အင်ဒါဆင်ဟာ အားတင်းပြီး မတ်တတ်ရပ်ပစ်လိုက်ပါတယ်။ မီးသေလုနီးနီး ဖြစ်နေတဲ့ ထင်းပုံဆီကို သွားပြီး ထင်းတွေ ထပ်ဖြည့်လိုက်ပါတယ်။ ပြီးမှ နေရာကို သူပြန်လာပြီး ထိုင်ချလိုက်တဲ့အခါမှာ ပြန်ပြီးတော့ ငိုက်လာပြန်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငိုက်ခနဲ တစ်ကြိမ် အင်ဒါဆင် ဖြစ်အသွားမှာ. . .

ခမ်းအုပ်အုပ်နဲ့ ခဲခဲယဉ်းယဉ်းကြီးနဲ့ မောမောပန်းပန်းကြီး အသက်ကို လုပြီးတော့ ရှူရှိုက်နေတဲ့ အသံမျိုးကို သူကြားလိုက်ရလို့ ချက်ချင်း ခေါင်းထောင်ပေမယ့်လည်း ဒါဟာ သူတို့အုပ်စုထဲက တစ်ယောက်ယောက် အိပ်မက်ဆိုးတွေမက်ပြီး ကယောင်ကတမ်း ဖြစ်နေတဲ့အသံ ဖြစ်မှာပါလို့ သူ ထင်မှတ်လိုက်ပြီး ခဏအကြာမှာတော့ သူ့ဇက်ဟာ ကျိုးကျသွားပြီး မပျော်တစ်ဝက် ပျော်တစ်ဝက် ဖြစ်နေတုန်းမှာ. . .

အော့ဒင်ရဲ့ ကြင်နာတဲ့ မျက်နှာကို သူ မသဲမကွဲ တွေ့လိုက်ရပြီး သူ့ကို အော့ဒင်က သဲသောင်ပြင်ပေါ်ကို လှဲချပေးပြီး အိပ်တော့လို့ ပြောတယ်ထင်လိုက်မိတာကြောင့် သူလည်း စိတ်ကိုလျော့ချပစ်လိုက်ပါတော့တယ်။





အဲဒီနောက်မှာတော့ အင်ဒါဆင်တစ်ယောက် သဲသောင်ပြင်ပေါ်မှာ ကွေးကွေးကလေး နှစ်နှစ်ခြိုက်ခြိုက်ပဲ အိပ်ပျော်သွားပါတော့တယ်။

လှုပ်လှုပ်ရှားရှား အသံတွေကြောင့် အင်ဒါဆင့် နိုးသလိုလို မနိုးသလိုလို ဖြစ်နေတဲ့အချိန်မှာ လူတစ်ယောက်ဟာ သူ့ကို ကြမ်းကြမ်းတမ်းတမ်း လှုပ်ခါယမ်းနေလို့ အင်ဒါဆင့် စိတ်ထဲမှာ သင်္ဘောတစ်စီးက သူတို့ရဲ့ အချက်ပြမီးပုံကို တွေ့သွားလို့ သူ့ကို နှိုးနေတာပဲလို့ ထင်လိုက်မိပါတယ်။

ဒါပေမယ့် သူ မျက်စိကို ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ အော့ဒင် မျက်နှာကြီးက သူ့အပေါ် မိုးပြီး ကြောက်ရွံ့ထိတ်လန့်တဲ့ အမူအရာမျိုးနဲ့ ကြည့်နေတာကို မြင်လိုက်ရတာနဲ့ ထ,မယ်အလုပ်မှာ အော့ဒင်က တုန်လှုပ်ချောက်ချားနေတဲ့ အသံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့. . .။

"အဲလစ် အဲလစ် သေပြီကွ။ သူ့ကို အကောင်တစ်ကောင်က သူ့ကိုယ်ပေါ်ကို တက်ပြီး လည်ပင်းကို ကိုက်ဖောက်သွားတယ်။ သေပြီ သေပြီ၊ အဲလစ် သေပြီ"

အရုဏ်ထက် မနက်အလင်းရောင်အောင်မှာ. . .။

ရေစပ်နားမှာ လူတစ်ယောက် လဲနေတာကို တွေ့ရပြီး အနားမှာလည်း လူတွေ ဝိုင်းအုံပြီး ကြည့်နေတာကို အင်ဒါဆင် တွေ့လိုက်ရပါတယ်။

♛

လေး

ကာလပ်က ဟိုးအဝေးကြီးကို မျှော်ပြီး ငေးကြည့်နေပါတယ်။





ဒေါက်တာကင်ရှောက ငြိမ်သက်စွာနဲ့ လဲလျောင်းနေတဲ့ သူ့ကို စမ်းသပ်စစ်ဆေးလို့ နေနေပါတယ်။ ပြီးတော့မှ–

"ဒီလူ သေသွားပြီဗျ"

လို့ ပြောလိုက်ပါတယ်။ လင်ဒါက အလောင်းကို ငုံ့ကြည့်နေရာကနေ ကိုယ်ကိုဆန့်ထုတ်လိုက်တုန်း ဒေါက်တာကင်ရှောနဲ့ မျက်လုံးချင်းဆုံသွားပါတော့တယ်။

ဒေါက်တာကင်ရှောက လင်ဒါရဲ့မျက်လုံးတွေဟာ ကြောက်လန့်ပြီး မှုန်မှိုင်းနေတယ်လို့ ထင်လိုက်ပါတယ်။ ဒေါက်တာကင်ရှောကပဲ. . .

"ဟောဟို ပင်လယ်ထဲက မကောင်းဆိုးဝါး တစ်ကောင်ကြောင့် ဒီလူ သေရတာပဲထင်ပါတယ်။ ကိုင်း. ကျုပ်တို့အထဲက ဘယ်သူ အသုဘ အခမ်းအနား လုပ်တတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်ပါတယ်။

ဘယ်သူမှလည်း လုပ်တတ်တယ်လို့ မဖြေကြပါဘူး။

ဒါကြောင့်လည်း ဒေါက်တာကင်ရှောက ပင်လယ်ပြင်ဘက်ကို မေးငေါ့ပြလိုက်ပြီး

"ဒီတော့ ကျုပ်တို့ အဲလစ်အလောင်းကို ပင်လယ်ထဲမှာပဲ သဂြိုဟ်လိုက်ကြတာပေါ့ဗျာ။ ခင်ဗျားတို့အထဲက နှစ်ယောက်သုံးယောက်လောက်က လှေကိုသွားထုတ်ကြဗျာ၊ ခပ်လှမ်းလှမ်းလောက်အထိတော့ လှေက သွားလို့ရမှာပါ"

သူတို့ အဲလစ်အလောင်းကို ပင်လယ်ထဲ ပစ်ချသဂြိုဟ်ပြီးသွားလို့ ပြန်လာကြတဲ့အခါမှာ ရေက တော်တော်ကို စစ်သွားပြီဖြစ်လို့ ကျွန်းမြေသားတွေ ပေါ်လာတာကြောင့် သူတို့ဟာ ခပ်မြန်မြန် လှော်ခတ်ရင်း သောင်ပြင်ကို ရောက်တဲ့အခါမှာတော့





ဘယ်သူမှ စကားမပြောနိုင်ကြတော့ဘဲ ခြေပစ်လက်ပစ်နဲ့ သဲပြင်ပေါ် ထိုင်ချလိုက်ကြပါတော့တယ်။

လူတွေအကုန်လုံးဟာ စိတ်တွေ ကယောင်ချောက်ချားနဲ့ တိတ်တိတ်ဆိတ်ဆိတ်ပဲ ထိုင်နေလိုက်ကြတာ ဒီရေပြန်တက်လာတဲ့အထိပါပဲ။ အဲဒီလို ထိုင်နေကြတော့လည်း နည်းနည်းတော့ စိတ်သက်သာရာ ရသွားသလိုလိုပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် . . .။

ရေမျောထင်းတွေနဲ့ ဓာမာကောင်တွေကို ရှာဖွေကြဖို့ တာဝန်က ရှိနေကြသေးတော့ အေးအေးဆေးဆေး သူတို့ထိုင်နေလို့ မရကြတော့ပါဘူး။

အဲဒီနေ့အဖို့တော့ သူတို့တစ်တွေဟာ စိတ်ချောက်ချားစွာနဲ့ပဲ အချိန်တွေကို ကုန်လွန်စေခဲ့ကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့. . .။

ညအချိန်ကို ရောက်လာပြန်ပါတော့တယ်။

"ဒီညတော့ ကျုပ် ကြည့်ကင်းအလှည့်လို့ ထင်တယ်။ ကာလပ် ခင်ဗျားက ကျုပ် အလှည့်ပြီးရင် ညဥ့်နက်ပိုင်းစောင့်ရမှာနော်"

လင်ဒါက ငွေရောင်ခရုခွံကလေးကို သစ်တုံး အဆွေးကြီးပေါ် ထိုးစိုက်နေရင်းက ပြောလိုက်တော့ ကာလပ်ဟာ ကမာကောင်သားကို ရှုံ့ရှုံ့မဲ့မဲ့နဲ့ စားနေရင်းက သူ့ခေါင်းကို ညိတ်ပြလိုက်ပါတယ်။

ဒီလိုနဲ့ မိုးချုပ်သွားပါတော့တယ်။

လင်ဒါတစ်ယောက်တည်း မီးဖိုကြီးဘေးမှာ ထိုင်ရင်း မလုပ်စဖူး အလုပ်ကို လုပ်နေလေရဲ့။





လင်ဒါဟာ ဒူးထောက်ပြီး ဘုရားသခင်ကို ဆုတောင်းနေပါတယ်။ အမှောင်ထုကြီးကို ထိုးဖောက်ပြီး သင်္ဘောတစ်စီးစီးက မီးရောင်ကလေးကို သူ မြင်ရပါလို၏-လို့ပဲပေါ့။

အဲဒီအချိန်မှာ. . .။

လင်ဒါဟာ သူ့နောက်ကျောဘက်က လှုပ်ရှားသံတစ်သံကို ကြားလိုက်ရတယ်လို့ ထင်မိတာကြောင့် မီးဖိုက မီးအလင်းရောင် အားကိုးနဲ့ ကြည့်လိုက်မိပါတယ်။ တခြားတစ်ဖက်က ရှမ်းဆိုတဲ့ မြည်သံတစ်ချက် ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။

လင်ဒါဟာ မတ်တတ်ရပ်ရင်းနဲ့ အသံလာတဲ့ အရပ်ဆီကို ခြေနှစ်လှမ်း သုံးလှမ်းလောက် သွားပြီး ရပ်စောင့်ကြည့်နေပေမယ့်လည်း နောက်ထပ် ဘာသံမှ မကြားရတော့ပါဘူး။

သူဟာ လေးကန်တဲ့ ခြေလှမ်းတွေနဲ့ နေရာကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာခဲ့ပြီး ထိုင်ချလိုက်ပါတယ်။ ပန်းနုစ်ဖက်ကို တွန်း လိုက်ပြီး

"ဘာမှတော့ မဟုတ်နိုင်လောက်ပါဘူးလေ၊ ဒါပေမယ့် ငါ. . . ငါ. . . ကြောင်သွားပြီလား။ ငါ့လိုပဲ ဒေါက်တာကောင်ရှော သတိပြုမိပုံရတယ်။ ဟုတ်မှာပါ။ ငါတို့နှစ်ယောက်စလုံး ကြောင် တောင်တောင်တော့ ဖြစ်နေကြပြီ"

လို့ တိုးတိုးကလေး တစ်ယောက်တည်း ပြောနေမိပါ တယ်။

လင်ဒါဟာ သူ့တစ်ကိုယ်လုံးကို မလှုပ်ရှားမိအောင် သတိထား ထိန်းပြီး သူ့စိတ်တွေကို ပင်လယ်ဒီလှိုင်းရိုက်ခတ်သံတွေ ဆီကို မှိုပြီး သတိပြုမှတ်သားနေလိုက်ပါတယ်။ ကြာတော့ သူ ညှောင်းလာပါတော့တယ်။ ဒါနဲ့ပဲ သူဟာ မတ်တတ်ရပ်လို့ သမ်း





ဝေလိုက်ပြီး မီးဖိုကြီးနဲ့ မလှမ်းမကမ်းမှာ အိပ်နေကြတဲ့ သူ့လူ တွေဆီကို လျှောက်သွားလိုက်ပါတော့တယ်။

ညဉ့်နက်လာပြီလေ။

သူက အိပ်ပျော်နေတဲ့ သူတွေကို စိတ်နဲ့ ရေတွက်စစ် ဆေးကြည့်လိုက်ပါတယ်။

ကင်ရှော၊ အောဒင်၊ အင်ဒါဆင်၊ ရစ်တာ. . .။

"ဟင်. . . ဘယ်မှာလဲ ကလပ်"

သူက စိတ်ထဲကနေ အော်လိုက်တယ်။ ပင်လယ်ဘက် ကို တုန်တုန်လှုပ်လှုပ်နဲ့ သူ လှည့်ပြီး ချောင်းဆိုးလိုက်ပါတယ်။

"ကလပ်. . . ကလပ်. . . ကလပ် ဘယ်မှာလဲ"

သူ နောက်ထပ်တစ်ခါ သူ့လူတွေကို သူ သေသေချာ ချာ ရေတွက်စစ်ဆေးကြည့်လိုက်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကာလပ် ဒီအုပ်စုထဲမှာ မရှိတာ သေချာတယ်။

"ကာလပ်"

လင်ဒါက ခပ်တိုးတိုးအော်ပြီး ခေါ်လိုက်ပါတယ်။ သူ့အသံက တိတ်ဆိတ်နေတဲ့ ကျွန်းကလေးအပေါ် ပျံ့နှံ့လို့ သွားပါတော့တယ်။

"ကာလပ်"

သူက နောက်တစ်ကြိမ် ခပ်ကျယ်ကျယ် အော်ခေါ်လိုက်ပါတယ်။

သူ့ခေါ်သံကို တုံ့ပြန်ထူးမယ့်အသံ ပြန်မလာလို့ သူက နောက်တစ်ကြိမ် ထပ်ပြီးတော့ အသံကုန် အော်ဟစ်ပြီး ခေါ်ပစ်လိုက်ပါတယ်။ သူ့အသံကျယ်ကြီးကြောင့် အိပ်နေကြတဲ့လူတွေ အကုန်လုံး နိုးလာကြပါတော့တယ်။





"ဟိတ်ကောင်၊ မင်းက ဘယ်လိုအကောင်လဲကွ၊ မင်းကျန်တဲ့လူတွေ မနိုးအောင် ကာလပ်ကို မနှိုးနိုင်ဘူးလားကွ"

အော့ဒင်က စိတ်ဆိုးမာန်ဆိုးနဲ့ လင်ဒါ့ကိုကြည့်ပြီး အော်ပါတော့တယ်။

လင်ဒါရဲ့မျက်နှာဟာ မီးဖိုနဲ့ အလင်းရောင်ဖျော့ဖျော့လေးအောက်မှာ ညှိုးငယ်လို့နေနေပါတယ်။ လင်ဒါနဲ့ ဒေါက်တာကင်ရှောတို့ မျက်လုံးချင်း ဆုံသွားတဲ့အခါ ဒေါက်တာကင်ရှောရဲ့ မျက်လုံးထဲမှာ ထူးဆန်းတဲ့ အရိပ်အငွေ့တွေကို လင်ဒါ တွေ့လိုက်ရပါတယ်။

"ကာလပ် . . . ကာလပ်လေ၊ ကျုပ် ဒီလောက် အော်ခေါ်နေတာ မကြားလို့ဘဲလား မသိဘူး။ ကျုပ် သူ့ရဲ့ ပြန်ထူးတဲ့အသံကိုလည်း မကြားရဘူး။ ကာလပ်ရေ . . . ကာလပ် . . ."



www.burmeseclassic.com

www.burmeseclassic.com



လင်ဒါဟာ သွေးရူးသွေးတန်းနဲ့ အော်ဟစ်ခေါ်နေပေမယ့် လည်း ထူးသံက ထွက်ပေါ်မလာပါ။

"ခင်ဗျား ထင်တာက. . ."

အင်ဒါဆင် စကားတောင် မပြောတော့၊ ရပ်ပစ်လိုက် ပါတယ်။

သူ ဘာကိုဆိုလိုတယ်ဆိုတာ သူတို့အားလုံး သဘော ပေါက်ပြီးသွားပါ။

"ငါလည်း မပြောနိုင်ဘူး အင်ဒါဆင်၊ ကိုင်း. . .၊ ကိုင်း လင်ဒါရေ. . . သစ်သားစ တစ်ချောင်းကို မီးညှိလိုက်ဗျာ၊ ကျုပ်တို့ ကျွန်းတစ်ကျွန်းလုံးကို ပတ်ပြီး ရှာကြည့်ကြရအောင်"

ဒေါက်တာကင်ရှောက လေသံပျော့ကလေးနဲ့ ပြောလိုက် ပါတယ်။





အတော်ကလေး ခပ်လှမ်းလှမ်းနေရာမှာ. . .။

သူတို့အားလုံးဟာ ကလပ်ကို တွေ့လိုက်ကြရပါတော့ တယ်။

ဒါပေမယ့်. . .။

သူတို့တွေ့နေရတဲ့ ကလပ်ဟာ ဘာကိုမှ မြင်နိုင်စွမ်း မရှိတော့ပါဘူး။

ကလပ်ရဲ့ လည်ပင်းမှာ သွေးစတွေနဲ့. . .။

ကြောက်စရာကောင်းလွန်းလှပါတယ်။

ရစ်တာက သက်ပြင်းတစ်ချက် ချလိုက်ရင်း. . .။

"ကလပ်လည်း ခံသွားရရှာပြီ၊ ဘယ်လို သတ္တဝါက များ. . ."

"ဘယ်သူ့ဆီမှာ သေနတ်တစ်လက်လောက် ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါက်တာကင်ရှောက ရစ်တာ့စကား မဆုံးခင် ကြားဖြတ်ဝင်မေးလိုက်ပါတယ်။

ဒေါက်တာကင်ရှောနဲ့ လင်ဒါတို့ မျက်လုံးချင်း ဆုံသွားကြပါတယ်။ ဒေါက်တာက ချက်ချင်းပဲ မျက်နှာလွှဲပစ်လိုက်ပြီး သူ့စကားကို ဆက်ပြောလိုက်ပါတယ်။

"ကင်းသမားဆီမှာ သေနတ်တစ်လက် ရှိဖို့ကတော့ လိုအပ်နေပြီ။ ဒါမှ အိပ်နေကြတဲ့လူတွေကို အနီးကပ်စောင့်ရှောက်နိုင်မှာ"

ဘယ်သူ့ဆီမှာမှ သေနတ်မပါကြပါဘူး။ သေနတ်တင်မကပါဘူး၊ တခြား ကြီးကြီးမားမား လက်နက်ဆိုလည်း ဘာတစ်ခုမှ မရှိကြပါဘူး။ သူတို့ ကမာကောင် ခွဲတဲ့ မောင်းချမ်း တစ်လက်ပဲ ထွက်လာပါတယ်။





ဒီလိုနဲ့ သူတို့ဟာ ကလပ်ရဲ့အလောင်းကို အဲလစ်နည်းတူပဲ ပင်လယ်ထဲ သင်္ဂြိုဟ်လိုက်ကြပါတယ်။ လူနှစ်ယောက် လျော့သွားတဲ့အတွက် ညကင်းစောင့်ဇယားကို သူတို့ အသစ်ပြန်ဆွဲကြရပါတယ်။

အော့ဒင်နဲ့ ဒေါက်တာကင်ရှောတို့ ဒီကနေ့ညမှာ ကင်းစောင့်ကြရမှာ ဖြစ်ပါတယ်။ လင်ဒါက သစ်ခွေးတုံးကြီး ပြက္ခဒိန်မှာ ငွေရောင်ခရုံခွံတစ်ခုကို ထပ်ပြီးတော့ ထိုးစိုက်လိုက်ပါတယ်။

မောင်းချမ်း ဆောင်ထားတဲ့ အော့ဒင်က မီးဖိုကြီးဘေးမှာ ဒူးတုပ်ထိုင်ရင်း မီးပုံကိုကျော်လို့ ပင်လယ်ပြင်ထဲကို ငေးလို့ကြည့်နေပါတယ်။

အိပ်နေကြတဲ့ လူတွေဆီက နည်းနည်းကလေး လှုပ်ရှားသံ ကြားလိုက်ရတာနဲ့ သူက အပြင်းအထန် လှုပ်ရှားပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ စိတ်ကူးရင်း တောင်တောင်အီအီ စိုးရိမ်စိတ် တထင့်ထင့်နဲ့ ဟိုကြည့် ဒီကြည့် လျှောက်လို့ကြည့်နေပါတယ်။

ဒီလိုနဲ့ အကြိမ်ကြိမ် လျှောက်ကြည့်နေရင်းနဲ့. . .။

တစ်ကြိမ်မှာတော့ အိပ်နေကြတဲ့ လူတွေကြားထဲမှာ တစ်စုံတစ်ခုခု လှုပ်ရှားနေတယ်ဆိုတာကို အောင်ဒင် တွေ့လိုက်ရပါတော့တယ်။

ဒါနဲ့ သူ အော်ဟစ်ပစ်လိုက်ပါတော့တယ်။

သူ့က လေး ငါး ကိုက်လောက်အကွာ မှောင်ထဲကနေ ကြည့်နေရလို့ မသဲမကွဲ ဖြစ်နေတာပါ။

နောက်တော့မှ. . .။

အင်ဒါဆင် ချမ်းလို့ မတ်တတ်ထရပ်ပြီး မီးပုံဆီကို လာနေတယ်ဆိုတာကို အောင်ဒင် သိလိုက်ရပါတယ်။





ဒီတော့မှ အောင်ဒင်လည်း ပင်လယ်ပြင်ဘက်ကို မျက်နှာ ပြန်လှည့်လိုက်ပါတော့တယ်။ သူ့စိတ်ထဲမှာ ကျွန်းအနားကနေ ဖြတ်သွားတဲ့ သင်္ဘောတစ်စီးစီးကို သူ့ရဲ့ကင်းအလှည့်မှာ လွတ်ထွက်သွားမှာကို မလိုချင်ပါဘူး။ လွတ်သွားမှာကို မခံစားချင်ပါဘူး။

အဲဒီအချိန်မှာ. . .။

တော်တော်ကို မာကျောပြီး အတော်ကို သန်စွမ်းလှတဲ့ အရာတစ်ခုက သူ့လည်ပင်းကို ဖျစ်ညှစ်လာလို့ သူ အသံကုန် အော်ဟစ်လိုက်ပေမယ့်လည်း လည်ချောင်းထဲက အသံထွက်မလာဘဲ ဝူးဝူးဝါးဝါး အသံသေးသေးကလေးပဲ ထွက်ပေါ်လာပါတယ်။

တဖြည်းဖြည်းနဲ့ သူ့ရဲ့ကိုယ်ခန္ဓာဟာ အေးစက်နော့



www.burmeseclassic.com

www.burmeseclassic.com



သဲသောင်ပြင်ပေါ်ကို လဲကျသွားပါတော့တယ်။

အောင်ခင့်ရဲ့မျက်လုံးထဲမှာ ပတ်ချာလည်နေတဲ့ မီးပုံက အရောင်ကလေးဟာ တစ်စတစ်စနဲ့ မှိန်ဝါးသွားပြီးတော့ လုံးဝကို မည်းမှောင်သွားပါတော့တယ်။

♛

ငါး

မနက်အရုဏ်တက်ချိန်မှာ ဒေါက်တာကင်ရှော ပထမဦးဆုံး အိပ်ရာက နိုးလာလာချင်း သေနေတဲ့ မီးပုံကြီးအနားမှာ အောင်ခင့်ရဲ့ အလောင်းကို တွေ့လိုက်ရပါတော့တယ်။

အဲလစ်နဲ့ ကလပ်တို့လိုပဲ အောင်ခင့်ရဲ့ လည်ပင်းဟာ





ုင်ရက်စရာ မကောင်းလောက်အောင် ကြောက်စရာကွဲပြဲ စုတ်တ်သတ်လို့ နေပါတယ်။

ဒေါက်တာကင်ရှောက သူ့လူတွေကို လှုပ်နှိုးပြီးတော့ းလိုက်ပါတယ်။

လူတွေရဲ့ သေခြင်းတရားကို ဆန့်ကျင်တိုက်ခိုက်နေရတဲ့ ဆရာဝန်ဆိုတဲ့ ဂုဏ်နဲ့ မကိုက်ညီလောက်အောင်ဘဲ ကင်ရှောဟာ ကြောက်လန့်နေပါတယ်။ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ြစ်နေပြီး သူ့မျက်လုံးတွေကလည်း လည်နေကြလေရဲ့။

“လင်ဒါ. . . အောင်ခင်ကို ပင်လယ်ထဲက မကောင်းဆိုးးကောင်က သတ်တာ မဟုတ်ဘူး။ ဒီမှာကြည့်. . . တွေ့လား၊ သူ့လည်ပင်းက အတွင်းကြေဒဏ်ရာတွေ”

ကင်ရှောက ခြေတုန်လက်တုန်နဲ့ အောင်ခင်လည်ပင်းက



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေကို ပြလိုက်ပြီး သက်ပြင်းရှည်ကြီးတစ်ခုကို မှုတ်ထုတ်လိုက်ပါတယ်။

လင်ဒါက ကင်ရှောရဲ့ မျက်လုံးတွေကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ ပြီးတော့. . . ။

"ဟုတ်တယ် ဒေါက်တာ၊ အရင် အလောင်းတွေတုန်းကလည်း ကျုပ် သတိထားပြီး ကြည့်ခဲ့မိလို့ တွေ့ခဲ့ရတယ်။ ဒါကို ခင်ဗျားလည်း ကျုပ်လိုပဲ တွေ့ခဲ့တာပဲကိုး။ အင်း. . . ကျုပ်တော့ ရူးချင်လာပြီဗျာ"

လို့ လင်ဒါက ပြောလိုက်တဲ့အခါ ကင်ရှောဟာ အလံတိုင်ကို မြင်ပုံမရဘဲနဲ့ စိုက်လို့ကြည့်နေပါတယ်။ သူ့စိတ်ထဲမှာ အတွေးတွေနဲ့ ပြည့်နေတယ်နဲ့ တူပါရဲ့။

အမှန်တော့ ကင်ရှော စိတ်ထဲမှာ အခုလို တွေးနေတာ





ပါ။

"ငါ လင်ဒါ့ကို ပြောလိုက်ရရင် ကောင်းမလား။ ဒါပေမယ့် မသေချာဘဲ ပြောလိုက်ရင် ကြောက်စရာကောင်းတဲ့ နောက်ဆက်တွဲ ပြဿနာတွေ ဖြစ်လာလိမ့်မယ်"

"ဘာဖြစ်လို့လဲဟင်. . . အတွင်းကြေ ဒဏ်ရာဆိုတာ ဘယ်လိုဟာကို ပြောတာလဲ"

အင်ဒါဆင်က ဒေါက်တာကင်ရှော မျက်နှာကို ကြည့်၊ လင်ဒါ့မျက်နှာကို ကြည့်လိုက် လုပ်ရင်းကနေ မေးလာပါတော့တယ်။ လင်ဒါက စိတ်မရှည်တဲ့ပုံစံမျိုးနဲ့။

"လက်ချောင်းရာတွေပေါ့ကွ၊ လက်ချောင်းရာတွေ၊ ဟိုမှာ မတွေ့ဘူးလား"

လို့ တုံးတိတိကြီး ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီးတော့. . . လည်ပင်းမှာ လှူသွားနဲ့ ကိုက်ပြီး ဖောက်ထားတဲ့ အပေါက်ရာတွေ တွေ့ရတယ်"

လို့ ဆက်ပြောလိုက်တဲ့အခါမှာတော့ အင်ဒါဆင်ဟာ ပြာပြာသလဲ ဖြစ်သွားပြီး. . .။

"ဒါ. . . ဒါ. . . ဒါဆို အဲဒါဟာ လူသားစားတဲ့ လူရိုင်းတွေ"

အင်ဒါဆင်က ကြောက်လန့်တကြားဖြစ်ပြီး သူ့မျက်နှာ တစ်ခုလုံးဟာ ပြာနှမ်းနှမ်း ဖြစ်သွားပါတော့တယ်။

"ငါ သိရသလောက်ကတော့ ဟောဒီကျွန်းပေါ်မှာ သင်္ချိုင်း ရှိဆိုလို့ ငါတို့ကလွဲပြီး တခြား ဘယ်သူမှ မရှိဘူး"

လင်ဒါက စကားကိုဖြတ်လိုက်ပြီး ကျန်တဲ့ လူသုံး ယောက်ကို တစ်ယောက်စီ ကြည့်လိုက်ပြီးမှ. . .။





"ဒီတော့ ငါတို့အထဲက တစ်ယောက်ယောက်က လုပ် နေတာပဲပေါ့"

ဒေါက်တာကင်ရှောက ပခုံးတစ်ချက် တွန့်လိုက်ရင်း သက်ပြင်းတစ်ချက်ချလို့ ပင်လယ်ဘက်ဆီကို ငေးကြည့်နေပါ တော့တယ်။ အင်ဒါဆင်ကတော့ တုန်လှုပ်ချောက်ချားစွာနဲ့ လင် ဒါ့မျက်နှာကို ကြည့်နေပါတယ်။

အဲဒီအချိန်မှာ ရစ်တာက ဒေါသတကြီးနဲ့. . .။

"ငါတို့အထဲက တစ်ယောက်ယောက်က လုပ်နေတာ ဟုတ်လား။ လင်ဒါ မင်း အရူးပဲ။ ကိုင်း. . . ဟုတ်ပြီ အဲဒီလူက ဘယ်သူလဲ ငါလား။ အေး. . . ငါကတော့ လူအတော်များများကို မြေကြီးပေါ် လဲကျသွားအောင် ထိုးခဲ့ဖူးတယ်။ ဒါပေမယ့် ဒီပုံစံ မျိုးတော့ စိတ်ကူးထဲကတောင်မှ မထည့်ထားဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



အင်ဒါဆင်က တုန်တုန်ရင်ရင်နဲ့. . .။

"မဟုတ်ဘူး. . . မဟုတ်ပါဘူး။ ဒါ. . . ဒါဟာ လူလုပ်တာ မဟုတ်ဘူး။ စဉ်းစားတောင် မစဉ်းစားရဲလောက်အောင် ကြောက်စရာကောင်းလှတဲ့ ဒီလိုကိစ္စကို ဘယ်သူက လုပ်မှာတဲ့လဲဗျ"

လို့ ဝင်ပြောပါတယ်။

အဲဒီအခါမှာ ဒေါက်တာကင်ရှောက. . .။

"ဒီမှာ ကောင်ကလေးရဲ့ ဒီကိစ္စကို ကျူးလွန်းတဲ့လူတစ်ယောက်ဟာ သူ့ရဲ့ ပင်ကိုယ်မူမှန်နေတဲ့ စိတ်ဓာတ်နဲ့ အခြေအနေမဟုတ်ဘူး။ သိပ်ပြီးတော့ ဆာလောင်မွတ်သိပ်ပြီးတော့ မထိန်းနိုင် မသိမ်းနိုင်လောက်အောင်ကို အစားအစာကို တောင့်တနေတဲ့ အခါမျိုးမှာရယ်၊ ကြောက်စရကောင်းလောက်အောင် သေခြင်းတ





ရားနဲ့ စဉ်ဆက်မပြတ် ရင်ဆိုင်နေရတဲ့ အခါမျိုးမှာရယ် ရှိနေမယ်ဆိုရင် ဒီလို ကြောက်စရာ ရွံ့စရာကောင်းလောက်တဲ့ အဖြစ်ဆိုးတွေ၊ အပြုအမူတွေကို ကျူးလွန်တတ်ကြတယ်။ အဲဒါ စိတ်ရောဂါပဲ။

ဟိုး အရင်တုန်းကတော့ ဒါကို ဘီလူး သရဲ စီးတယ်လို့ ခေါ်ခဲ့ကြတယ်။ သူတို့ကိုယ်ထဲကို မကောင်းဆိုးဝါး ဝင်ပူးနေပြီဆိုရင်တော့ လူစိတ်ပျောက်ပြီး ဘာကိုမှလည်း သတိမရတော့ဘူး။ ဒီလို ပူးကပ်နေတာမျိုးက ညဘက်ကျမှ ဖြစ်တာရယ်၊ အပူးခံခဲ့ရတဲ့လူက ဘာမှ မမှတ်မိတော့တာရယ်ကြောင့် ငါတို့မှာ သဲလွန်စ ပျောက်နေတော့တာပေါ့"

"တော်တော့်ကို ကြောက်စရာ၊ ရွံ့စရာကောင်းလိုက်တာဗျာ။ ဒါဆိုရင် ကျွန်တော်ပဲဖြစ်နေမလား။ ဒါဆို ဘယ်နှယ့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမလဲ၊ ဘယ်လိုလုပ်ကြမလဲ''

အင်ဒါဆင်က ကြောက်လွန်းလို့ ပြောရင်းနဲ့ ငိုပါတော့တယ်။

ဒေါက်တာကင်ရှောက အင်ဒါဆင့် ပခုံးပေါ်ကို သူ့လက်အသာတင်လိုက်ပြီး ကြင်နာတဲ့အသံနဲ့. . .။

''ကဲ. . . လူကလေး၊ မင်းစိတ်ကို တည်တည်ငြိမ်ငြိမ်ထားလိုက်၊ စိတ်မဆင့်ရဲအောင်နေ၊ ဒီအကြောင်းကိုလည်း တွေးမနေနဲ့တော့၊ ငါတို့အထဲက တစ်ယောက်ယောက်ကို မကောင်းဆိုးဝါး ဝင်ပူးနေလို့ ဖြစ်တာဆိုတော့ ငါတို့တစ်ယောက်ကိုတစ်ယောက် စောင့်ကြည့်နေကြဖို့ပဲ ရှိတော့တယ်။ စက္ကန့်မလပ်အောင်ကို စောင့်ကြည့်ကြရမယ်''

အဲဒီညအဖို့ ကင်းစောင့်ပြဿနာ မရှိတော့ဘဲ ဘယ်သူ





မှ မအိပ်ရဲကြလို့၊ အိပ်ချင်တဲ့စိတ်လည်း ဘယ်သူမှ မရှိကြတာနဲ့ အားလုံး မီးပုံကြီးဘေးမှာ ဝိုင်းထိုင်နေကြပြီး ငြိမ်သက်လို့နေကြပါတယ်။

အပြင်ပန်းအနေနဲ့ တိတ်ဆိတ်ငြိမ်သက်နေပေမယ့်လည်း လူတိုင်းရဲ့ ရင်ထဲမှာတော့ အပူမီးတွေကိုယ်စီ ကိုယ်ငှနဲ့။

ဘယ်သူများ ထပြီး လူသတ်လိုက်မလဲ။

ကိုယ်ကိုယ်တိုင်ပဲ ထပြီး လူသတ်လိုက်မိလေမလား။

လို့ လူတိုင်း တွေးနေကြပါတယ်။

အဲဒီအချိန်မှာ. . .။

ရစ်တာဟာ သဘောမြုပ်တဲ့အချိန်က အကျႌထဲမှာ မေ့ပြီးထည့်ထားမိခဲ့တဲ့ အံစာတုံးလေး နှစ်တုံးကို သတိရသွားလို့ အကျႌအိတ်ထဲကနေ ထုတ်ယူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ ကျောက်စရစ်ခဲတွေကို ပိုက်ဆံလုပ်ပြီး သူတို့ အံစာ ခေါက်ကြတာ ခဏလောက်တော့ သူတို့ ခံစားနေရတဲ့ ကြောက်ခြင်း ဝေဒနာဟာ မေ့လျော့ သက်သာသွားပါတော့တယ်။

ညသန်းခေါင်လောက်မှာတော့. . .။

ကျွန်းကလေး အနားကနေ သင်္ဘောတစ်စင်း ဖြတ်မောင်းသွားတာကို မီးရောင်လှမ်းမြင်လိုက်ရလို့ သူတို့လူစုဟာ အသံကုန်ဟစ်အော်ပြီး ခေါ်တဲ့လူက ခေါ်၊ မီးပုံကြီးကို ထင်းထပ်ဖြည့်တဲ့လူက ဖြည့်၊ ကျောက်ခဲတစ်ခုနဲ့တစ်ခု ထုပြီး အသံပေးနဲ့ ပျာယာခတ်ကုန်ကြပါတော့တယ်။

ဒါပေမယ့် သင်္ဘောကတော့ သူတို့ ဒီကျွန်းကလေးအပေါ်မှာ ရှိနေတယ်ဆိုတာကို ဘယ်လိုမှ မသိလို့ ဆက်ပြီး ခုတ်





မောင်းသွားပါတော့တယ်။

သူတို့တစ်တွေလည်း သွေးပျက်မတတ် စိတ်ဓာတ်တွေကျပြီး ကျွန်းပေါ်မှာ သွေးရူးသွေးတန်းနဲ့ လျှောက်ပြေးနေကြပါတော့တယ်။

ငိုကြ၊ ဆဲရေးကြ၊ ကျိန်ဆဲကြနဲ့ ဝရုန်းသုန်းကား ဖြစ်နေလိုက်ကြတာ ဒေါက်တာ ကင်ရှော့က သတိပေးလိုက်တော့မှပဲ အားလုံး ငြိမ်သွားကြပါတော့တယ်။ ဒေါက်တာကင်ရှော့က သူတို့တစ်တွေကို ရေစပ်မှာ လဲကျနေတဲ့ အရာတစ်ခုကို လက်ညှိုးထိုးပြလိုက်ပြီး. . .။

''တွေ့ကြရဲ့လား၊ အဲဒါ အင်ဒါဆင်ပဲ၊ သနားစရာကောင်းလိုက်တဲ့ ကောင်ကလေးပဲ''

လို့ ပြောလိုက်ချိန်မှာ သူတို့သုံးယောက်ဟာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုတစ်ယောက် အပြန်အလှန်ကြည့်ကြပါတော့တယ်။ ဒေါက်တာ ကင်ရှောက. . .။

"ကျုပ်ကို ခင်ဗျားတို့အထဲက တစ်ယောက်ယောက်ကများ သိတိထားကြည့်မိကြရဲ့လား"

လို့ မေးလိုက်ပါတယ်။

လင်ဒါနဲ့ ရစ်တာတို့ နှစ်ယောက်စလုံးက ခေါင်းခါပြကြပါတယ်။

သဘောဖြတ်သွားလို့ သူတို့တစ်တွေ သွေးပျက်သလို ဖြစ်သွားတဲ့အချိန်မှာ သူတို့အပေါ်မှာ စီးမိုးထားတဲ့ သေဘေးအန္တရာယ်ကြီးကို ခေတ္တမေ့လျော့သွားကြတာပဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ. . .။

လင်ဒါက ရစ်တာ့ရှပ်အင်္ကျီပေါ်က အညိုကွက်ကွက်တစ်





ကွက်ကို လက်ညှိုးထိုးပြလိုက်တဲ့အခါမှာ ဒေါက်တာကင်ရှောက ခုန်ပြီး ရစ်တာ့လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပါတယ်။ ရစ်တာ့မျက်နှာဟာ သေလုနီးပါးလူလို ဖြူဖပ်ဖြူရော်ကြီး ဖြစ်သွားပါတော့တယ်။

ပြီးတော့ ဂူးဝါး ဂူးဝါး မပီမသအသံနဲ့. . .။

"မင်းတို့ ဆိုချင်တာက ငါလုပ်တယ်ပေါ့ ဟုတ်လား။ ဘယ်လိုမှ မဖြစ်နိုင်. . ."

ရစ်တာ ဆက်မပြောနိုင်ဘဲ ဖြစ်နေပါတယ်။

လင်ဒါက ရစ်တာရဲ့ ညာဘက်လက်မောင်းကို ဆုပ်ကိုင်ထားရင်းကနေ သူ့ရှပ်အင်္ကျီပေါ်က အညိုရောင်အကွက်ကို လက်ညှိုးနဲ့ ထောက်ပြပြီး

"ရစ်တာ ခင်ဗျား အင်္ကျီပေါ်က အကွက်ဟာ သွေးကွက်



www.burmeseclassic.com

www.burmeseclassic.com



ပဲဗျ။ ဒါ ပထမဦးဆုံး ကျန်ခဲ့တဲ့ သဲလွန်စပဲ။ ဒါ သွေးစွန်းနေတာ။ အင်ဒါဆင့်ကို ခင်ဗျား. . . ခင်ဗျား''

''ခက်တော့ ခက်နေပြီ။ ဟောဒီမှာ ကျုပ် ရင်ဘတ်ကို ကြည့်လိုက်၊ ထင်းသယ်တုန်းက ခြစ်မိသွားတဲ့ ဒဏ်ရာ။ ခင်ဗျားတို့ ကျုပ်ကို လူသတ်ခဲ့တယ်လို့ မထင်ကြနဲ့''

ဒေါက်တာ ကင်ရှောက ရစ်တာ့စကား အဆုံးမှာ. . .။

''ကျုပ်တို့ ဒီတစ်ခါတော့ ပေါ့တီးပေါ့ဆ နေလို့မဖြစ်တော့ဘူး ရစ်တာ။ ခင်ဗျားကို သင်္ဘောတစ်စီး မလာမချင်း ကြိုးနဲ့ တုပ်ထားရလိမ့်မယ်''

လို့ ပြောလိုက်တော့ ရစ်တာဟာ သူတို့နှစ်ယောက်ကို စိတ်ပျက်ဝမ်းနည်းစွာနဲ့ ကြည့်နေပါတော့တယ်။ ပြီးတော့မှ. . .။

''အဲဒီလိုတော့ မလုပ်ကြပါနဲ့ဗျာ။ ခင်ဗျားတို့လည်း ဘာ





မှ တိတိကျကျ သိကြတာလည်း မဟုတ်ဘဲနဲ့။ အခုလို လုပ်တော့ကော မကောင်းဆိုးဝါက ငြိမ်နေမှာတဲ့လား''

လင်ဒါနဲ့ ဒေါက်တာ ကင်ရှောတို့က ရစ်တာရဲ့ လက်နဲ့ ခြေတွေကို ခါးပတ်တွေနဲ့ ချည်နှောင်လိုက်ကြပြီး ကျောက်စွန်းတစ်ခုမှာ ချုပ်ထားလိုက်ပါတော့တယ်။ ရစ်တာကတော့ သူ့ကို ဒီလိုမလုပ်ကြဖို့ အမျိုးမျိုး တောင်းပန်နေပေမယ့်လည်း သူတို့က ရစ်တာ့ အသနားခံချက်ကို နားမထောင်ကြတော့ပါဘူး။

ဒီတစ်ညတော့ ဘေးကင်းရန်ကင်းနဲ့ ကောင်းကောင်းကြီး အိပ်ကြရတော့မှာမို့ သူတို့နှစ်ယောက်စလုံး စိတ်လက်ပေါ့ပါးသွားကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်

မနက်မိုးလင်းတဲ့အခါမှာတော့. . .။

ဒေါက်တာကင်ရှောနဲ့ လင်ဒါတို့နှစ်ယောက် အပေါ်မှာ ပိုပြီးတော့ ကြီးမားလှတဲ့ အကြောက်တရားကြီးက ဝင်ရောက်တိုက်ခိုက်ထိုးနှက်ပါတော့တယ်။

ရစ်တာဟာ ကြိုးတုပ်ရက်တန်းလန်းကြီးနဲ့ သနားစဖွယ် ကလေးတစ်ယောက်လိုမျိုး အသက်ပျောက်နေပြီး ငါးယောက်မြောက်သားကောင် ဖြစ်သွားတာကို တွေ့လိုက်ကြရပါတယ်။

တခြားလူတွေရဲ့ အလောင်းတွေလိုပဲ သူ့မျက်စိဟာလည်း ပွင့်လျက်သားနဲ့ လည်ပင်းမှာလည်း သားရဲကောင်တစ်ကောင် ကိုက်ဖောက်ထားသလိုမျိုး ပွင့်လို့နေပါတယ်။

လင်ဒါက ကင်ရှောရဲ့ အေးစက်တဲ့အကြည့်ကို ခံလိုက်





ရတဲ့အတွက်. . .။

"ကိုင်း. . . ဒေါက်တာ၊ ပြဿနာကတော့ ခင်ဗျားနဲ့ ကျုပ်တို့ရဲ့ နှစ်ယောက်ကြားထဲမှာပဲ ရှိနေပြီ"

လို့ ပြောလိုက်တဲ့အခါမှာ ဒေါက်တာကင်ရှောရဲ့ မျက်နှာ ဟာ စိုးရိမ်ကြောက်လန့်တဲ့ အရိပ်အယောင်တွေ ပေါ်ထင်လို့ လာပါတော့တယ်။ ကင်ရှောက နှုတ်ခမ်းကို တွန့်လိုက်ပြီး. . .။

"အင်း. . . တွေးတောင်မှ မတွေးရဲလောက်စရာပဲဗျို့။ ကျုပ်တို့နှစ်ယောက် ရှိတဲ့အထဲက တစ်ယောက်ယောက်မှာ မကောင်းဆိုးဝါး ဝင်ပူးနေပြီဗျ။ ကျုပ်ကိုလား. . . ခင်ဗျားကိုလား"

အဲဒီအခါမှာ လင်ဒါက ကင်ရှောရဲ့ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်ပြီး

"ဒီမှာ ဒေါက်တာ၊ စိတ်ကို တည်တည်ငြိမ်ငြိမ်နဲ့ အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ထားစမ်းပါဗျာ။ အဲဒီ အစွဲအလမ်းဆိုးကြီး ခေါက်တာ့ခေါင်းထဲကို အဝင်မခံစမ်းပါနဲ့။ တခြားဖြစ်နိုင်စရာ အကြောင်းတွေလည်း ရှိနေနိုင်တာပဲ။ ကျုပ်တို့ မတွေ့နိုင်တဲ့ လိုဏ်ဂူတစ်ခုခုထဲမှာ တစ်ယောက်ယောက် ပုန်းအောင်နေနိုင်တယ်ဆိုရင်ကော"

လင်ဒါက ပြောမယ့်သာ ပြောလိုက်ရတယ်။ သူတို့နှစ်ယောက်စလုံး စိတ်ထဲမှာတော့ နေရာလပ် မကျန်လောက်အောင် ဒီရေအတက်အကျကြောင့် ပုန်းအောင်းနေမယ်လို့ ထင်ရတဲ့ သတ္တဝါဟာ မလွဲမသွေ ရေနစ်သေဆုံးရမှာဖြစ်တယ်ဆိုတာ ထုတ်မပြောဘဲ သိနေကြပါတယ်။

♛

ခုနစ်

နေ့ကတော့ ကုန်ဆုံးသွားပါပြီ။





မကြာခင် ညရောက်လာပါတော့မယ်။

သူတို့နှစ်ယောက်စလုံးဟာ ညရောက်မှာကို တော်တော့်ကို ကြောက်နေကြပါတယ်။ ဒီရေတက်လာလို့ သူတို့နှစ်ယောက်သား ရေမျော သစ်တိုသစ်စတွေကို လိုက်ကောက်ယူပြီး ကမာကောင်တွေကိုပါ ရွှံ့ထဲမှာ တူးဆွလို့ နိုက်ယူကြရပါတယ်။

အဲဒီကိစ္စတွေ ပြီးသွားတော့ သူတို့နှစ်ယောက်ဟာ စကားတွေကို အမျှင်မပြတ်အောင် တရစပ် ပြောနေကြတယ်လေ။ ခဏလောက် စကားပြောတာကို ရပ်လိုက်တာနဲ့ တိတ်ဆိတ်မှုက လွှမ်းမိုးလာလို့ အဲဒီ တိတ်ဆိတ်မှုကိုပဲ ကြောက်စရာအဖြစ် သူတို့နှစ်ယောက် ခံစားလိုက်ကြရတာမို့ စကားကို အမျှင်မပြတ်ရအောင် ထပ်ပြီးတော့ တရစပ် ပြောနေကြရပြန်ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နေလုံးကြီး ဝင်သွားပါပြီ။

အသက်ရှင် ကျန်နေရစ်ခဲ့ကြတဲ့ လူသားနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် မျက်ခြည် အပြတ်မခံကြဘဲ အပြန် အလှန် ကြည့်နေကြရင်းနဲ့ပဲ ကြောက်စိတ်တွေက များသထက် ပိုပြီး များပြားလာကြပါတော့တယ်။

ဒေါက်တာကင်ရှောက

"ကျုပ် ထင်းတွေတော့ စုပုံပြီးသွားပြီ။ ဒြော်. . .ဒါ ထက် ဟိုနားက ကမာကောင်တွေကို ခွဲလိုက်ရမလား လင်ဒါ"

လို့ ပြောလိုက်တော့ လင်ဒါက ခေါင်းညိတ်ပြလိုက်ပြီး သူ့အိတ်ထဲက မောင်းချခါးကို ထုတ်လို့ ဒေါက်တာကင်ရှောကို ပစ်ပေးလိုက်ပါတယ်။

အဲဒီခဏလေး အတောအတွင်းမှာ ဖြစ်ပျက်သွားလိုက်





တဲ့ အဖြစ်အပျက်ကတော့. . .။

မြန်ဆန်လွန်းလှလို့ လင်ဒါ ကြည့်လို့တောင်မှ မမီလိုက် ဘူး ဖြစ်သွားပါတယ်။

ဒေါက်တာကင်ရှောဟာ မြွေတစ်ကောင်ရဲ့ လျှင်မြန်မှု မျိုးနဲ့ လင်ဒါ ပစ်ပေးလိုက်တဲ့ မောင်းချခါးကို သူ့ဘယ်ဘက် လက်နဲ့ ဖမ်းယူလိုက်ပြီး ဆတ်ခနဲ ဓားကို ဖွင့်လိုက်လို့ သူ့ညာ ဘက်က လက်ကောက်ဝတ်သွေးကြောကို လှီးဖြတ်ပစ်လိုက်ပြီး လက်ပြောင်းလို့ ဘယ်ဘက်လက်ကောက်ဝတ်က သွေးကြောကို ပါ လှီးဖြတ်ပစ်လိုက်ပါတော့တယ်။

နီနီရဲတောက်နေတဲ့ သွေးတွေဟာ ကင်ရှော ရပ်နေတဲ့ သဲသောင်ပြင်ပေါ်ကို ပွဲနှံ့ပြီး ကျသွားကုန်ကြပါတယ်။

"လင်ဒါ ကျုပ်လေ ဒီလောက် ဒီလောက် ကြောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ဒဏ်ကို မခံစားနိုင်တော့ဘူးဗျာ''

–လို့ ပြောမှ လင်ဒါ သတိပြန်ဝင်လာပါတယ်။ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပဝါကို လင်ဒါက ဆွဲထုတ်လိုက်ပြီး ဒေါက်တာကင်ရှောရဲ့ သွေးတွေထွက်နေတဲ့ ဒဏ်ရာကို ချည်နှောင်ပေးဖို့ ပြင်ဆင်လိုက်တဲ့အခါမှာ ကင်ရှောက. . .

''မလုပ်နဲ့တော့ လင်ဒါ၊ မလုပ်နဲ့တော့။ ခင်ဗျား လုပ်ပေးလို့လည်း ဘာမှအကြောင်းထူးမှာ မဟုတ်တော့ဘူး။ ကျုပ်ရဲ့ သွေးလွှတ်ကြောတွေ ပြတ်ကုန်ကြပြီ။ ဒီနည်းနဲ့ သေရတာဟာ ဟို လည်ပင်းမှာ အပေါက်ကြီးဖြစ်ပြီး သေရတာထက်စာရင် သက်သာတယ်။ သိပ်ပြီးတော့ မခံစားရဘူး''

လို့ ပြောလာသော လင်ဒါဟာ သူ့နဖူးက ချွေးတွေကို သုတ်လိုက်ရင်း. . .။





''ခင်ဗျား သိပ်မိုက်တာပဲ ဒေါက်တာ။ ခင်ဗျား ဘာပြုလို့ ဒီလိုလုပ်ရတာတုန်း။ ဒီဒုက္ခကြီးထဲက လွတ်ဖို့ တခြားနည်းလမ်းတွေ ရှိဦးမှာပေါ့''

ကင်ရှောက ခေါင်းခါပြပါတယ်။ ပြီးတော့. . .။

''ဒီတစ်နည်းပဲ ထွက်ပေါက်ရှိတော့တယ် လင်ဒါ။ ကျုပ် သိသလို ခင်ဗျားလည်း သိပါတယ်ဗျာ''

ကင်ရှော နှလုံးတစ်ချက် ခုန်လိုက်တိုင်း ဒဏ်ရာက သွေးတွေ ပန်းပန်းပြီး ထွက်လာလို့ တဖြည်းဖြည်း အားနည်းလာပြီး အသက်ရှူရခက်လာပါတော့တယ်။ အဲဒီမှာပဲ ကင်ရှောဟာ သဲသောင်ပြင်ပေါ်ကို လဲကျသွားပါတော့တယ်။

''ကျုပ် ဆက်ပြီးတော့ သည်းမခံနိုင်တော့ဘူး လင်ဒါရဲ့။ မကြာခင်မှာ ခင်ဗျားနဲ့ကျုပ် တစ်ယောက်ယောက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို မကောင်းဆိုးဝါး ဝင်ပူးနေသလဲဆိုတာ သိရတော့မယ်။ အဲဒီအသိနဲ့ ကျုပ် နောက်ဘဝကို မသွားချင်ဘူး။ ကျုပ်ဘာမှမသိရဘဲနဲ့ သေချင်တယ်။ ဒီတော့ ကျုပ်ဟာ ကျုပ်ဟာ နောက်ဆုံးလူ. . . နောက်ဆုံးဖြစ်. . .''

ကင်ရှော စကားကိုဆုံးအောင်တောင် မပြောနိုင်တော့ဘဲ အသက်ထွက်သွားပါတော့တယ်။

♛

ရှစ်

ဒေါက်တာကင်ရှော ဆုံးသွားတဲ့အချိန်မှာပဲ. . .။

လင်ဒ့ါနားထဲမှာ ကြားနေကျ အသံတစ်သံဟာ တိတ်ဆိတ်မှုကို ဖောက်ထွင်းလို့ ပေါ်ထွက်လာနေပါတယ်။





သဘော်တစ်စီးမှာ တပ်ဆင်ထားတဲ့ မီးလုံးတွေကို သူတွေ့လိုက်ရပါတယ်။

အဲဒီ သဘော်ဟာ သူရှိနေရာ ကျွန်းဆီကို ဦးတည်ခုတ်မောင်းလို့ လာနေပါတယ်။

လင်ဒါက ဒေါက်တာကင်ရှောကိုရော၊ သူ့လူတွေအကုန်လုံးကိုပါ မေ့သွားတဲ့အထိ ရူးသွားသလိုမျိုး ပျော်ရွှင်သွားပါတော့တယ်။

သူက ကမန်းကတန်း အချက်ပြ မီးပုံကြီးကို ဆွဲဖြီး ထင်းတွေကို ထပ်ထည့်လိုက်ပါတယ်။ ထင်းတွေက နေပူရှိန်ပြင်းပြင်း ရထားခဲ့ကြလို့ ခြောက်သွေ့နေတာမို့ မီးအလင်းရောင်တောက်ကောင်းကောင်း အရှိန်မြင့်သွားပါတော့တယ်။

လင်ဒါက အသံကုန် အော်ဟစ်ပြီး ခေါ်နေမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှစ်ဖက်စလုံးကို ဝှေ့ယမ်းပြီး အလံတိုင်က အကျီကို ဖြုတ်လို့ လှုပ်ခါယမ်းပြလိုက်ပြန်ပါတယ်။ ရှူးမတာဘဲ စိုးရိမ်စိတ်နဲ့ ခါးစောင်းလောက်အနက်ရှိတဲ့ ပင်လယ်ရေထဲ လျှောက်သွားနေပြန်ပါတယ်။

(တကယ်တော့ နေရောင် ရှိနေတုန်းက လင်ဒါတို့ လွှင့်ထူထားတဲ့ အကျီကို မြင်တွေ့ခဲ့ရတဲ့ သင်္ဘောအရာရှိတွေဟာ လင်ဒါ ရှိတဲ့ ကျွန်းဆီကို လှေတစ်စင်း လွှတ်လိုက်ပြီဖြစ်ပါတယ်။)

လင်ဒါဟာ ဒေါက်တာကင်ရော ရှိတဲ့ဘက်ကို ပြန်လှည့်ပြေးလာပြီး ဝမ်းပန်းတနည်းနဲ့ ငိုရှိုက်လိုက်ရင်း အလောင်းကို လှုပ်လှုပ်ပြီး နှိုးနေပါတော့တယ်။

"ဒေါက်တာရေ. . .ထ. . .ထ၊ ဟိုမှာ ကျုပ်တို့ကို ကယ်မယ့်လူတွေ လာနေကြပြီဗျ"





လို့ အော်ဟစ်ပြောဆိုနေပါတော့တယ်။

ဒေါက်တာကင်ရော ခမျာမှာတော့ လင်ဒါ့အသံကို မကြားနိုင်တော့ပါဘူး။ သူ့ညာဘက် လက်ထဲမှာ လင်ဒါရဲ့ မောင်းချခါးကို ဆုပ်ကိုင်ရင်း အသက်မဲ့လို့ နေနေပါပြီ။

လင်ဒါ စိတ်နည်းနည်းငြိမ်သွားတဲ့အခါမှာ ဖြစ်ခဲ့သမျှ အကြောင်းတွေကို ပြန်ပြီး စဉ်းစားမိသွားတဲ့အခါမှာ ကြောက်စိတ်တွေ တရိပ်ရိပ် ပေါ်လာပါတော့တယ်။

စောစောတုန်းက ကယ်မယ့်လူတွေကို လှမ်းမြင်လိုက်ရလို့ ပျော်နေတဲ့ အပျော်တွေ ဘယ်ပျောက်ကုန်မှန်းမသိ ဖြစ်သွားပါတော့တယ်။

သူ့ခြေရင်းမှာ လဲကျနေတဲ့ ဒေါက်တာကင်ရော။

ဒါမှမဟုတ်. . .။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ဟာ လူငါးယောက်ကို သတ်ခဲ့တဲ့ တရားခံ တစ်ယောက်ယောက် ဖြစ်နိုင်ပါတယ်။ အဲဒီ လူငါးယောက်ရဲ့ လည်ပင်းကို သားရဲတစ်ကောင် ကိုက်ဖောက်သလိုမျိုး ရက်ရက် စက်စက် ကိုက်ဖောက်သတ်ဖြတ်ခဲ့တဲ့လူဟာ. . .။

ဒေါက်တာကင်ရှောလား။

ဒါမှမဟုတ်. . .။

သူကိုယ်တိုင်ပဲလား။

လင်ဒါရဲ့ တုန်ရီနေတဲ့လက်က သူ့မျက်လုံး အစုံပေါ်ကို အုပ်လိုက်ပြီး သူ့ကိုယ်ဖို့လာနေတဲ့ လေ့ပေါ်က လူတွေကို ဒီကျွန် စာသင့်နေတဲ့ မရဏကျွန်းပေါ်ကို တက်မလာအောင်နဲ့ သူ့ကို ဒီပေါ်မှာပဲ အသက်ဆုံးအောင် ထားခဲ့ဖို့ အော်ပြောဖို့ သူ့စိတ်ထဲ မှာ ရုတ်ခြည်းပဲ ဖြစ်ပေါ်လာပါတော့တယ်။





ဒါပေမယ့်. . .။

သူ့ခြေရင်းမှာ သေဆုံးနေတဲ့ ဒေါက်တာကင်ရှောဟာ လူငါးယောက်ကို သတ်ခဲ့တဲ့ တရားခံလား။

ဒါမှမဟုတ်. . .

လူ့အသိုင်းအဝိုင်းထဲကို ပြန်ဖို့ အခွင့်အရေးရနေတဲ့ သူပဲ တရားခံလား။

ဒေါက်တာကင်ရှောဟာ လူသတ်တရားခံ မဟုတ်ဘဲ သူဖြစ်နေရင်. . .။

သွေးဆာလောင် မှတ်သိပ်မှုကြောင့်ပဲ လူစိတ်ပျောက် ပြီး မကောင်းဆိုးဝါး ဝင်ပူးနေတဲ့ သူဟာ သူကိုယ်တိုင်ပဲ ဖြစ်နေ တယ်ဆိုရင်တော့. . .။

သူ ဆက်ပြီး မတွေးရဲတော့ပါဘူး။ အသက်ကယ်လှေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း နီးကပ်လို့ လာနေပါပြီ။

လင်ဒါ့ အာရုံထဲမှာ သူ့ကို ကယ်ဖို့လာနေသူတွေ သွေးအိုင်ထဲမှာ လဲကျသေဆုံးကုန်တယ်လို့ မြင်ယောင်လာတယ်။ အဲဒီလိုပဲ သူ့လည်ပင်းကိုလည်း တစ်စုံတစ်ယောက်က ကိုက်ဖောက်နေတယ်လို့ မြင်ယောင်နေပါတယ်။

မကောင်းဆိုးဝါးက သူ့ကို ဝင်ပူးမနေပါဘူးလို့ သူမပြောရဲပါဘူး။ သူကိုယ်တိုင်ပဲ မကောင်းဆိုးဝါးရဲ့ အပူးခံလူ ဖြစ်နေရင်. . .။

ဒီကျွန်းက လွတ်မြောက်လို့ သူ့အိမ်သူ ပြန်ရောက်သွားချိန်မှာ သူ့သမီးလေး မေရီနဲ့ သူ့ဇနီးဖြစ်တဲ့ ဟယ်လင်တို့အနား သူ ကပ်မိမှာ သေချာတယ်။

လင်ဒါဟာ ပြင်းပြင်းထန်ထန်ပဲ ညည်းညူလိုက်ပါတယ်။





သူ့ကိုယ်ထဲမှာ ကြောက်စရာ မကောင်းဆိုးဝါး ဝင်ပူးနေတယ်ဆိုရင်တော့. . .။

အဲလစ်၊ ကလပ်၊ အော့ဒင်၊ အင်ဒါဆင်နဲ့ ရစ်တာတို့ မှာစာခံဖို့ မရှိကြတော့ဘူး။ သူ့ခြေရင်းက ဒေါက်တာကင်ရှောက တော့ လမ်းမှန်ကို ရွေးချယ်သွားခဲ့ပြီးပြီလေ။

ဒေါက်တာကင်ရှောကိုယ်တိုင် အသတ်ခံရရင်. . .။

ဒါမှမဟုတ်. . .

ခြောက်ယောက်မြောက်အလောင်း ဖြစ်နေမယ့် သူ့အလောင်းနဲ့အတူ ရှိချင်ရှိနေလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် သေဆုံးသွားဟာ မကောင်းဆိုးဝါးရဲ့ စက်ကွင်းထဲက လွတ်မြောက်ရာပဲဖြစ်မယ်။

လင်ဒါက နီးကပ်လာနေတဲ့လှေကို ကောင်းကောင်းကြီး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်နေရပါပြီ။

လှေပေါ်က သင်္ဘောသားတွေက ပြုံးရယ်ပြီး သူ့ကို အားပေးနေတာကိုလည်း လင်ဒါ တွေ့နေ ကြားနေရပါတယ်။ လင်ဒါ့နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက် ပေါ်လာပါတယ်။

"ကျုပ်က နောက်ဆုံးလူပဲ။ ခုနစ်ယောက်မှာ နောက်ဆုံးကျန်နေတဲ့ လူပေါ့။ သတ္တိနည်းတဲ့ ကင်ရှောက အဖြေမရသေးတဲ့ ပုစ္ဆာကို သေရွာကိုယူသွားပြီ။ သူ့ကို သေဒဏ်စီရင်လိုက်သလို ဒီပုစ္ဆာကလုပ်သွားတာ။ အနည်းဆုံး မကောင်းဆိုးဝါးမျိုးဆက်တော့ ချုန်သွားနိုင်တာပဲ"

BURMESE CLASSIC .com

သူက လှေပေါ်ကလူတွေကို အော်ပြီး ပြောလိုက်ပါတယ်။

ပြီးတော့ ဒေါက်တာကင်ရှောရဲ့ လက်ထဲက မောင်းချ





ားကို ကောက်ယူလိုက်ပြီး တွေလို့ ရပ်နေလိုက်ပါတယ်။

"ဟေး သူငယ်ချင်း ငါတို့ မင်းကို လာကယ်နေပြီဟေ့"

လှေပေါ်က သင်္ဘောသားတစ်ယောက်က သူ့ကို လှမ်းအော်ပြောတာကို သူက ဘာမှမတုံ့ပြန်တော့ဘဲ မောင်းချအသွားကို လက်နဲ့စမ်းကြည့်လိုက်ပါတယ်။

နိဂုံး. . .

ကျိန်စာသင့်နေတဲ့ မရဏာကျွန်းကလေးအပေါ် ရောက်ခဲ့ကြတဲ့ လူခုနစ်ယောက်ဟာ မကောင်းဆိုးဝါးရဲ့ မယောဂကြောင့် တစ်ယောက်မှ အသက်ရှင်ပြီး ပြန်ထွက်ခွာမလာနိုင်ခဲ့ကြပါဘူး ခင်ဗျာ။

ဇာပဒိန်းထျန်းခွန်



www.burmeseclassic.com

www.burmeseclassic.com

# စံနံ့သာမင်းမောင်နှင့် နှင်းဆီနက်

မင်းဗညာ

(၁)

တစ်နေ့သ၌. . .

ကျွန်ုပ်နှင့် မိတ်ဆွေကြီး စံနံ့သာမင်းမောင်သည် အခန်းထဲမှာ အနားယူနေကြသည်မှာ လွန်စွာပင်ပန်းခြင်းအတွက်ဖြစ်သည်။ မိုးရာသီဖြစ်နေ၍ မိုးများသည်းထန်စွာ ရွာသွန်းနေသည်။





စံနံ့သာမင်းမောင်သည် ကြီးမားသည့်အမှုတစ်ခုကို လိုက်ပြီး ပြန်လာခဲ့ရ၍ လွန်စွာပင်ပန်းနေ၏။

ကျွန်ုပ်တို့ ယခုလိုက်သည့် အမှုသည် မြို့ပိုင်မင်းအိမ် ဖေါက်ထွင်းမှုပင်ဖြစ်သည်။ ထိုအမှုကို ဖော်ထုတ်ပေးရန် စံနံ့သာမင်းမောင်အား တာဝန်ပေးခဲ့၏။ စံနံ့သာမင်းမောင်၏ တွက်ဆချက်မှာ မိသားစုများထဲက ဖြစ်သည်ဟု တွက်ချက်မိသည်။

စံနံ့သာမင်းမောင်သည် ရရှိထားသည့် သဲလွန်စများကို လေ့လာနေချိန်တွင် အခန်းတံခါးကို သုံးလေးချက်ခေါက်သည်။ အသံထွက်ပေါ်လာ၏။ ကျွန်ုပ်တို့သည် အခန်းတံခါးကို အကြည့်ရောက်သွားကြသည်။

"ဘယ်သူများပါလိမ့်"

အိုးတွန်းဆည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု စုံနှံ့သာမင်းမောင်ဘက်ကို လှည့်ပြီး ပြောလိုက်မိတော့

"ဒီလိုအချိန်မျိုးမှာ ကိစ္စတစ်ခုအတွက် ရောက်လာတယ်ဆိုရင်တော့ လွန်စွာအရေးကြီးတဲ့လူပဲ ဖြစ်ရမယ်"

"ဖွင့်ပေးလို့ ဖြစ်ပါ့မလား ကိုမင်းမောင်"

"ဖွင့်ပေးလိုက်ပါ ကိုအောင်သိန်း လူငယ်တစ်ယောက်ပါ။ လွန်စွာ အရေးကြီးလာတာပါ"

စုံနှံ့သာမင်းမောင်၏ တိကျသော မှတ်ချက်ကြောင့် ကျွန်ုပ်လွန်စွာ အံ့ဩနေသည်။ ကျွန်ုပ်သည် စုံနှံ့သာမင်းမောင်အား တစ်ချက်ကြည့်ပြီး အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။ မြင်ကွင်းထဲများမှာ တွေ့လိုက်ရချိန်မှာ လွန်စွာ အံ့ဩသွားသည်။ တစ်ကိုယ်လုံး မိုးရေများ စိုရွှဲနေသည်။ အသက်နှစ်ဆယ်





ကျော် လူငယ်တစ်ယောက် ရပ်နေသည်။

လူငယ်သည် အရာတစ်ခုအတွက် ပူပင်သောကများ ရောက်ရှိနေသည့်ဆိုတာကို ကောင်းစွာ သိလိုက်ရသည်။ လူငယ်အား အတွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

"ကျွန်တော် စုံထောက်ကျော်ကြီး စုံနှံ့သာမင်းမောင်နဲ့ တွေ့ချင်လို့ပါ"

"စုံနှံ့သာမင်းမောင်ဆိုတာ ကျုပ်ပဲ၊ လာရင်းကိစ္စကိုသာ ပြောပါ"

လူငယ်သည် စုံနှံ့သာမင်းမောင်ကို အားကိုးတကြီးနှင့် ကြည့်လိုက်သည်။ စုံနှံ့သာမင်းမောင်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

"ကျွန်တော့်မှာ အသက်နဲ့ရင်းနှီးနေတဲ့ ကိစ္စတစ်ခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့နေရလို့ပါ။ အဲဒါကြောင့် အကူအညီတောင်းဖို့ ရောက်လာတာပါ။ စုံထောက်ကြီး ဒီကိစ္စဟာ စုံထောက်ကြီးမှလွဲပြီး ဘယ်သူမှ ကူညီနိုင်မှာ မဟုတ်ပါဘူး''

''ကောင်းပြီလေ မောင်ရင်ရဲ့ အကြောင်းကို တင်ပြမှ ကျုပ်ကူညီနိုင်မယ်လို့ ထင်ပါတယ်''

လူငယ်သည် ထိုင်ခွင့်တောင်းသည်။ ကျွန်ုပ်သည် လူငယ်ကို နေရာပေးလိုက်သည်။ လူငယ်သည် နေရာအား ဝင်ထိုင်လိုက်သည်။ လူငယ်ဆင်းရဲသားများ မဟုတ်၊ ပစ္စည်းများရှိသည် မိသားစုကဆိုတာ မျက်နှာ၌ ပေါ်လွင်နေသည်။

စုံနံ့သာမင်းမောင်သည် စီးကရက်အား အေးဆေးစွာ မွှာရှိုက်ပြီး လူငယ်ကိုအကဲခတ်နေသည်။

''ကျွန်တော့်နာမည်က တင်မောင်ဇော်ပါ။ ကျွန်တော့်





ဖခင်က ဦးတင်မောင်ပါ။ ကျွန်တော့်အဖေမှာ တင်အောင်ဆိုတဲ့ ညီငယ်တစ်ယောက် ရှိပါတယ်။ ကျွန်တော့်ဦးလေးဟာ ငယ်စဉ်အခါတုန်းက ရန်ကုန်မှာ နေပါတယ်။ အဲဒီမှာ ဦးလေးဟာ ငွေကြေးတော်တော်များများ စုဆောင်းလာခဲ့တယ်။ ဘယ်လိုရှာခဲ့တယ်ဆိုတာ ကျွန်တော်မသိဘူး။ သူကလည်း ပြောပြမထားပါဘူး။ သူဟာမြန်မာနိုင်ငံကို အင်္ဂလိပ်တွေ သိမ်းယူထားတာကို သဘောမကျဘူး။ ဒါပေမယ့် အင်္ဂလိပ်တွေနဲ့ ပေါင်းပြီး သူတို့နိုင်းတာကို လုပ်ပေးမယ်ဆိုပြီး သူတို့ဆီက ရသမျှအခွင့်အရေးတွေကို အကုန်ယူတယ်။

တစ်နေ့မှာ သူမြို့ကို ပြန်ရောက်လာပြီး ခြံကြီးတစ်ခြံကို ဝယ်ယူပြီး ကြီးမားတဲ့အိမ်ကြီးတစ်လုံးကိုဆောက်ပြီး အဲဒီအိမ်ကြီးမှာပဲ နေထိုင်ခဲ့တယ်။ ဒါပေမယ့် ဦးလေးမှာ ထူးခြား



www.burmeseclassic.com

www.burmeseclassic.com



တာတစ်ခုကို တွေ့ဖူးတယ်။ ဦးလေးဟာ အပျော်အပါးမရှိတော့ပဲ အိမ်ကြီးထဲမှာပဲ နေတော့တယ်”

တင်မောင်ဇော်ပြောနေသည့် စကားများကို ကျွန်ုပ်သေချာရေးမှတ်နေသည်။ စုန္ဒသာမင်းမောင်ကတော့ သေချာနားထောင်နေသည်။ တင်မောင်ဇော်ပြောနေသည့် စကားသည် ကျွန်ုပ်အတွက် လွန်စွာစိတ်ဝင်စားစရာ ဖြစ်နေတယ်။

“ဦးလေးဟာ ဘယ်သူနဲ့မှ မပေါင်းတော့ဘူး။ဘယ်အပေါင်းအသင်းကိုမှလည်း မလိုလားတော့ဘူး။ တစ်ခါတစ်ရံ အရက်ကို အလွန်အကျွံ သောက်တတ်တယ်။ ဒါပေမယ့် ဦးလေးဟာ ကျွန်တော့်ကို လွန်စွာ သဘောကျတယ်။ ကျွန်တော် အသက်နှစ်ဆယ်ကျော်ကျော်မှာ ဦးလေးရဲ့အိမ်ကြီးကို ပြောင်းရွှေ့နေထိုင်ရပါတယ်။ ကျွန်တော့်အပေါ် အမြဲတမ်း ကြင်နာတတ်





ပါတယ်။

အဲဒီအိမ်ကြီးမှာ ကျွန်တော် ဘယ်နေရာကိုသွားသွား ခွင့်ပြုထားတယ်ဆိုပေမယ့် အပေါ်ထပ်မှာ အခန်းလေးတစ်ခန်း ရှိတယ်။ အဲဒီအခန်းကိုတော့ အမြဲသော့ခတ်ထားပြီး ဝင်ခွင့်မရှိဘူး။

တစ်နေ့မှာ ဦးလေးဆီကို ဘုံဘေက စာတစ်စောင် ရောက်လာတယ်။ ဘုံဘေမှာ အသိမရှိဘူးလို့ အရင်ဆုံးပြောတယ်။ ဒါပေမယ့် စာအိတ်ကို ဖွင့်ကြည့်လိုက်တော့ နှင်းဆီခြောက်သုံးပွင့်ကို တွေ့လိုက်ရတယ်။ အဲဒီနှင်းဆီပန်းခြောက်ကိုတွေ့တော့ ရယ်မိတယ်။ ဦးလေးရဲ့ ချစ်သူဟောင်းက ပို့လိုက်တာလို့ ထင်တယ်။ ဒါပေမယ့် ဦးလေးမျက်နှာ ပျက်သွားတယ်။

“အေသုံးလုံး. . . ဘုရားဘုရား ငါ့ကို သူတို့တွေ့သွားကြပြီလို့ ပြောလိုက်တယ်။ အဲဒီအချိန်မှာ ဦးလေးဟာ ဘာဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲလို့မေးတော့ "သေမင်း"လို့ အော်ပြောပြီး အိမ်ပေါ်ထပ်ကို တက်သွားတယ်။

"စာအိတ်ကို ကျွန်တော်ကြည့်လိုက်တော့ စာအိတ်အနောက်ကျောဘက်မှာ အေသုံးလုံးကို တွေ့လိုက်ရသည်။ စာအိတ်ထဲမှာ ဘာမှရေးမထားဘူး။ အဲဒါကို ဘယ်သူက ပို့လိုက်တာလဲ၊ နောက်ပြီး ဦးလေးဟာ ဘာကြောင့် အဲဒီလောက်ကြောက်နေရတာလဲ"

လူငယ်လေးသည် စကားများကို ဆက်မပြောသေးဘဲ စုံနှံ့သာမင်းမောင်းကို ကြည့်နေသည်။ စုံနှံ့သာမင်းမောင်သည် အတွေးများစွာဖြင့် လူငယ်လေးကို ကြည့်လိုက်သည်။

"မင်းဦးလေး ဘာဆက်လုပ်တာ တွေ့လဲ"

"ဦးလေး ဦးတင်အောင်ဟာ လျှို့ဝှက်အခန်းထဲကို ချက်





ချင်းဝင်ရောက်သွားပြီး သေတ္တာထဲက စာရွက်စာတမ်းအားလုံးကို မီးရှို့ဖျက်ဆီးပြီး ကျွန်တော့်ကို တင်မောင်ဖော်ရေ မကြာခင်မှာ ငါသေတော့မယ်လို့ ပြောတယ်။ ဦးလေးပြောတာကို ကျွန်တော် အခုချိန်ထိ သဘောမပေါက်ဘူး။

"နောက်ပြီးတော့ ဦးလေးက ပြောသေးတယ်၊ ငါသေပြီးရင် ငါ့အစ်ကို မင်းအဖေ ရောက်လာလိမ့်မယ်။ နောက်တော့ သူသေတဲ့အခါ ဒီအိမ်ကြီးနဲ့ငွေတွေအားလုံးကို မင်းပိုင်ဆိုင်ရလိမ့်မယ်။ ပိုင်ဆိုင်ခွင့်ရပါစေလို့ ငါမျှော်လင့်ပါတယ်။

ဒါပေမယ့် ဒါတွေကို မင်းရဲ့ အဆိုးဝါးဆုံး ရန်သူတွေကို ပေးလိုက်ပေတော့။ ငါ့ငွေတွေဟာ သေမင်းကိုခေါ်လာသလိုဖြစ်မှာကို ငါစိုးရိမ်နေတယ်။ ဦးလေးရဲ့ စကားကိုကြားရတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေရတယ်။ ဦးလေးဟာ ရက်သတ္တပတ် အတော်



www.burmeseclassic.com

www.burmeseclassic.com



ကြာတဲ့အထိ ဘာမှ မဖြစ်ပါဘူး။ ဦးလေးကတော့ ဘာကြောင့် မှန်းမသိ ထိတ်လန့်နေတယ်။ ဦးလေးဟာ အချိန်တော်တော် ကြာ အခန်းထဲမှာပဲ နေတော့သည်။

အရင်ကထက် အရက်တွေကို ပိုသောက်လာတယ်။ တံခါးတွေကိုလည်း ဂရုစိုက်လာတယ်။ ဒါနဲ့ တစ်ညမှာပေါ့ ဒီည ကိုကျော်တော့ မေ့လို့မရဘူး။ အဲဒီညက သူဟာ အရက်ကို အလွန်အကျွံသောက်ပြီး ထိန်းမနိုင် သိမ်းမရနဲ့ အိမ်အပြင်ဘက် ကို ပြေးထွက်သွားတယ်။ ကျွန်တော် ဦးလေးကို တားပါသေး တယ်။ မရပါဘူး။

မနက်လင်းတော့ ဦးလေး ပြန်ရောက်လာမလို့ လိုက်ရှာ တော့ အိမ်ရဲ့မြောက်ဘက် မန်ကျီးပင်အောက်မှာ သေနေတာကို တွေ့ရတယ်။ ပုလိပ်တွေကတော့ သူ့ကိုယ်သူ သတ်သေသွားတာ





လို့ ပြောပါတယ်။ ဦးလေးဟာ သေမှာကိုကြောက်တဲ့သူပါ။ ပုလိပ်ပြောသလို သူ့ကိုယ်သူ သတ်သေတယ်ဆိုတာကို ကျွန်တော်မယုံပါဘူး စုံထောက်ကြီးရာ''

လူငယ်လေးတင်မောင်ဇော်သည် ပြောလက်စ စကား ကို ရပ်လိုက်သည်။ မျက်ဝန်းအိမ်မှာ ကြေကွဲမှုတွေ ဖြစ်ပေါ်လာ နေသည်။ မျက်ရည်များသည် လေးတွဲစွာ တွဲကျလာသည်။ စုံနံ့သာ မင်းမောင်သည် စီးကရက်အား ဖွာရှိုက်၍ လူငယ်လေး ကို အကဲခတ်ကြည့်သည်။

တကယ်တော့ တင်မောင်ဇော်သည် မိမိ၌ ကြုံတွေ့နေ ရသော ဒုက္ခတွေကို ဖြေရှင်းနိုင်ရန်အတွက် လာရောက်အကူ အညီတောင်းခြင်းဖြစ်သည်။ ၎င်းကိစ္စအတွက် စုံနံ့သာမင်းမောင် သည် စိတ်ကို အေးအေးထား စဉ်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းဦးလေးက စာရပြီး ဘယ်လောက်ကြာမှာ သေဆုံးရတာလဲ"

"စာရပြီး (၃)လအကြာမှာ သေရတာပါ"

"ဒါနဲ့ နောက်ထပ် ဘာဖြစ်သေးလဲ ဆက်ပြောပါဦး"

"ဟုတ်ကဲ့ ပြောပါမယ်။ ဦးလေးဆုံးပြီး အဖေဟာ ကျွန်တော်နဲ့အတူ လာနေပါတယ်။ ကျွန်တော်က အဖေကိုပြောပြီး သော့ပိတ်ထားတဲ့ အခန်းကို စစ်ကြည့်ပါတယ်။ အရေးကြီးတာဆိုလို့ ဘာတစ်ခုမှ မတွေ့ရပါဘူး။ ဒါပေမယ့် ကျွန်တော့်ဘဝအတွက် ကံဆိုးရပြန်ပါပြီ စုံထောက်ကြီးရာ"

တင်မောင်ဖော်သည် စီးကျနေသည့် မျက်ရည်များကို ပြုတ်သားစွာ သုတ်လိုက်ပါသည်။





(၂)

တစ်နေ့သော နွေရာသီ။

နံနက်ခင်းအလုကိုအရှေ့အရပ်မှ ထွက်ပေါ်လာသည့် နေရောင်ခြည်က ဖန်တီးပေးနေသည်။ အိပ်ယာမှထလာ၍ စိတ်များ ကြည်လင်လန်းဆန်းနေသည်။ အချိန်မှာ ခြောက်နာရီခွဲစရာ ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့လာသည်။

ဦးတင်မောင်(တင်မောင်ဖော်)၏ ဖခင်သည် ထုံးစံအတိုင်း ခြံကိုရှင်းရန် အိမ်အပြင်ကို ထွက်လာ၏။ ခြံတံခါးဝမှာ စာတစ်စောင်ရောက်ရှိနေသည်ကို တွေ့လိုက်ရ၏။ ၎င်းသည် စာအိတ်ကိုယူပြီးပြန်လာခဲ့သည်။

ထိုအချိန်တွင် တင်မောင်ဖော်သည် အိပ်ယာက နိုးထ၍ အိမ်ရှေ့ကို ထွက်လိုက်ရာ ဖခင်ဦးတင်မောင်၏ လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



စာအိပ်ကို ထူးထူးဆန်းဆန်း တွေ့လိုက်ရ၏။ ၎င်းတို့နေထိုင်ရာ အိမ်ကြီးကို စာရောက်လာစရာ မရှိ။ ထိုစာသည် ထူးဆန်းနေ၏။

"အဖေ ဘယ်ကစာလဲ"

"ငါလည်း မသိဘူး ခြံတံခါးမှာတွေ့တာနဲ့ ယူလာခဲ့တာ။ ၎င်းတို့သားအဖသည် စာဖတ်ရန်အတွက် ဧည့်ခန်းသို့ ရောက်ရှိလာခဲ့ကြသည်။ ဦးတင်မောင်သည် စာအိတ်ကိုဖွင့်ပြီး အတွင်းကိုကြည့်လိုက်သည်။ စာရေးထားတာမရှိ နှင်းဆီနီသုံးပွင့်ကိုသာ တွေ့လိုက်ရသည်။ ထိုမြင်ကွင်းကြောင့် သားအဖနှစ်ယောက်အတွက် ထိတ်လန့်စရာဖြစ်သွားသည်။ ဦးတင်မောင်၏ မျက်နှာသည် သိသိသာသာ ပျက်သွားသည်။ တင်မောင်ဇော်သည် စာအိတ်ကို သေချာကြည့်လိုက်သည်။ အတွင်း၌ စာရွက်





ခုကို တွေ့လိုက်ရသည်။

"စာရွက်စာတမ်းတွေကို ခြံရှေ့ကိုထုတ်ထားလိုက်"

ဟု ရေးထားသည်။ တင်မောင်ဇော်သည် သတိရ၍ အိတ်ကို ကြည့်လိုက်ရာ အသုံးလုံးကို တွေ့လိုက်ရသည်။ ရောက်ရှိလာသည်စာနှင့် ဦးလေးထံရောက်ရှိလာသည့် သည် တစ်နှစ်ခြားသည်။

"ဘာစာလဲ ငါမသိဘူး"

"ဦးလေး သေတ္တာထဲက စာတွေ့လား။ အဲဒါတွေဆိုရင် တော့ဘူး။ ဦးလေး မီးရှို့ဖျက်စီးလိုက်ပြီ"

"ဒီစာ ဘယ်ကလာတာလဲ"

ဦးတင်မောင်သည် ဒေါသနှင့် ပြောပြီး စာအိတ်ကို ပွဲပေါ်သို့ တင်လိုက်ရာ တင်မောင်ဇော်သည် လိပ်စာကိုဖတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ရန်ကုန်ကြည့်မြင်တိုင်က 'ပို့သည့်စာဖြစ်နေသည်' တင်မောင်ဇော်သည် စာပို့သည့်လိပ်စာကို ပြောပြလိုက်သည်။

"သူတို့ဘာပဲပြောပြော ငါဘာမှမသိဘူး။ သူတို့ကောင် ဆိုတာလဲ ငါဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး"

ပြောဆိုပြီး ဦးတင်မောင်သည် သက်ပြင်းရှည်တစ်ချက် ချပြီး အပေါ်ထပ်ကို တက်သွား၏။ တင်မောင်ဇော်သည် ဖခင် ကိုကြည့်ပြီး စိတ်မကောင်းဖြစ်စွာ ကျန်ရစ်ခဲ့သည်။

သုံးရက်မြောက်သောနေ့၊ တင်မောင်ဇော်သည် ရောက် ရှိလာသည်။ စာနှင့်ပတ်သက်၍ စိုးရိမ်များလွှမ်းမိုးနေသည်။ ပထမ တစ်စောင်တုန်းက ဦးလေးအသတ်ခံရသည်။

ယခု ဒုတိယတစ်စောင်သည် သားအဖနှစ်ယောက်မှ မည်သူ့အလှည့်လည်းဆိုတာ စဉ်းစားရင်း အပေါ်ထပ်မှာ လမ်း





လျှောက်နေ၏။

လမိုက်ည ဖြစ်နေပေမယ့် ကြယ်တာရာများ၏ အလင်း င်ကြောင့် ပတ်ဝန်းကျင်ကို မသဲမကွဲ မြင်နေရ၏။ တင်မောင်ဇော် ည် အိမ်ရှေ့ဝရံတာမှာရပ်ပြီး ခြံဝသို့ အကြည့်ရောက်သွား၏။ ာ ဘယ်သူ့ပါလိမ့်။ စိတ်ထဲမှာတွေးနေမိသည်။ ဦးထုပ်ကို င်းထားသည်။ လောင်းကုတ်အရှည်ကို ဝတ်ဆင်ပြီး ခြံဝမှာ ခေါက်ခေါက်အခါခါ လျှောက်နေသည်။ တစ်ခါတစ်ရံ အိမ် ဲကို ကြည့်နေသည်။

ဝရံတာမှာ ရပ်နေသည့် တင်မောင်ဇော်သည် ၎င်းအား ကာသလိုဖြစ်ပြီး အချိန်ကြာမြင့်စွာ ကြည့်နေမိသည်။ တင် င်ဇော်သည် ၎င်းအား မသင်္ကာသလို ဖြစ်နေမိ၏။ ၎င်း ကြောင့် အခြေအနေကို ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီလက်တံလေးသည် တရွေ့ရွေ့သွားနေတာကြော
စက္ကန့်မှမိနစ်ပြောင်းရွေ့နေ၍ နာရီပေါင်းများစွာကို ကူးစက်ရွေ
လျားနေသည်။ တင်မောင်ဇော်သည် ဝရံတာတွင် ထိုင်နေရာ
ထိုင်နေရာတွင် လှဲအိပ်လိုက်မိ၏။

"သား သား ထတော့လေကွာ"

ဖခင်ဦးတင်မောင် လာရောက်နှိုးလိုက်သည်နှင့် ချက်ခြင်းထလိုက်ရာ နံနက်ငါးနာရီကျော်နေ၏။ တင်မောင်ဇော်သည် ထိုအချိန်ထိ အိပ်ခဲ့ဘူးသူ မဟုတ်။ ညက ဖြစ်ရပ်ကြောင့်ပဲ ချက်ခြင်းတွေးမိသည်။

"အဖေ ဘယ်သွားမလို့လဲ"

"မင်းကြီးတော် နေမကောင်းဘူးကြားတယ်၊ အဲဒါ သတင်းသွားမေးမလို့လေကွာ"





"အဖေ ညတော့ မအိပ်နဲ့၊ ဒီမှာက ကျွန်တော်တစ်ယောက်တည်းရှိတာ"

"အေးပါကွာ အဖေ ညမအိပ်ပါဘူး။ ကဲ မျက်နှာသစ် ထမင်းစားရအောင်"

တင်မောင်ဇော်သည် ဖခင်စကားကိုနားထောင်ပြီး မျက်နှာသစ်ရန် ထွက်ခဲ့သည်။ ဦးတင်မောင်သည် ထမင်းစားခန်းထဲ ကို ဝင်ရောက်သွားသည်။

(၄)

"အဖေဟာ ကျွန်တော့်ကြီးတော် နေမကောင်းလို့ တမာ



www.burmeseclassic.com

www.burmeseclassic.com



ကတောရွာကို သွားတယ်။ အဲဒီညက ပြန်ရောက်မလာဘူး။နောက် နေ့ညနေမှာ အဗျားဗိုလ်တဲ့ရွာရဲ့ သုသာန်ကဇရပ်ပေါ်မှာ အဖေ ရဲ့ အလောင်းကို တွေ့ရတယ်။ ဒဏ်ရာတော့ မရှိဘူး။ တစ်ကိုယ် လုံး ရေတွေစိုနေတယ်။ ပုလိပ်ကို အကြောင်းကြားတော့ အရက် မူးလွန်ပြီး သေသွားတာတဲ့။ အဲဒီစကားဟာ ကျွန်တော့်အတွက် ယုံနိုင်စရာ မရှိဘူး။ အဖေကိုသတ်သွားတာလို့ပဲ ထင်နေတယ် စုံထောက်ကြီးရာ''

တင်မောင်ဇော်သည် ထိုသို့ပြောပြီး ငိုနေသည်။ ၎င်း၏ ဖြစ်ရပ်ကို တွေ့လိုက်ရတော့ ကျွန်ုပ်တို့မှာ ဘာလုပ်ရမှန်း မသိ အောင် ဖြစ်နေမိ၏။ စုံနံ့သာမင်းမောင်သည် စီးကရက်ကို ဖွာရှိုက် ရင်း ၎င်း၏စကားကို နားထောင်နေသည်။

''ဒါနဲ့ ဆက်ပြောပါဦး''





''အဲဒီဖြစ်ရပ်တွေကို မေ့ထားပေမယ့် မေ့ထားလို့ မရခဲ့ ဘူး။ ဒီလိုနဲ့ ဒီကိစ္စဟာ နှစ်နှစ်ကျော်လာတဲ့အခါ မနေ့က ဒီ ဟာကို ကျွန်တော် ရခဲ့ပါတယ်။ အဲဒါကြောင့် စုံထောက်ကြီး တို့ကို အကူအညီလာတောင်းရတာပါ''

တင်မောင်ဇော်သည် နောက်ကျောမှ အသုံးလုံး ရေး ထားသည့် စာအိတ်နှင့် နှင်းဆီနီပန်းခြောက်သုံးပွင့်ကို စုံနံ့သာ မင်းမောင်အား ပေးလိုက်သည်။ ၎င်းသည် ပေးလာသည့်ပစ္စည်း များကို ယူကြည့်လိုက်၏။

''စုံထောက်ကြီးတို့ တွေ့နေတဲ့အတိုင်းပဲ။ ဒီစာကို ရန်ကုန် ပုဇွန်တောင်ကပို့လိုက်တာပါ။ စာမှာလည်း စာရွက်စာ တမ်းတွေကိုခြံရှေ့မှာ ချထားပါတဲ့။ အဖေ့ဆီကို ပို့တဲ့စာထဲမှာ လည်း ဒီအတိုင်းပဲ ရေးထားတယ်''



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာတွေလုပ်ခဲ့သလဲ''

''ကျွန်တော် ဘာမှမလုပ်ခဲ့ရဘူး''

''မင်းဘာမှ မလုပ်ခဲ့ဘူးဟုတ်လား။ မင်းအနားမှာ အန္တရာယ်နီးကပ်နေပြီ။ မင်းတစ်ခုခုလုပ်ရလိမ့်မယ်။ ၎င်းစကားကြောင့် တင်မောင်ဇော် တုန်လှုပ်သွားသည်။ ကြောက်ရွံ့ထိတ်လန့်စိတ်များ ထွက်ပေါ်လာသည်။ စုံနှံ့သာမင်းမောင် ထိုကဲ့သို့ ပြောရသည်မှာ အကြောင်းတစ်ခုရှိသည်။ တင်မောင်ဇော်သည် စုံနှံ့သာမင်းမောင်နှင့် ကျွန်ုပ်အား တစ်လှည့်စီ ကြည့်လိုက်၏။

''ဟို ကျွန်. . . ကျွန်တော် ပုလိပ်ကို တိုင်ချက်ဖွင့်ပါတယ်။ ကျွန်တော့်ကိုကြည့်ပြီး ရယ်ကြပါတယ်။ တစ်ယောက်ယောက်က နောက်လိုက်တာလို့ ပြောပါတယ်''

''တော်တော်ထူတဲ့ လူတွေပဲ မင်းဘာကြောင့် ဦးတို့ဆီ





ကို ချက်ခြင်းမလာတာလဲ၊ မင်းရဲ့ရန်သူတွေဟာ အစီအစဉ်လုပ်ဖို့ နှစ်ရက်တောင် အချိန်ရသွားပြီ။ ဦးတို့အတွက် အထောက်အကူရဖို့ ဘာတွေ့ခဲ့သေးလဲ''

စုံနှံ့သာမင်းမောင်သည် သိချင်သည့် အကြောင်းအရာတစ်ခုကို ထပ်ဆင့်မေးလိုက်သည်။ တင်မောင်ဇော်သည် ပျာပျာသလဲဖြစ်သွားပြီး ၎င်း၏ ကျောပိုးအိတ်ကိုဖွင့်လိုက်၏။ ထိုနောက် အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်၏။

''ဟုတ်ကဲ့သော့ပိတ်ထားတဲ့ အခန်းလေးထဲက ဒါကိုတွေ့ခဲ့ပါတယ်''

တစ်ဝက်တစ်ပျက် မီးလောင်ထားသည့် စာရွက်လေးကို စုံနှံ့သာမင်းမောင်အား ပေးလိုက်၏။

စုံနှံ့သာမင်းမောင်သည် ပေးလာသော စာရွက်လေးသို့



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်သည်။ စာရွက်ပေါ်မှ ရေးထားသည့် အကြောင်းအရာများကို ဖတ်လိုက်မိသည်။

အကြောင်းအရာများသည် အောက်ပါအတိုင်းဖြစ်၏။

မေလ---ရက်---ခုနှစ်။ လူသုံးယောက်ကို နှင်းဆီပန်းခြောက်ဖို့ရန်။

သူဌေးဦးထင်တိမ်။ ပွဲစားကြီး ဦးမာရမ်ဒူ။ ဦးစိန်ရွှေမောင်တို့ဖြစ်ပြီး မေလ--ရက်။ သူဌေး ဦးထင်တိမ်ကိုရှင်း၊ မေလ---ရက် ပွဲစားကြီး ဦးမာရမ်ဒူးကိုရှင်း၊ မေလ---ရက် သူဌေးကြီး ဦးစိန်ရွှေမောင်ထံသွား ကိစ္စအပြတ်ရှင်း။

စုံနှံ့သာမင်းမောင်သည်စာကို ဖတ်ပြီး တင်မောင်ဇော်ကို ကြည့်လိုက်၏။

"ကျေးဇူးပဲ ဒီစာဟာ နိုင်လုံတဲ့ အထောက်အထားပဲ၊





မင်းအိမ်ပြန်လို့ရပြီ။ မင်းဦးလေးအခန်းထဲက သေတ္တာကို အိမ်ရှေ့မှာ သူတို့ပြောသလို ထုတ်ထားပေးလိုက်၊ ဒါကိုရရင် မင်းရဲ့ ရန်သူတွေ ပျော်သွားကြလိမ့်မယ်လို့ မျှော်လင့်တယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် စုံထောက်ကြီးပြောသလို ချက်ခြင်းလုပ်လိုက်ပါ့မယ်"

"ဒါနဲ့ တစ်ခုတော့ မှာလိုက်ချင်တယ်။ အစစအရာရာတော့ သတိထားနေအုံး"

စုံနှံ့သာမင်းမောင်၏ ပြောစကားသည် လူငယ်လေးအတွက် ပျော်ရွှင်စရာလေးတစ်ခုဖြစ်သွားပြီး ကြုံတွေ့နေရသည့် အခက်အခဲများကို မေ့ပျောက်ပစ်လိုက်သည်။ လူငယ်လေးသည် ကျွန်ုပ်တို့အား နှုတ်ဆက်ပြီး ပြန်သွားပေ၏။

တစ်နေ့သည်း . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် မိတ်ဆွေကြီး စုံနှံသွာမင်းမောင်တို့ အခန်းထဲ၌ ရှိနေကြပြီး တင်မောင်ဇော်တို့ မိသားစုကို သတ်လိုက်သူတွေရဲ့အကြောင်းနှင့်ပတ်သက်ပြီး ပြောဆိုဆွေးနွေးနေကြ၏။

"ကျုပ်လည်း အဲဒီကိစ္စနှင့်ပတ်သက်ပြီး စဉ်းစားနေတာပဲကို၊ မင်းမောင် ခုထိကို အဖြေမထွက်သေးဘူးဗျာ"

"ညွှံလိုက်ပါပေ ကိုအောင်သိန်းရာ။ ဒါဟာ နှင်းဆီနက်ဂိုဏ်းက ပို့လိုက်တာ။ သူတို့ဟာ ကျေးစား လူသတ်ဂိုဏ်းတစ်ခုပဲ။ ပြီးတော့ ဖြတ်လမ်းနည်းနဲ့ စီးပွားရှာကြတယ်။ ရှင်းအောင်ပြောရရင် မသမာသူတွေပေါ့ဗျာ။

ဒါဆိုရင် ခင်ဗျား သဘောပေါက်မယ်ထင်တယ်။ ဦးတင်အောင်ဟာ တစ်ချိန်က နှင်းဆီနက် ဂိုဏ်းသားတစ်ဦးဖြစ်ခဲ့တယ်။ အဲဒီဂိုဏ်းသားတွေဟာ နေရာ တော်တော်များများမှာ ရှိတယ်။ ဂိုဏ်းတည်ထောင်သူက လူမျိုးခြားတစ်ယောက်ပဲဗျာ"





"ကိုတင်အောင်ကို သတ်ရအောင်ဘာအပြစ်ရှိလို့လဲ ကိုမင်းမောင်"

"တင်မောင်ဇော်မေးခဲ့တဲ့စာကို ခင်ဗျားဖတ်လိုက်ရတယ် မဟုတ်လား။ အဲဒီလူတွေကို သတ်ခိုင်းတယ်။ ငွေတွေပေးလိုက်တယ်။ သူတို့ဂိုဏ်းရဲ့ အရေးကြီးစာရွက်စာတမ်းတွေ ယူလာခဲ့တယ်။ ဒီလူတွေဟာ လူအသက်ထက် စာရွက်စာတမ်းတွေကို ပိုတန်ဖိုးထားတယ်။ တစ်ခြားသူတွေသိသွားမှာကို စိုးရိမ်တာပဲ။ ဒီစာရွက်စာတန်းကြောင့် ကိုတင်အောင်တို့ အသတ်ခံရတာပဲ"

"ကြော် ကျုပ်သဘောပေါက်ပြီ ကိုခင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



စိုးနိုးသာမင်းမောင်သည် စီးကရက်ကိုဖွာရှိုက်နေသည်။ ကျွန်ုပ်၏ အသိစိတ်ထဲ၌ နှင်းဆီနက်ဂိုဏ်းအကြောင်းကို စဉ်းစားနေသည်။

၎င်းဂိုဏ်းသည် လူတစ်ယောက်ကို သတ်ရမည်ဆိုလျှင် ကြက်တစ်ကောင်ကို သတ်ရသလောက် ခက်ခဲခြင်းမရှိ လွယ်ကူနေသည်။ ထိုဂိုဏ်းသည် လူသားတွေကိုအကြိုးပေးနေသည့် ဂိုဏ်း မဟုတ်ကြောင်း ကောင်းစွာသိနေ၏။

''ကိုမင်းမောင် ဒီကိစ္စကို ကျုပ်တို့ဘယ်လို ဖြေရှင်းရင် ကောင်းမလဲ''

''ဟာ. . . ကိုဗွေအောင်သိန်း မြန်မြန်ပြင်ဆင်ဗျာ''

ကောင်လေးဒုက္ခနဲ့ ရင်ဆိုင်ရတော့မယ်''

စိုးနိုးသာမင်းမောင်သည် စကားဆုံးသည်နှင့်ချက်ခြင်း





ထလိုက်သည်။ ကျွန်ုပ်သည် မည်သည့်စကားမှမပြောနိုင်၊ ချက်ခြင်းပြင်ဆင်လိုက်ရ၏။

(၆)

ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ လွှမ်းမိုးနေပေ၏။ လူသွားလူလာပြတ်နေသည်။ အချိန်သည် ည(၉)နာရီ ကျော်လွန်နေသည်။

၎င်းအချိန်တွင် ကုတ်အင်္ကျီအရှည်ကို ဝတ်ဆင်ထားသူတစ်ယောက်သည် ခြံကြီး၏ အရှေ့မှာ အခေါက်ခေါက်အခါခါ လျှောက်လှမ်းနေသည်။ တစ်ခါတစ်ရံ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်နေသည်။ အိမ်ကြီးအတွင်း၌ လူမရှိသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုတ်အင်္ကျီရှည် ဝတ်ဆင်ထားသူသည် ခြံကို့ကျော်၍ အတွင်းသို့ ဝင်လိုက်၏။ ၎င်းသည် အိမ်ကြီးရှိရာသို့ ဝင်လိုက်သည်။ အိမ်၏အပေါ်ထပ်တွင် မီးအလင်းရောင်တစ်ခု ထွက်ပေါ်လာ၏။ ကုတ်အင်္ကျီဝတ်ဆင်ထားသူသည် အခြေအနေကို တစ်ချက်ကြည့်လိုက်ပြီး အပေါ်ထပ်ကို ဆက်တက်လိုက်သည်။ ကုတ်အင်္ကျီအရှည် ဝတ်ဆင်ထားသည်။အပေါ်ထပ်သို့ ရောက်ရှိသွားသည်နှင့် အသင့်ပါလာသည့်ဓားကို ဆွဲထုတ်လိုက်၏။

"ဖျောင်း"

"ဂုန်း"

"အမလေး သေပါပြီဗျ"

ထွက်ပေါ်လာသည့်အသံသည် ဝန်းကျင်တစ်ခုလုံးကို ကျယ်လောင်စွာ လွှမ်းမိုးသွားသည်။ အရာဝတ္ထုတစ်ခုသည်





အနောက်သို့ လွင့်စင်ကျသွားသည်။ လဲကျသွားသူသည် ရုတ်တရက်ထိမှန်းစွာ ရိုက်ချက်ကြောင့် မူးဝေစွာ ခံစားနေရသည်။

"ဘဲ့နဲ့လဲ မိတ်ဆွေကြီး အဆင်ပြေရဲ့လား"

လဲကျနေသူသည် အသံပိုင်ရှင်ကို ကြည့်လိုက်သည်။ မြင်ကွင်း၌ တွေ့လိုက်ရသည်။ ၎င်းအသိမိတ်ဆွေက ဟုတ်သလို ၎င်းတွေ့ချင်သည့် တင်မောင်ဖော် မဟုတ် လဲကျနေသူသည် ရုတ်တရက် ပြောင်းလဲသွားသည်ဖြစ်ရပ်အတွက် ထွန်စွာ အံ့ဩနေသည်။

"ခင်ဗျားဘယ်သူလဲကျုပ်တို့ကိစ္စကို ဘာကြောင့် ဝင်ရှုပ်ရတာလဲ"

"ခင်ဗျားတို့အတွက် ကျုပ်တို့က လူရှုပ်၊ ဒုက္ခရောက်သူတွေအတွက်တော့ ကျေးဇူးရှင် ဒီထက်ရှင်းအောင် ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည် စုံနွံသာမင်းမောင်။သူက ကျုပ်ရဲ့မိတ်ဆွေကြီး ကော

အောင်သိန်း”

“ဗျာ. . . ခင်. . . ခင်ဗျားတို့က”

“ခင်ဗျားတို့ဂိုဏ်းကို လိုက်နေတာကြာပြီ အခုတော့

အားလုံး ပြီးသွားပြီပေါ့ဗျာ။ ကဲကိုအောင်သိန်းထုံးစံအတိုင်းပေါ့”

ကျွန်ုပ်သည် လဲကျနေသည့် နှင်းဆီနက်ဂိုဏ်းသားကို

ချုပ်နှောင်လိုက်သည်။ ထို့အတူ ကျွန်ုပ်တို့သည် တင်မောင်ဇော်

ကို နှုတ်ဆက်လိုက်ပြီးထွက်လာခဲ့သည်။ နှင်းဆီနက်ဂိုဏ်းသား

သည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ရှင်းပြနေ၏။ ကျွန်ုပ်

တို့သည် ထိုဂိုဏ်းသားအား ဆက်လက်ဖေါ်ထုတ် ဖမ်းဆီးရန်

အစီအစဉ်များ ရေးဆွဲလိုက်ကြပေတော့၏။

မင်းပုည



## တစ်ကြော့ပြန်သားကောင်

ညိုညိုနိုင်

ကျုပ်နာမည်က မြတ်သာဦး။

ကျုပ် ဘယ်လိုလူစားလဲဆိုတာ ကျုပ်နာမည်ကြည့်ရုံနဲ့

သိသာပါတယ်လေ။ မြတ်လိုက်ရမှ၊ သာလိုက်ရမှ၊ လက်ဦးလိုက်

ရမှ ကျေနပ်တဲ့ကောင်။

ကျုပ်အပေါ်တော့ လာကြောမယ်မကြံနဲ့၊ ပြာသွားမယ်၊

နာသွားမယ်၊ ဘာမှတ်လို့လဲ ဟင်း. . . ဟင်း. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က သေဆိုသေ ရှင်ဆိုရှင် လက်ညှိုးညွှန်ရာ မသာဖြစ်တဲ့ စေတစ်လုံးပိုင်ရှင်။ ကျုပ်မြို့မှာတော့ ကျုပ်ကဘုရင်။

ငွေချမ်းယှဉ်မလား။ ဂုဏ်ချင်းယှဉ်မလား။ လူချင်းပြိုင်မလား။ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းကြီးနော်။

အသားညိုညို မျက်လုံးပြူးပြူး နှာခေါင်းပွပွ. . . အရေထဲ ထိပ်ကပြောင်လိုက်ချင်သေး။

ဖြူးတော့ လူပျိုကြီး။ မိန်းမအယောက်တစ်ရာမက ရှုံးတဲ့ လူပျိုကြီး။

အလကားနောက်တာပါ။ ကျုပ်ရဲ့ ပထမဆုံး နံပါတ်ဝမ်း မဟောသီ ရှောသွားကတည်းက နောက်မိန်းမ တရားဝင်ထပ်မယူဘဲ မြို့လယ်ခေါင်မှာ တောလိုက်နေတဲ့ မုဆိုးဖိုကြီးပေါ့။

အခု အသက်ငါးဆယ်မှာ သိန်းထောင်ချီချမ်းသာသလို





နုနုဖတ်ဖတ် ဖတ်စကာလပ် မော်ဒယ်လ်ဂဲလေးတွေ ထည့်လဲတွဲနိုင်တဲ့ လူဆိုလည်း မမှားဘူး။

ဘာ. . . ကျုပ် စီးပွားရေးလား။

အဲယားကွန်းဘတ်(စ်) ၁၀စီး၊ ဟိုက်ဝေး ကုန်တင်ကား (၅)စီးနဲ့ ကိုယ်တိုင်စီး ဆလွန်းကား (၄)စီး ပိုင်တယ်လေ။ (ဒါက အယောင်ပြထားတာ). . .

တကယ့်တကယ် အိတ်စပို့ အင်ပို့ ကုမ္ပဏီကြီးတစ်ခုနဲ့ သစ်လုပ်ငန်း၊ ကျောက်လုပ်ငန်း၊ ရှေးဟောင်းပစ္စည်းအရောင်းအဝယ်လုပ်ငန်းတွေမှ စုံလို့။

ပိုက်ဆံရမယ်ဆိုရင် ဘနဖူး သိုက်တူးဖို့ ဝန်မလေးသလို ကျုပ် မလုပ်ဖူးတဲ့ လုပ်ငန်းရယ်လို့ ဘာကျန်ဦးမှာမို့လဲ။

အပျင်းပြေ ဂျင်ဝိုင်းဖွင့်တာကအစ ထီဒိုင်၊ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



မှောင်နိုအဆုံး၊ အိမ်ပေါင် မြေပေါင်ခံပြီး ငွေတိုးချစားတာတောင် မကျန်။

ဒီလောက်ဆို မြတ်သာဦးအကြောင်း သိလောက်ပြီပေါ့ နော့။

ပြောရရင်တော့ လူတကာ မျက်ခုံးမွေးပေါ် ဘရိတ်ဒန့် က,ခဲ့တဲ့ကျုပ်၊ သမီးအရွယ် ကောင်မလေးတစ်ယောက်ရှေ့ကျ မှ ဒူးထောက်ခစား နေရတယ်ဆိုရင်တော့ ဟားစရာ၊ သနားစရာ များ ဖြစ်နေမလား။

'ပန်းနုယမင်း' သို့မဟုတ် 'မော်လီဇာ'တဲ့။

မိတ်ကပ်လူးထားတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသမီးတွေ ထက်တောင် လှဦးမယ်။

အပုံစားဆိုတဲ့ မော်ဒယ်ဂဲလ်လေးတွေလည်း ပန်းနုယမင်း





ကို တွေ့ရင် ငေးကြည့်ရတယ်။

ပန်းနုယမင်းရဲ့ ပင်ကိုယ်အလှက ဖန်ပန်းအိုးလေးတစ် ခုလို နုနုရွရွ၊ ထိရက်စရာ မရှိအောင်ကို လှတာ။

အသက်ကလည်း (၂၀)စွန်းရုံလေး။

ကာရာအိုကေဘားတစ်ခုက စတားလေးပေါ့။

ဒီတော့ ကျုပ်ဆိုတဲ့ ကျားအိုကြီး မြတ်သာဦး အရူးအမူး ဖြစ်ရတာ ဘာဆန်းသလဲ။

ပန်းကုံးလောက်များ သနားတယ်။ မြတ်သာဦးတို့က ဟန်းချိန်းတို့ ပလက်တီနမ် ဘတ်ကြိုးတို့မှ ဆုချတာ။

ဒေါ်လာရာတန် ပစ်လိုက်တာ။

ပန်းနုယမင်း ဖျော်ဖြေတဲ့ညတိုင်း အနီးဆုံး ရှေ့ဆုံးစားပွဲ ကိုမှ ဘွတ်ကင်လုပ်ပြီး သွားကြောင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့။ သမင်မလေးက မဖြားယောင်းရဘဲ ကျားအို ကြီးက လိုက်မြူဆွယ်တာပေါ့။

သီချင်းဆိုအပြီးမှာ သူ့စားပွဲ လာထိုင်တဲ့အထိတော့ မချောလေးက မျက်နှာသာအပေးသား။

ဒါပေမယ့် ရှေ့တိုးမယ် မကြံလိုက်နဲ့၊ ဟိုး ဆရာ။

နည်းနည်းလေး ရင်းနှီးမှုရလာပြီဆိုတော့လည်း

''ပန်းနုကို အစ်ကိုကြီး လက်ထပ်ချင်တယ်' လို့ ကြေငြာ ချက် တန်းထုတ်မိရော။ ကြိုက်မရက် မဟုတ်လား။

ပန်းနုယမင်းကလည်း အပြုံးမပျက်။

''နု ငယ်ပါသေးတယ် ကိုကြီးရာ၊ အိမ်ထောင်ပြုဖို့ မစဉ်းစားချင်သေးဘူး။ နု ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားစရာလည်း ရှိသေးတယ်လေ''





ယဉ်ယဉ်ကလေးနဲ့ ငြင်းပြီး ကြိုးရှည်ရှည် လှန်ထားလိုက် တယ်ပေါ့။ ဒီတွင် မင်းကုသနဲ့ ပပဝတီ ဇာတ်ခင်းရပါပြီ။

ကျုပ်လေ ''ပပကိုမှ မရရင်'' ဆိုပြီး ကျားပိန်တွယ် တွယ်မိတော့တာပါပဲ။

စီးပွားရေးအရ တစ်ကျပ်တစ်ပြားမှ အစွန်းမခံတဲ့ မြတ် သာဦး ပန်းနုအတွက်ကျတော့ ဟန်းဖုန်း အပါအဝင် သိန်းသယ် ဂဏန်းသို့ အကုန်ခံတဲ့အထိ၊ ရက်ရောသလား မမေးနဲ့။

ကြာတော့. . . ပန်းနုကိုယ်တိုင် အားနာလာရတဲ့အဖြစ်။

ဒီလိုနှင့် ပန်းနုမိဘဆွေမျိုးတွေရှိတဲ့ တောင်ငူကို နှစ် ကိုယ်ယှဉ်တွဲ အပျော်ခရီးထွက်ဖို့ အခွင့်အရေး ပေးခဲ့မိတော့တာ ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကျုပ်က နောက်တော်ပါ အခြွေအရံတွေနဲ့ ကားနှစ်စီးလောက် သွားဖို့ စီစဉ်တာပါ။

ဒါပေမယ့် ပန်းနုက. . .။

"ကိုကြီးရယ်. . . ကိုကြီးနဲ့ ပန်းနု နှစ်ယောက်ထဲပဲ သွားချင်တယ်"

ဆိုတာနဲ့ ကျုပ် လက်စွဲတော် ဒရိုင်ဘာကြီး ဦးမူတူးကို တောင် မခေါ်ဖြစ်တော့ဘူး။

ပြီးတော့. . . ပန်းနုကိုယ်တိုင်ကလည်း ကားမောင်းကျွမ်းတယ်လို့ ပြောတဲ့အတွက် လင့်ခရူဇာနဲ့ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် အကြို ဟန်းနီးမွန်း ထွက်ခဲ့ကြတယ်ပေါ့။

အဆင်ပြေပါတယ်လေ။

ကျုပ် ပျော်လိုက်တာ ဘာပြောကောင်းမလဲ။





ဒီကြားထဲ တစ်နေရာရာမှာ ဝင်အောင်းပြီး ပန်းနုနဲ့ နှစ်ကိုယ်ယှဉ်တွဲ ချစ်ပွဲဝင်ရတော့မယ့်အချိန်ကို စောင့်မျှော်ခဲ့ရတာ အမော။

တကယ်တမ်းဖြစ်လာပုံကတော့. . .

ကျုပ်တို့နှစ်ယောက်သာမကပဲ တတိယတစ်ယောက်ပါ တိုးလာပြီး ကြားဝင်အနှောင့်အယှက် ခံရတာပါပဲ။

အဲ. . . ကျုပ်တို့ ပဲခူးကထွက်လာပြီး ညောင်လေးပင် အဝင်လောက်မှာပဲ နောက်က ရှုဒိုးပါလာတာ သိလိုက်ရတယ်။

ကျုပ် ကားမောင်းနေတုန်း ပန်းနုက ကျုပ်လက်မောင်းကို ကိုင်လှုပ်ပြီး ပြောလို့ပါ။

"ကိုကြီး ကိုကြီး. . . ဟိုနောက်က ဆိုင်ကယ် ပန်းနုတို့နောက်က လိုက်လာတာကြာပြီ၊ ကျော်လည်း မကျော်ဘူး ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီး သတိထားမိလား"

ဒီတော့မှ ကျုပ် နောက်ကြည့်မှန်ထဲက လှမ်းကြည့်လိုက်မိတယ်။

ဟုတ်ပ။ ဟွန်ဒါဒပ်ဘယ်အိတ်ဇော ခပ်စုတ်စုတ်လေး တစ်စီး စီးလာသူကတော့ အသက် အစိတ်သုံးဆယ်နီးပါး ဆံရှည်ကိုယ်တော်တစ်ယောက်။ ဂျင်းဝမ်းဆက်နဲ့ နေကာမျက်မှန်တပ်လို့။

ကျုပ်ကားမြန်ရင် သူက လိုက်မြန်တယ်။ နှေးလိုက်ရင် သူလည်း လိုက်နှေးတယ်။ ကိုက်တစ်ရာလောက်က ခွာပြီး တောက်လျှောက်မှေးလိုက်နေတာ အသေအချာပဲ။

"ကောင်တော့ ပန်းနုကို လိုက်ရှိတ်တာ ထင်ပါရဲ့ကွာ"

ကျုပ်က ခပ်ပေါ့ပေါ့ပဲ ရယ်သံစွက် ပြောလိုက်မိတယ်။





ပြောမယ့်သာပြောရတာ၊ ရင်ထဲမှာ သဝန်တိုစိတ်လေးနဲ့အတူ ဒေါနည်းနည်းကန်သွားတယ်။ ဘယ်က ကလေကချေ ဝဲစားမှန်း မသိတဲ့ကောင်ကများ ရာရာစစ။

နေနှင့်ဦးပေါ့ကွာ။ ငါ့ကို ယှဉ်လာလို့ပဲဖြစ်ဖြစ်၊ ကျော်တက်လိုက်လို့ပဲဖြစ်ဖြစ် အသေကို တိုက်ပစ်လိုက်မယ်။ စိတ်ထဲက အပြတ်ကြိမ်းထားလိုက်တယ်။

နောကလည်း နပ်တယ်။ ကျုပ် အကြံကို ရိပ်မိလိုက်သလိုနဲ့ လုံးဝ ကျော်မတက်ဘူး။

အေးလေ တစ်ကွေ့မတွေ့ တစ်ကွေ့တော့ တွေ့ဦးမှာပဲ။ အဲဒီတော့မှ မြတ်သာဦးအကြောင်း ကောင်းကောင်းသိသွားစေရမယ်။

"ကိုကြီးရေ့ ဒီလူ့ပုံကြည့်ရတာနဲ့ ပန်းနုတောင် ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီ၊ တစ်ခုခု လိုက်ဒုက္ခပေးတော့မယ် ထင်ပါရဲ့"

ပန်းနုက ဖွင့်ပြောလိုက်မှ ကျုပ် ရင်တုန်သွားရတယ်။ ဖြစ်နိုင်တယ်။

ဒီကောင်ဟာ ပန်းနုကို လိုက်ငမ်းရဲသက်သက်တော့ ကမှာမဟုတ်ဘူး။ ကျုပ်နဲ့ စီးပွားပြိုင်ဘက် ဂိုဏ်းတစ်ခုခုကများ ဖြစ်နေမလား။ စဉ်းစားလိုက်ရပြီ။

ကျုပ် ကားနောက်ခန်းက လက်ဆွဲသေတ္တာလေးထဲ ထည့်လာတဲ့ ပစ္စတိုသေနတ်ကို ယူဖို့ လင့်ခရူဇာကို လမ်းဘေး ထိုးရပ်လိုက်တယ်။

ဒီတင် ဆိုင်ကယ်က ကျော်တက်သွားတယ်။

ကျုပ်လည်း အကွက်ပဲဆိုပြီး ကားကိုးစက်ပြန်နှိုးပြီး ဒူးခနဲ မောင်းထွက် အရှိန်မြှင့်လိုက်တယ်။





ဆိုင်ကယ်ကလည်း သူ့ကို အမှီလိုက် ဖြုတ်တော့မယ် ဆိုတာ နားလည်လိုက်သလို အရှိန်ထပ်တင်ပြေးတယ်။

ဘာရမလဲ လင့်ခရူဇာပဲ. . . ဝေါခနဲ ဝေါခနဲ ကီလို ၈၀၊ ၉၀၊ ၁၀၀။

ဆိုင်ကယ် အမြီးဖျားလေးကို ဝင်တိုက်မိတော့မယ့်ဆဲဆဲ ငနကောင်က လျှင်လိုက်တာ။ မိုက်မိုက်ကန်းကန်း လမ်းဘေးကို ထိုးဆင်းရှောင်သွားတယ်။ ကံသီရုံလေး လွတ်သွားတယ်ဆိုပါတော့။

မှတ်ကရောလား။

မြတ်သာဦးအကြောင်း သိပြီမဟုတ်လား. . .။

ဆက်လိုက်ရဲရင် လိုက်ကြည့်။

ဒီ့ထက် အဖြစ်ဆိုးပြီး ငရဲအိုးထဲ ကျွမ်းပစ်ဝင်သွားမယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်။

ဟုတ်တယ်။ တောင်ငူရောက်တဲ့အထိ ဆိုင်ကယ်တောင် ပါမလာတော့ဘူး။

နေဝင်ရီတရောလေး။

တောင်ငူမြို့ထဲက ကေတုမာလာမိုတယ်မှာ ကျုပ်တို့ တစ်ထောက်နားလိုက်ကြတယ်။

ကျုပ် အကြံကတော့ ညစာစားမယ်။ ညအိပ်မယ်လေး ဒါပေမယ့် ပန်းနုက. . .။

"ရှေ့သိပ်မဝေတော့ပါဘူး ကိုကြီးရာ၊ စားပြီးတာနဲ့ ခရီး ဆက်ရအောင်။ ပန်းနုတို့ရွာကို မိုးမချုပ်ခင်လေး ရောက်သွားနိုင် ပါတယ်။ ရွာကျမှ အားရပါးရ အနားယူပါ။ ပန်းနုမိဘ၊ အမျိုး တွေက အရမ်းသဘောကောင်းတာ၊ ကိုကြီး တကယ်ပျော်သွားမယ်"





ကျုပ် အကောင်းဆုံးဆိုတဲ့ တရုတ်အစားအစာတွေနဲ့ အတူ ဘီယာတွေပါ မှာလိုက်တယ်။

"ကိုကြီး ဘီယာတော့ နည်းနည်းသောက်မယ်နော် န်းနု"

"သောက်ပါ၊ မူးအောင်တော့ မသောက်နဲ့ပေါ့နော်"

ကျုပ် တိုက်ဂါးပုလင်းကိုဖွင့်ပြီး ဖန်ခွက်ထဲ ငှဲ့လိုက်တုန်း ာပဲ ဆိုင်ကယ်သံ ကြားလိုက်ရတယ်။

ဒီဆိုင်ကယ်သံကို ကျုပ် ကောင်းကောင်းကြီး မှတ်မိ ီးသား။

"ခွေးမသား"

ကျုပ်ပါးစပ်က ရေရွတ်ရင်း ဘီယာကို မော့သောက် ိုက်မိတယ်။ စားသောက်ဆိုင်ထဲ လိုက်ဝင်လာလိုက်တော့ အ

www.burmeseclassic.com



သေပဲဆိုပြီး စောင့်နေပေမယ့် ခွေးမသားက ဝင်မလာဘူး။

ပန်းနုကတော့ မျက်စိပျက် မျက်နှာပျက်၊ ကြောက်လန့်

ချောက်ချားနေပြီ။

ကျုပ် အပြင်ထွက်လိုက်တယ်။

"ကိုကြီး"

ပန်းနု လှမ်းခေါ်လိုက်သံကို မကြားချင်ယောင်ဆောင်ပြီး

နောကောင်ဆီကို တန်းသွားလိုက်တယ်။

နောက ဆိုင်ကယ်ဘေးမှာ တင်ပါးလွှဲမှီပြီး စီးကရက်ခဲ

စောင့်နေသကိုး။

"ဟေ့ကောင်၊ မင်းဘယ်သူလဲ၊ ငါတို့နောက် ဘာလို့

လိုက်နှောင့်ယှက်နေရတာလဲ"

ကျုပ် မေးရင်းက သူ့ကို ဆိုးမယ်ကြံတယ်မယ် ခုန်အုပ်



ဆယ့်ဟန် ပြင်လိုက်တယ်။

ဒီတော့လည်း သူက ရင်မဆိုင်ရဲပုံနဲ့ သဲ့သဲ့ကလေး

ပြုံးပြီး ဆိုင်ကယ်ပေါ် တက်ခွ စက်နှိုးပြေးပါလေရော။

တစ်ချိုးတည်း လစ်လိုက်တာမှ တန်းလို့။

ကျုပ် ဒေါသအရှိန် မပြေသေးသလို ကားထဲပြေးဝင်

နောက်ကလိုက်ဖို့ ကြိုးစားလိုက်တယ်။

ဒါပေမယ့် ကျုပ် လင့်ခရူဇာဟာ ဝါးတစ်ရိုက်ထက်

ပိုမပြေးလိုက်ရဘူး။

လမ်းဘေးကို စောင်းသွားတယ်။

ဘီးတစ်ဖက်က ပြားနေပြီကိုး။

"တောက်"

ဆိုင်ကယ်ကတော့ မောင်းသွားတာ အရိပ်အယောင်

www.burmeseclassic.com

www.burmeseclassic.com



တောင် မမြင်ရတော့ဘူး။

"ခွေးမသား. . . ဗလာချိုကြောသွားတာ"

"အေး. . . နောက်တစ်ချို ထိပ်တိုက်ပြန်မတွေ့ပါစေနဲ့လို့သာ ဆုတောင်းထားလိုက် ငါ့လူရေ"

ဆိုင်ထဲပြန်ဝင်ပြီး မိုတယ်အလုပ်သမားတစ်ယောက်ကို ဘီးလဲခိုင်းလိုက်ရတယ်။

အပိုဘီး ပြန်တပ်ပြီးချိန်နဲ့ ကျုပ်တို့ စားသောက်ပြီးချိန် ဟာ အံကိုက်ကလေးပဲ။

ပန်းနုကသာ မြိန်မြိန်ယှက်ယှက် စားနိုင်တာ။ ကျုပ်က ရင်ခံနေသလို သိပ်စားမဝင်လိုက်ပါဘူး။

ကျုပ်ဦးနှောက်တွေကို ဆိုင်ကယ်သမားက ဖွဲ့စားနေတယ်လေ။





ဒီကောင် ဘာကောင်လဲ။

ဘာအကြောင်းကြောင့် ငါ့ကို လာနှောင့်ယှက်နေရတာလဲ။

အဖြေရှာလေ ဦးနှောက်ခြောက်လေ။

❦ ❦ ❦

တောင်ငူမြို့ဖျားက ထွက်မိတာနဲ့ ချောလမ်းကို ဝင်မောင်းရတယ်။

မောင်းသူက လမ်းကျွမ်းတဲ့ ပန်းနုယမင်း။

တစ်နာရီလောက် မောင်းမိတော့ တောင်ဆန်တဲ့ လမ်းတစ်နေရာကို ရောက်ကရော။

ရှေ့မှာ လမ်းဆုံဖြစ်နေတယ်။ တစ်ဘက်လမ်းမှာ သစ်ပင်ကြီးလဲပြီး လမ်းပိတ်နေတာနဲ့ တောင်တက်လမ်းကို ပတ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သိပ်မကြာလိုက်ပါဘူး။ လမ်းကွေ့တစ်ခုကို အတက်မှာတော့ ရှေ့က မီးရောင်ကြီး ထိုးထားတာနဲ့ ဘီးလေးဖက်စုလုံး ရပ်သွားရတယ်။

ကားမီးရောင်နဲ့ ဆိုင်ကယ်ရှေ့မှာ ထွက်ရပ်လာသူကတော့ ဆံရှည်ကိုယ်တော် မကောင်းဆိုးဝါးကောင်လေး။

ကျုပ်လက်တွေက ရှမ်ဗိုင်းကုတ်ဂျာကင်ထဲက ပစ္စတိုဆီ ရောက်သွားတယ်။

တစ်ချိန်ထဲမှာ ဘေးက ကားတံခါးပွင့်သွားတယ်။

"ကိုကြီး"

ဆိုတဲ့ အော်သံခေါ်သံနှင့်အတူ ပန်းနုလက်ကြီးတစ်ဖက် နောက်ပါသွားပြီ။

ဂျိန်းခနဲ တံခါးပြန်ပိတ်သွားတယ်။





ကျုပ်ဘက်က တံခါးကို ဖွင့်ဆင်းမယ်ပြင်လိုက်ချိန်မှာတော့ နားထင်ကို ပြောင်းဝတစ်ခုက အေးစက်မာကြောစွာ ထောက်လာတယ်။

"သေနတ်ချလိုက်. . ."

မြတ်သာဦးဆိုတဲ့ ကျုပ်. . . ဒီတစ်ခါတော့ လက်မဦးနိုင်တော့ဘူး။ လက်ဦးမှုရသွားတဲ့ အမည်မသိရန်သူပေါက်စရဲ့အမိန့်ကို နာခံလိုက်ရတယ်။

"မင်း ဘာလိုချင်လို့လဲ"

ကားထဲက ဆွဲတုတ်ခံလိုက်ရာက ကျုပ် အရေးတကြီး မေးလိုက်တယ်။

ဆိုင်ကယ်သမားက ရယ်တယ်လေ။

ပြီးတော့ မှ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လိုချင်တာ ခင်မျှားပဲ၊ ငြိမ်ငြိမ်နေနော်၊ လက်နှစ်ဖက် ခေါင်းပေါ်တင်ထား"

"မင်း ငါ့ဆီက ဘာလိုချင်လဲ၊ ငါ့နောက်ကို ဘာလို့ လိုက်ရသလဲ၊ ခုလို ဘာကြောင့် စောင့်ဖမ်းရတာလဲ"

ငနဲလေးက အဖြေမပေးဘူး။

တဟားဟားနဲ့ပဲ ရယ်နေလေရဲ့။

"ပြောစမ်းပါဦး၊ မင်းဘယ်သူလဲ၊ မင်းဘာလိုချင်သလဲ"

"ကျုပ် ခင်မျှားကိုပဲ လိုချင်တာလို့ ပြောပြီးပြီပဲလေ"

"မင်းစကားကို ငါ နားမလည်ဘူး၊ မင်း ရူးနေသလား၊ ငါ ဘယ်သူလဲဆိုတာ မသိလို့သာ ခုလိုလုပ်တာပေါ့။ ငါ့နာမည် မြတ်သာဦးကွ။ မင်း. . . မြတ်သာဦးဆိုတဲ့ နာမည် နည်းနည်းလေးမှ မကြားဖူးဘူးလား၊ ဟန်းဖုန်းနဲ့ ဆက်လိုက်တာ





နဲ့ ငါ့လူတွေ ရောက်လာပြီး မင်းကို အမှုန့်ခြေပစ်လိမ့်မယ်"

"အပိုတွေ ပြောမနေပါနဲ့တော့ဗျာ၊ လေကုန်ရုံပဲ ရှိမယ်၊ ခင်မျှားအဖို့ အားလုံး နောက်ကျသွားပြီ. . . ဟား ဟား ဟား"

သူက ဆက်ရယ်တယ်။ ဟက်ဟက်ပက်ပက် ရယ်လို့ အားရတော့မှ

"ဟား ဟား ခင်မျှားကိုယ်ခင်မျှား မြတ်သာဦးလို့ ထင်နေပေမယ့် ခင်မျှာဟာ မြတ်သာဦးမှ မဟုတ်တာ"

"ဘာကွ၊ မင်းရူးနေသလား၊ ငါ မြတ်သာဦးမှ မြတ်သာဦးအစစ်"

"မဟုတ်ဘူး၊ ကျုပ် မရူးသလို ခင်မျှားလည်း မြတ်သာဦး မဟုတ်ဘူး"

ရော။ ဒီကောင် အသားလွတ် ဘာလာကြောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။

ပုံကြည့်ရတာ ဒီကောင့်ခေါင်းထဲက အိုင်စီတွေ ရှော့ဝင်နေပြီနဲ့တူတယ်။ သူ့ကို တစ်ပတ်ရိုက်ဖို့ ကျုပ် ကြံမိလိုက်ရာက

"ထားပါတော့၊ ငါက မြတ်သာဦး မဟုတ်ဘူး၊ မင်းကရော ဘယ်သူလဲ"

သူက တဟီးဟီးနဲ့ ရယ်ပြန်တယ်။

နောက်. . .။

"ပြောရင် ခင်ဗျား ယုံမှာမဟုတ်ဘူး၊ ကျုပ်ကမှ မြတ်သာဦး၊ မြတ်သာဦးဆိုတာ ကျုပ်"

"ဘာ. . . ဘာပြောတယ်"

ကျုပ် နားမလည်နိုင်တော့သလို ဒေါသဖြစ်ဖြစ်နဲ့ သူ့ကို ခုန်အုပ်ဖို့ ကြိုးစားလိုက်ချိန်မှာပဲ ဂျိုစောင်းမှာ သံပူကြီးထိုးလိုက်





သလို ပူခနဲ နွေးခနဲ။

တစ်ပြိုင်ထဲမှာလည်း ပန်းနုရဲ့ ရူးရူးဝါးဝါး အော်သံလေးကို နောက်ဆုံးကြားလိုက်ရတော့တယ်။

✽ ✽ ✽

ကျုပ် သတိပြန်ရရချင်း ပန်းနုကို အရင်ဆုံး တမ်းတလိုက်မိတယ်။

ပန်းနုဘယ်မလဲ၊ ဘာဖြစ်သွားပြီလဲ။

ပြီးတော့ ကျုပ် အခု ဘယ်ရောက်နေသလဲ၊ ဘာတွေဖြစ်နေသလဲ။

အိပ်မက်မဟုတ်တာတော့ သေချာတယ်။

အိပ်မက်မဟုတ်ဘူးလို့ သိလိုက်တာနဲ့ ထိတ်လန့်ချောက်ချားမှုတွေက လွှမ်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ပတ်ဝန်းကျင်မှာ အလင်းရောင်ဖျော့ဖျော့လေးသာ ရှိနေတယ်။

ဟိုး ခေါင်မိုးထိပ်ဖျားက သံတိုင်တစ် ပြတင်းပေါက်ငယ်လေးက ဝင်လာတဲ့ တစ်စုတည်းသော အလင်းရောင်။

ဒါကလွဲလို့ လေးဘက်လေးတန် အလုံပိတ် အုတ်နံရံကြီးတွေသာ ကာရံထားတယ်။

ပေါက်ပြဲနေတဲ့ အင်္ဂတေကြမ်းခင်းပေါ်မှာ ဘာပရိဘောဂမှ မရှိဘူး။ လက်စသတ်တော့ ကျုပ်ဟာ အကျဉ်းသမားဘဝ ရောက်နေပါပေါ့လား။ မဖြစ်နိုင်ဘူး။ လူတကာ မျက်နှာမွေးကို ကြိုးတန်းလျှောက်ခဲ့တဲ့ မြတ်သာဦးလို လူစားက ဒီလိုဘဝ ရောက်ရမှာတဲ့လား။

ကျုပ် တစ်ကိုယ်လုံး မကျေမနပ်နဲ့ နာကျည်းခံပြင်းမှုတွေ လိုက်ဆုသွားတယ်။

ဒီအချိန်မှာပဲ လေးလံတဲ့ သံမဏိအပြား တံခါးကြီး တွန်းရွှေ့သွားသံနဲ့အတူ ဝင်လာတာက ဆံရှည်မိစ္ဆာကောင်။

ကျုပ် ဒီကောင့်ကို ပြေးလည်ပင်းညှစ်မယ်လို့ ထ,လိုက်ပေမယ့် ခြေတွေလက်တွေ ချိနေသလို ယိုင်လဲသွားရတယ်။

"ဘယ်နဲ့ ကိုယ့်ဆရာကြီး၊ ကျန်းခန့်သာလို့ မာပါစ"

သူက ရိသဲ့သဲ့ နှုတ်ဆက်စကား ဆိုလိုက်တယ်။ သူ့လေသံက အပေါ်စီးအနိုင်ရသူတွေရဲ့ မာန်တွေပါနေပြီး မခိုးမခန့်နိုင်ပါဘိသနဲ့။

"ဒီ. . .ဒီမယ် မင်းနဲ့ငါ အပေးအယူ တစ်ခုခု လုပ်ရအောင်လား၊ ပန်းနုကြောင့်တော့ ငါ့ကို ဒုက္ခမပေးပါနဲ့"

"ခု ဖာတ်လမ်းက ပန်းနုနဲ့ ဘာမှမဆိုင်ဘူး၊ ခင်ဗျားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် နှစ်ယောက်ထဲ ရင်ဆိုင်ဖြေရှင်းရမယ့်ဇာတ်လမ်း''

''ဒါဆိုလည်း ငါ့မှာ ရေတွေ ကုန္ဓေချိုးပြီး လှုံနေတာပဲ၊ မင်းဘာလိုချင်သလဲ၊ သိန်းဘယ်လောက်လိုချင်သလဲ၊ မင်းပြောသလောက် ငါပေးမယ်၊ ငါ့ကို ပြန်လွှတ်ပေးပါ''

''မလိုဘူး၊ တစ်ပြားမှ မလိုချင်ဘူး။ ဒီအချိန်ကျမှ ခင်ဗျားငွေတွေက ဘာအသုံးကျတော့မှာမို့လဲ၊ ဟား ဟား ဟား ဟား''

''မင်း ခုလို ငါ့ကို ချုပ်နှောင်ညှဉ်းဆဲ သတ်ဖြတ်မယ်ဆိုတာ ရာဇဝတ်မှုကွ၊ ဥပဒေအရ အပြစ်အကြီးအကျယ် ခံရမှာနော်၊ နောက်ဘဝကျတော့လည်း ငရဲကျဦးမယ်''

''ခင်ဗျားလို ကျားငစဉ်းလဲ ပါးစပ်က မွေကာထိက လေသံတွေနဲ့ သွေးရူးသွေးတန်း တရားချနေလို့အပိုပဲ၊ ကျုပ် ငရဲကျ





ှာက နောက်၊ လောလောဆယ် ခင်ဗျား ငရဲကျနေတာကိုပဲ သတိရပါဦး''

မာရ်နတ်သား အရှုပ်မိစ္ဆာက ကျုပ်စကားကို နားဝင်ချိုတဲ့ပုံစံမပြ။ ဒီတော့လည်း ကျုပ် လေသံပြောင်းလိုက်ရပြန်တယ်။

''မင်း ငါ့ကို ဘာဆေးတွေများ တိုထားသလဲ၊ ငါ ချီသလို ဖြစ်နေပြီ၊ ဘာပဲဖြစ်ဖြစ် မင်းကိုငါ သိန်းတစ်ရာ ပေးပါ့မယ်ကွာ၊ ငါ့ကို ရှေ့ဆက်မညှဉ်းပါနဲ့တော့''

''အိုး. . . ခင်ဗျား သိန်းတစ်ရာ ကျုပ်က ဘာလုပ်ရမှာလဲ၊ သိန်းသုံးထောင်လောက်တန်တဲ့ ကားကြီးနဲ့ ခင်ဗျား အသည်းကျော်လေး ပန်းနုကိုတောင် ရန်ကုန်ပြန်ပို့ပေးလိုက်ပြီပဲဟာ။

''ဒါဆို ပန်းနုက ရဲသွားတိုင်ပေါ့၊ မင်း ကောင်းကောင်းကြီး ဒုက္ခရောက်သွားမယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မဖြစ်နိုင်တာ၊ ပန်းနုက ကျူပ်ချစ်သူပဲ၊ ကျူပ်ကို သူ ဒုက္ခပေးပါ့မလားလို့"

ဒီတွင် ကျူပ် နည်းနည်းတော့ သဘောပေါက်သွားပြီလေ။ လက်စသတ်တော့ ပန်းနုကို တည်ကြက်လုပ်ပြီး ခွေးသားက ကျူပ်ကို ထောင်ချောက်ဆင် ကျုံးသွင်းခဲ့တာကိုး။

နေနှင့်ဦးပေါ့ကွာ။ ငါလွတ်သွားရင်တော့ မင်းကို လယ်ကြိတ်စက်နဲ့ တက်နင်းပစ်မယ်။

"ဒီမှာ ဟော့လူကြီး၊ ခင်ဗျား နားလည်ဖို့က ခု ဒီနေရာမှာ ခင်ဗျားကို ဘယ်သူမှ လာကယ်နိုင်မှာမဟုတ်ဘူး၊ ရက်စက်ယုတ်မာလွန်းတဲ့ ခင်ဗျားကြီးကို သတ်ချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာဆိုတော့ ခင်ဗျား ပျောက်သွားတာကို ခင်ဗျားရဲ့ တပည့်တွေကအစ လိုက်ရှာကြမှာလည်း မဟုတ်ဘူး။





ခင်ဗျား ရောက်နေတဲ့နေရာဟာ တောထဲတောင်ထဲက ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးလွှမ်းထားတဲ့ ဂျပန်လက်နက်တိုက်ဟောင်းကြီးဗျ။ ထွက်ပေါက်ရှာပြေးဖို့တော့ မစဉ်းစားနဲ့၊ ခင်ဗျားကို လုံခြုံစိတ်ချရတဲ့နေရာမှာ လာဝှက်ပြီး အပန်းဖြေအနားယူခွင့် ပေးထားတယ်လို့သာ မှတ်လိုက်။

ဒီ့အတွက် ကျူပ်ကိုတောင် ခင်ဗျား ကျေးဇူးတင်ပြီးမယ်။ ရော့. . . ဟော့ဒါ ခင်ဗျားအတွက် ရိက္ခာနဲ့ရေ။ ချွေချွေတာတာသောက်။ နောက်တစ်ခေါက် ကျူပ် ဘယ်တော့မှ ပြန်ရောက်လာမယ်ဆိုတာ မပြောနိုင်ဘူး"

ငနဲလေးက ပြောပြောဆိုဆို ရေသန့်ဗူးကြီးတစ်ဗူးနဲ့ ငါးသေတ္တာ၊ မုန့်ကျွတ်၊ ပေါင်မုန့်တွေပါတဲ့ ပလပ်စတစ်အိတ်ကြီးတစ်လုံးကို ချထားပေးခဲ့ပြီး သံမဏိတံခါးကြီးက ထွက်သွားပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

"နေစမ်းပါဦး၊ မင်း ဘယ်သူလဲ၊ ငါ့ကို ဘာကြောင့် ဒီလိုနှိပ်စက်နေရတာလဲ၊ နှိပ်စက်မယ့်အစား သတ်သွားလိုက်ပါလားကွ"

"မသတ်ပါဘူးဗျာ။ ခင်ဗျားကို မြန်းခနဲ မသေစေချင်ပါဘူး၊ မသေစေချင်သေးလို့လည်း စားစရာရိက္ခာတွေ ပေးထားခဲ့တာပေါ့၊ သေသွားမယ့်အစား ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းရဲ့ အရသာကို မြိန်မြိန်ယှက်ယှက်ကလေး ခံစားစေချင်တာပဲ ရှိပါတယ်။

ကိုယ်က သူများကို မတရားအနိုင်ကျင့်ခဲ့ရင် တစ်နေ့ ကိုယ့်ကိုလည်း နိုင်တဲ့လူ ပေါ်မှာပဲ၊ ကိုယ့်အလှည့် သူ့အလှည့် ဆိုတဲ့ သဘောလေးသိသွားရင် ကျေနပ်ပါပြီ"

မိတ္တာကောင်က သံမဏိတံခါးကြီးအပြင်ဘက် ရောက်





သွားပါပြီ။

သူ ပြန်မပိတ်ခင်လေးမှာ ကျုပ်က အလုအယက်

"မင်း မပြန်ခင် တစ်ခုတော့ ပြောသွားပါဦး၊ မင်း ဘယ်သူလဲဆိုတာ"

"ကျုပ်လား၊ လူတကာနဲ့ ယှဉ်လိုက်ရင် မြွတ်မှသာမှ ဦးမှကြိုက်တဲ့ မြွတ်သာဦးလေ၊ ဟဲဟဲ. . . ဟဲ"

"ဟုတ်ပြီ၊ မင်းက မြွတ်သာဦးဆိုတော့ ငါကကော"

"ခင်ဗျားလား၊ အင်း. . . ခင်ဗျားက သားလေးတစ်ယောက်ကို စက်ဘာပူပို့ဖို့ အိမ်ကို သိန်း(၃၀)နဲ့ ပေါင်ပြီး (၃)နှစ်အကြာမှာ တိုးရင်းပေါင်း သိန်း(၁၀၀) မဆပ်နိုင်လို့ အိမ်အသိမ်းခံလိုက်ရရာက၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မစားနိုင် မအိပ်နိုင်နဲ့ စိတ်ဝေဒနာ ခံစားရပြီး သူ့ကိုယ်သူ သတ်သေသွားရရှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလှလှ၊ မှတ်မိပလား၊ ကျုပ်က မြတ်သာဦး၊ ခင်ဗျားက တွန်ကြော့ပြန် ဦးလှလှ၊ ဟုတ်လား၊ ဟား ဟား ဟား ဟား၊ ကဲ သွားလိုက်ဦးမယ် ဦးလှလှရေ. . .''

'ဂျိန်း' ခနဲ တံခါးပိတ်၊ သော့ခတ်သံကြီးတွေနဲ့အတူ တစ်ကြော့ပြန် ဦးလှလှ ဆိုတဲ့ အသံတွေက ကျုပ်နားထဲမှာ ပဲ့တင်ထပ်သွားတယ်။

❀ ❀ ❀

ဩ. . . လက်စသတ်တော့ ဆံရှည်မိန္ဓာဟာ ဦးလှလှရဲ့သား။

စကားပုံသွားရာက အဆက်ပြတ်သွားပြီး ဂျပန်ရောက်နေသလိုလို ဘာလိုလိုနဲ့ ပျောက်ဆုံးသွားတဲ့ကောင်။

ခုတော့ ဘယ့်နှယ်ဘယ်လို ပြန်ရောက်လာမှန်း မသိပဲ





ကို သင်ခန်းစာပေးခဲ့တာပါလား။

ကျုပ် လျှော်လှိုင်းမိပြီး တုန်ခါသွားရတယ်။

အာမဟုတ်တဲ့ ကောင်လေးတစ်ကောင်က ထင်တိုင်းနိုင်ကျင့်တာကို ကျုပ်ခံရမတဲ့လား။

အလုံပိတ်တိုက်ထဲက ဖောက်ထွက်ဖို့ ကျုပ် ကြိုးစားတာပါ။

လက်တွေသာ သွေးချင်းချင်းနီပြီး အားတွေကုန်ခမ်းရုံသာ အဖတ်တင်ခဲ့ရတယ်။

ဒီတော့လည်း နေ့ရောညပါ အမှောင်နဲ့ နပမ်းလုံးခဲ့ရတော့တာပါပဲ။

မသေရုံတမယ် စားပြီး အိပ်မက်ဆိုးတွေကြား ချောက်နေခဲ့ရတယ်။

www.burmeseclassic.com



ဘယ်သူလာလိုလာငြား အသံကုန်ဟစ်ပြီး အကူအညီတောင်းပါသေးရဲ့။ ဒါပေမယ့်လည်း တောကြီးမျက်မည်းထဲ ကယ်သူမဲ့ဘဝမှာ မျှော့မျှော့လေး အသက်ဆက်ရှင်နေခဲ့ရတယ်ပဲ ဆိုပါတော့။

ဒီနောက် ဘယ်နှစ်ရက်ကြာသွားမှန်း မသိတော့ဘူး။

အစာရေ ရေပါ ပြတ်သွားတယ်။

နေ့ရောညပါ အအေးဒဏ်တွေ ဖိစီးပြီး အဖျားဝင်လာတယ်။

လူလည်း ကယောင်ကတမ်းတွေ ဖြစ်ချင်လာတယ်။

သိန်းပေါင်း ထောင်ပေါင်းများစွာသော ငွေတွေ၊ စည်းစိမ်ဥစ္စာတွေနဲ့ ပန်းနုယမင်းရယ် မကာယ်နိုင်တော့ဘူးလားကွယ်။

အအိပ်ပျက် အစားပျက်နဲ့ ကျုပ် ဘယ်လိုပုံစံ ပေါက်နေ





မှန်းလည်း မသိတော့ပါဘူး။

ဒီကြားထဲမှာ မာရိနတ်မိစ္ဆာ တစ်ခေါက်တော့ ရောက်လာတယ်။

ရေသန့်ပုလင်းတစ်လုံးနဲ့ ပီနန်အိတ်နှစ်လုံး ပြတင်းပေါက်က လာပစ်ချသွားတာပါ။

ရေသန့်ပုလင်းက ကြမ်းပေါ်အကျမှာ ကွဲသွားတယ်လေ။

ဒီတော့လည်း အက်တေချိုင့်ပေါက်ထဲက ရေတွေကိုလေးဘက်ထောက် လျက်ရတဲ့ဘဝ။

ပီနန်အိတ်တစ်လုံးကို စားစရာအမှတ်နဲ့ သွားဖွင့်ကြည့်လိုက်တော့. . . လားလား မြွေကြွက်ကြီး သုံးကောင်။

နောက်တစ်အိတ်ကျတော့. . .။

"အမလေး. . . မြွေဟောက်ကြီးပျ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ဦးလူလုရေ. . . ခင်ဗျား ပျင်းနေမှာစိုးလို့ အဖော်တွေ လာပို့တာ၊ ပြန်လိုက်ဦးမယ်ဗျို့. . . ဦးလူလု ကျန်းမာပါစေ၊ ချမ်းသာပါစေ"

"ငါ့ကို တံခါးဖွင့်ပြီး ပြန်လွှတ်ပေးပါ၊ မင်းကို သိန်းသုံးထောင်နဲ့ တိုက်တစ်လုံး၊ ကားတစ်စီး ပေးပါ့မယ်ကွာ"

"သွားစမ်းပါ၊ ရူးကြောင်မူးကြောင်နဲ့ ဘာတွေလာကြောင်နေတာလဲ ဦးလူလု၊ ခင်ဗျား ငွေတွေ ကားတွေက ဘာတန်ဖိုးရှိမှာမို့လဲ၊ အဓိကက လူဗျ၊ လူ့အသက်. . . ဒီတော့ ခင်ဗျားဟာခင်ဗျား အသက်ရှင်လွှတ်မြောက်ဖို့သာ ကြိုးစားပေတော့၊ သွားပြီ ဦးလူလုရေ. . . ဘိုင့်ဘိုင်"

ကားတစ်စီး မောင်းထွက်သွားသံက တဖြည်းဖြည်း ဝေးဝေးသွားတယ်။





ကျုပ် မိစ္ဆာကောင် နာမည်ကို မသိတော့ သူပြောတဲ့ နာမည်ပဲ ကျုံးအော်လိုက်တယ်။

"မြတ်သာဦး၊ ငါ့ကို တစ်ယောက်တည်း ပစ်မထားခဲ့ပါနဲ့ မြတ်သာဦး. . . ပြန်လာပါဦး"

အော်လို့ဝတဲ့အဆုံး ရင်ထဲက ပွင့်ထွက်သွားတဲ့ အသံတွေဟာ ငိုသံပါကြီး။

"ရက်စက်လိုက်တာ ခွေးမသားရာ"

အိုဗျာ၊ ကျုပ် စိတ်ပျက်လက်ပျက်နဲ့ ချုံးပွဲချငိုပစ်လိုက်မိတယ် ဆိုပါတော့။

ငရဲပဲ။ အရှင်လတ်လတ်ကျတဲ့ ငရဲ။

ကြွက်တွေက သောင်းကျန်းသလား မမေးနဲ့။

မြွေဟောက်ကောင်ကလည်း အစာရှာရင်းက ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချက် ပေါက်မယ်မှန်းမသိ။ ကြောက်လန့်နေရတာက တစ်မျိုး။

ည မပြောနဲ့၊ မနက်ဘက်ကြီးတောင် တစ်မှေးမအိပ်ခဲ့ရဘူး။

ညဘက် အိပ်မယ်ကြံပြန်တော့လည်း အစာငတ်နေတဲ့ ကြွက်တွေက ကျုပ်ကို လာဆွဲချင်ကြတာကလား။

အစာငတ် ရေငတ်တဲ့ဒဏ်၊ အိပ်ရေးပျက်တဲ့ဒဏ်၊ ချောင်ပိတ်ခံထားရတဲ့ဒဏ်တွေ အားလုံးပေါင်းတော့ ကျုပ်. . . လူရုပ်မပြောနဲ့၊ လူစိတ်တောင် ပျောက်ချင်ချင်။

တစ်ချိန်တော့ ကျုပ် ကြွက်တစ်ကောင်ကို လိုက်ရိုက်ပြီး အသေသတ်မိလိုက်တယ်။ ဒီတင် ကျန်တဲ့နှစ်ကောင်က ကျုပ်ကို ဝိုင်းကိုက်တော့တာပဲ။





ငယ်သံပါအောင် အော်သံတွေကို နားကွဲမတတ် ကြားလိုက်ရတယ်။

တခြားဟုတ်ပါရိုးလား။ ကျုပ်အော်သံတွေပေါ့။

ကျုပ်ဟာ တစ်ချိန်လုံး ချောက်ချားစွာ အိပ်မက်တွေကြားမှာ အော်ဟစ်ညည်းတွားနေရတယ်။

ကြွက်တစ်ကောင်ကို ကျုပ် ထပ်သတ်လိုက်နိုင်တယ်။

မြွေဟောက်ကလည်း ကျန်တဲ့အကောင်ကို ပေါက်ပစ်လိုက်တယ်။

ဒါပေမယ့်. . .။

ကျုပ် အိပ်ရေးဝအောင် မအိပ်နိုင်တော့ပါဘူး။ ကယောင်ကတမ်း ထထအော်မိတဲ့ ကျုပ်အသံတွေကြောင့် ကျုပ် လန့်နိုးခဲ့ရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ မြွေပောက်ရန်ကို ရှောင်ရင်းက သံတံခါး ကြီးနား ရောက်သွားတယ်။

တံခါးကြီးကို ရှိစုမဲ့စုအင်အားနဲ့ ဆွဲလှုပ်ကြည့်မိတယ်။

သော့ခတ်ထားပုံရတာနဲ့ ဆွဲဖွင့်ကြည့်လိုက်တော့ တအိအိ ပွင့်သွားတော့တာပဲ။ လွတ်ပြီ၊ ကျွတ်ပြီ။

ဒါပေမယ့် ကျုပ် ဝေးဝေးမလျှောက်နိုင်ဘူး။ တစ်လှမ်းနဲ့ တစ်လှမ်း မနည်းဆက်ရတယ်။

ဒီကြားထဲကပဲ ငရဲတိုက်ကြီးက ဝေးရင်ပြီးရောဆိုပြီး ဖွတ်မိတ်ရုန်းကန်ခဲ့ရတာပဲ။

လေးဘက်ထောက် လဲသွားတဲ့တိုင်အောင် လေးဘက် တွားပြီး ခရီးဆက်ခဲ့တယ်။

ဘယ်လိုကဘယ်လို ကားလမ်းမကြီးပေါ် ရောက်သွား





တယ် မသိနိုင်ဘူး။

ယူနီဖောင်းဝတ်ရဲတွေ ပါလာတဲ့ ဟိုင်းလက်(စ်)ကားတစ်စီးနဲ့ ဝင်တိုက်မိမလို ဖြစ်သွားတယ်။

ရဲအရာရှိတစ်ယောက် ဆင်းလာရာက ကျုပ်ကို မြင်ပြီး မျက်နှာဖြူဖတ်ဖြူရော်နဲ့ သွေးဆုတ်သွားတယ်။

"ခင်ဗျား ဘာဖြစ်လာတာလဲ၊ ဘယ်ကလာပြီး ဘယ်သွားမလို့လဲ"

"ကျုပ် ငရဲပြည်ကလာတာ"

အမှန်အတိုင်း ကျုပ်ပြောလိုက်တာလေ။

သူတို့ကို ကျုပ် ရဲအစစ်တွေရယ်လို့ မယုံသလို ကျုပ် စကားကိုလည်း သူတို့ ယုံပုံမရဘူး။

"ခင်ဗျားနာမည် ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်လား. . . လှုလှ၊ ဟုတ်တယ် ကျုပ်နာမည် ဦးလှုလှ၊ ကြွက်တွေ မြွေတွေရှိတဲ့ ရေပြည်က လွတ်လာတာ"

ရေတွေလည်း ခေါင်းတခါခါနှင့် ကားပေါ်တက် ခရီးဆက်သွားကြတယ်။ ထင်သားပဲ။ ရေအတုကြီးတွေ ဖြစ်မှာပေါ့။

ကျုပ် ဘယ်သူမှ မယုံတော့ဘူး။

ကျုပ်ကိုယ်ကျုပ် ဘယ်သူမှန်းလည်း မသိတော့ဘူး။

ကဲ. . . ကျုပ်အဖြစ်ကို ပြောပြလို့ကော ဘယ်သူက ယုံမှာလဲ။

ကျုပ် လှုလှုဆိုတာပဲ အသည်းထဲ စွဲနေတော့တယ်။

ကျုပ်လေ မြတ်သာဦးဆိုတဲ့ကောင်ရော၊ ပန်းနုယမင်းကိုကော အမုန်းကြီး မုန်းသွားပြီ။





မြတ်သာဦးကို အရမ်းမုန်းတယ်။

မုန်းမှာပေါ့။ ကျုပ်က လှုလှု မဟုတ်လားလို့။

ညီညီနိုင်

www.burmeseclassic.com

# ချစ်သူ့လော

မင်းကြီးမ

ပစ်ကွင်းက ရှင်းသည်။ ကျွန်ုပ်၏ သေနတ် ဒင်းကို မတင်းမကြပ် ဖိကပ်လိုက်ခြင်း မောင်းခလုတ်ကွင်း (ကွေးကာ) ထဲရှိ မောင်းခလုပ်အပေါ်သို့ ညာလက်ညှိုးခလယ်ဆစ်ကို တင် လိုက်သည်။

ရွှေမြင်ကွင်းနှင့် ညကြည့် အဖြူရောင်ထုတ် ချိန်သီး ကို မှန်းဆလျက် ညဘက်ချိန်တွယ်မှုတို့ အာရုံခံစားပြီး ချိန်





တွယ်လိုက်စဉ် အရုဏ်အလင်းစင် ကြက်သွေးရောင်ဆန်း အလင်းနှင့် ကျွန်ုပ်၏ အသိစိတ်က ပစ်သတ်မည့်မြင်ကွင်းက ကျားသတ္တဝါ မဖြစ်နိုင်။ အလျားလိုက် အရိပ်မဲ ရှိနေရမည့် အစား ဒေါင်လိုက်အရိပ်မဲဖြစ်နေ၍ စဉ်းစားလိုက်၏။

မှားယွင်းပစ်ခတ်မှုဖြစ်လျှင် တိရစ္ဆာန်တစ်ကောင်ကောင် ဖြစ်က ပြဿနာမရှိ၊ လူဖြစ်သော် အတွေးစိတ်နှင့် သုံးသပ်လျက် မောင်းခလုပ်ကိုဆွဲမည့် ညာလက်သည် ခါးမှဓာတ်မီးကို စမ်း လိုက်ပြီး မီးထိုးလိုက်၏။

လင့်စင်ပေါ်တွင် အိပ်ငိုက်နေသော ကျွန်ုပ်တပည့်လည်း မီးရောင်ကြောင့် နိုးလာပြီး ဓာတ်မီးအလင်းထိုးထားသည့်နေရာ ကို ကြည့်လိုက်လျှင် . . .

"ဟင် ဆရာ ဒီမိန်းကလေး ဘယ်ကရောက်လာသလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က မေးမနေနဲ့ မြန်မြန်ဆင်းဟု ပြောလိုက်မှ သစ်ပင်ထက်မှ ကျွန်ုပ်ပါ ဆင်းလိုက်၏။ မီးရောင်အလင်းသည် အားနည်းလာ၏။ အာရုဏ်နေ၏ အလင်းကြောင့် မှေးမှိန်သွားသော်လည်း စူးစိုက်စွာရပ်ကြည့်နေသော မိန်းကလေးသည် ကျွန်ုပ်တို့ကို ကြောက်ရွံ့ဟန် တွေ့ရပြီး ဤနွားသေအနား ဘာကြောင့် ရောက်လာလေသနည်း။ ဤနေရာရှိ နွားသေသည် ကျားဆွဲခြင်းကြောင့် သေဆုံးသော နွားဖြစ်၏။ကျားအန္တရာယ်ကို ရွာသားများ ကြောက်ရွံ့လေသဖြင့် ကျွန်ုပ်ထံ လာရောက်အကူအညီတောင်းခဲ့သည်။

ကျားဆွဲ၍ သေဆုံးသော နွားကို သနပ်ခါးလိမ်းပန်းပန်လျက်လိုအပ်သော ဓလေ့ထုံးတမ်း ပြုမြင်ဆောင်ရွက်မှု လုပ်ရ၏။ ထိုသို့လုပ်ပါက တန်ပြန်သည့်အနေဖြင့် ကျားသည်သူကိုက်





သိုသတ်ဖြတ်ထားသော သားကောင်ထံ မဖြစ်မနေ လာတတ်လေ၏။

ကျွန်ုပ်ဦးစီးသော တပ်စုသည် ဤရွာတွင် စခန်းချနေသဖြင့် ကူညီခြင်းဖြစ်သည်။ ကျွန်ုပ်သာ လွဲမှားသော သုံးသပ်ချက်ဝင်လျှင် နွားသေအနီးရပ်လျက်ရှိသော မိန်းကလေးအသက်ရှင်ဖွယ် မရှိ. . . ကျွန်ုပ်လည်း စစ်ဘက်ဥပဒေအရ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့စည်း၍ မလိုအပ်သောပြဿနာ ဖြစ်သွားနိုင်သဖြင့် ဒေါသတွေ ဖြစ်သွားနိုင်သဖြင့် ဒေါသထွက်သော စိတ်ဖြင့် မိန်းကလေးဆီ လျှောက်သွားကာ

"ဟိတ် ဒီမှာ ဘာလာလုပ်တာလဲ"

"ည(၆)နာရီထိ ရွာပြင်မထွက်ရတာ မသိဘူးလား"

ကျွန်ုပ်စကားကြောင့် မိန်းကလေးသည် ကြောက်ရွံ့ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ကြည့်လျှက် ဟုတ်ပါတယ်ရှင် စောစောရေခပ်ပြီးမှချက်ပြုတ်နိုင်မယ်။ ကျွန်ုပ်သေချာစွာကြည့်လိုက်ရာ ဝါးရေဗူးကိုကြိုးသိုင်းဖြင့် လွယ်လျက်ဖြင့် တွေ့ရသည်။

"မိန်းကလေး ဒီမှာအန္တရာယ်ရှိတယ် တွေ့လား မင်းနားမှာ နွားသေ"

ဟု ဆိုလိုက်မှ မိန်းကလေး ပို၍ ကြောက်ရွံ့သွားသလား ထင်မှတ်မိ၏။ အလင်းရောင်မှာ ပြည့်ဝရှင်းလင်းနေသဖြင့်

မိန်းကလေး၏ပါးတွင် အနီရောင်အစွန်းအထင်းက သိသာလှ၏။

တောသူများ ရိုးပါပေသည်။ ညအိပ်စဉ် နှုတ်ခမ်းနီဆိုးထားလေ၍ ပါးတွင် အနီကွက်ဖြစ်ပေါ်နေခြင်းဟု ကျွန်ုပ်





သုံးသပ်မိလိုက်၏။

"ကဲကဲ မရွှေချောရေ မြန်မြန်ခပ် ရွာထဲပြန်ဝင်"

ဟု ဆိုလိုက်ရာ

"ရှင်ရှင် ကျွန်မနာမည်ကို သိလို့လား"

ရုတ်တရက်ပြန်မေး၏။ ကျွန်ုပ်ကလည်း မဆီမဆိုင် မေးလာသောစကားကြောင့်

မင်းနာမည် ကျုပ်မသိဘူး. . .

ရှင်ခေါ်လိုက်တယ်လေ။ ကျွန်မနာမည်က 'ရွှေချော'

ဟု ဆိုလိုက်မှ တောသူများ၏ ရိုးသားမှုကို ကျွန်ုပ်သဘောကျ၍ ရယ်လိုက်ပြီး မိန်းကလေးကို လှောနိုင်းလျှက်တပည့်ကျော် ဖိုးထော်ကိုခေါ်၍ ပြန်လည်ထွက်ခွာခဲ့ခြင်း မိန်းကလေး ကျန်ရစ်နေသည်။ တပ်စခန်းကိုရောက်လျှင် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တိုင်တဲ့ဆိုပ်၊ နို့ဆီဖြင့် လက်ဖက်ရည်ကို ဖိမ်ခံသောက်လိုက်ခြင်း ပြီးလျှင်. . .

ဖိုးထော်ရေ ရွာဈေးသွားရင် သူကြီးအိမ် သွားကြရအောင်ဟုဆိုကာ ရဲဘော်ဖိုးထော်နှင့်အတူ ကုန်ပြင်ရွာ(သူကြီး) အိမ်သို့ သွားခဲ့လေသည်။ သူကြီးအိမ်ရောက်လျှင် ညက အဖြစ်အပျက်တွင် ကျားမပစ်ရဘဲ မိန်းကလေးတစ်ဦးကို မှားယွင်းပစ်ခတ်မည့်အဖြစ်ကို ပြောပြမိ၏။

ရွာသူကြီးက ကျားဆိုးအန္တရာယ်ကြောင့် လွန်စွာရင်လေးကြောင်း အထပ်ထပ်ပြောပြ၏။ ထိုအချိန်က ရောဝတီတိုင်းတွင် ဖြတ်(၄)ဖြတ်ဖြင့် သောင်းကျန်းသူတို့အား နှိမ်နင်းနေရချိန်ဖြစ်၏။ ကျွန်ုပ်တို့က ရေကြည်မြို့နယ်၊ ဝေနိမြစ်အနောက်ဘက် ရိုးမတောစပ်ရှိ ကုန်းပြင်ရွာကြီးကို အခြေပြုထား၏။ ကင်းပုန်း





ဝပ်ခြင်း၊ တိုက်ကင်းလှည့်ကင်းနားနေချိန်တွင် ကူညီနိုင်သော်လည်း မုဆိုးမတစ်ဦးကဲ့သို့ နေ့စဉ် ကူညီနိုင်ခြင်း မရှိလေ၍

ကူညီခွင့် ရချိန်တိုင်း ကူညီမည်ဖြစ်ကြောင်း ပြောဆို၍ ရွာထဲသို့ ကျွန်ုပ်တို့ ဆရာတပည့်ထွက်လာခဲ့၏။ တပ်စုအတွက် လိုအပ်သော ရိက္ခာကို ဝယ်ယူရန် ဖြစ်လေသည်။ ရွာဈေးသည် မကြီးမားသော်လည်း အသားငါးလွယ်ကူစွာ ရနိုင်သဖြင့် ဖိုးထော်ကို ဝယ်ယူခိုင်းလျက် ကျွန်ုပ်က အကြော်တဲတွင် ကောက်ညှင်းပေါင်းနှင့် ပူးသီးကြော် စားနေလေသည်။ ကျွန်ုပ် ဈေးသွားဈေးလာတို့ကိုလည်း ဂရုတစိုက်ကြည့်၏။

ရန်သူသည် ရွာတွင်းသို့ဝင်၍ ဈေးသွားတို့နှင့် ရောနှောကာ ရိက္ခာဝယ်ယူတတ်၏။ ကျွန်ုပ်တို့၏ ဖြတ်(၄)ဖြတ်တွင် ရန်သူများ ရိက္ခာမရနိုင်ရေးကိုလည်း အဓိကထား ဖြတ်တောက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အလင်းဝင်ရောက်လာသူများလည်း မနည်းတော့ချေ။ စစ်သားဟူသည် သွားသတိ၊ လာသတိဖြင့် နေထိုင်ရသည်။

အကြပ်ငယ်သင်တန်း၊ အကြပ်ကြီးသင်တန်းများသည် စစ်ရေးသတိကို မပြတ်ပို့ချပေးခဲ့သဖြင့် ကျွန်ုပ်လည်း သတိပြု နေသူတစ်ဦးသာ ဖြစ်သည်။

ကျွန်ုပ် ကောက်ညှင်းပေါင်းစားနေစဉ်အတွင်းထူးခြား သောမြင်ကွင်းက ကျွန်ုပ်စားသောက်နေသည့် အကြော်တဲသို့ မိန်းကလေးတစ်ဦး ဝင်လာလေသည်။ မိန်းကလေးသည် သနပ် ခါးပါးကွက်ကျားဖြင့် ရှည်လျားသောဆံပင်ကို စုညှ်းကာ မြေ ပြင်ထိလုနီးနီး မြင်ကွင်းကြောင့်. . .

ဟင် ဟု အသံထွက်မိလေသည်။ ကျွန်ုပ်လက်တွင် လည်း စားလက်စ ကောက်ညှင်းဆုပ်ပင် ပြုတ်ကျလုသည်။





မြို့ပေါင်းများစွာ ကျင်လည်ဖူးသော ကျွန်ုပ် ဤမိန်းကလေး၏ ကျက်သရေရှိအလှကို ပထမဆုံး အသိအမှတ်ပြုခြင်းပင် ဖြစ် လိမ့်မည်။ မိန်းမများကို ကျွန်ုပ်လွန်စွာ အထင်ကြီးမှုနည်း၏။ သာမန်လောက်တော့ ခံစားတတ်ပေမယ့် ယခုမူ ဝန်ခံရသော်

မိန်းကလေး၏ တစ်လှမ်းခြင်း လျှောက်ဝင်လာပုံကိုပင် ရင်တလှပ်လှပ်ခုန်၏။ မိန်းကလေးကလည်း ကျွန်ုပ်ကို မြင်တွေ့ ဟန်လေး ရှိနေပြီး မသိသော ဆံနွယ်လေးကို သိမ်းလျက် လမ်း လျှောက်ပုံက ဆူးလေလမ်း(ဘုံဘော)ဟော်တယ်ရှိ အိန္ဒိယ အလှ မယ်များစတိုင်ထက် လွန်စွာသာနေ၏။

ဘုရားဘုရား ရင်ခုန်စွာ ကျွန်ုပ်ထပ်မံ ရေရွတ်ရပြန်၏။ အဘယ်ကြောင့်ဆိုသော် နံနက်က တွေ့ခဲ့သော ရွှေချော အမည် ရှိ မိန်းကလေးပင် ဖြစ်နေလေတော့သတည်း။ ယခုမှ အလှကို

www.burmeseclassic.com



ရှာဖွေတွေ့ရှိသော ကျွန်ုပ်ထိုင်ရာမှ ထသည်။ ပြီးလျှင်. . .

'ရွှေချော'ဟု ဝမ်းသာစွာ နှုတ်ဆက်လိုက်၏။ ကျွန်ုပ်၏ နှုတ်ဆက်မှုကို ရွှေချောအသိအမှတ်ပြုသည်။ ခေါင်းကလေးငြိမ့်၍ အကြော်တဲထဲသို့ ဝင်လာကာ အကြော်ဝယ်ယူလျက် ကျွန်ုပ်ကိုမကြည့်တော့၊ ကျောပေးသွားလေ၏။ ရွှေချော ကျောပေးသွားမှုကြောင့် ကျွန်ုပ်စိတ်တွင် အလိုလို တင်းကြပ်သွားသည်။

ကျွန်ုပ်သည် အိန္ဒိယဇာတ်ပုံပြင်မှ ဝေဠုမြတ်စွာ မင်းသမီးအကြောင်းဖတ်စဉ်က ရင်တွင်းလှိုက်ဖိုခဲ့ဖူး သည်။ ဝေဠုမြတ်စွာ မင်းသမီးအသားတို့သည် လိပ်ပြာနားလျှင်ပင် ပဲ့ကြွေမတတ်၊ မြင်သူတို့ ခံစားရ၏။ ယခုတို့ထက်သာမည်က ရွှေချောပင်ဖြစ်သည်။





အကြော်လေးများကို ဖြူနုသွယ်လှသော လက်ချောင်းလေး ရွေးချယ်နေပုံသည်ပင်။ သူမ လက်ကလေးများ နုကျင်မည်ကို စိုးထိတ်သည်။ ယောက်ယက်ခတ် ကျွန်ုပ် စိတ်သည် မယိုဖရဲဖြစ်လာ၏။ နှုတ်ဆက်သည်ကိုပင် စကား တုံ့ပြန်ခြင်း မရှိ၊ ကျောပေးသွားလေ၍ ယောက်ျားမာနတော့ ဝင်မိ၏။

အချစ်ထက် စစ်ကို ဦးစားပေးရမည်။ မိုးကောင်းကင်ကိုသာ မော့ကြည့်နေ၏။ အပြာရောင်ကောင်းကင်ကို ဘယ်အထိ ငေးမောမိသည်။ မသိ. . .

"ဟဲ့ ကောင်လေး နင့်အတွက် ရွှေချော အကြော်တမတ်ဖိုး ရွေးပေးသွားတယ်"

အကြော်သယ်၏ စကားကြောင့် ထူးဆန်းစွာ အံ့သြမိ၏။ စောစောက ကြုံတွေ့စဉ် ကျွန်ုပ် နှုတ်ဆက်ခြင်းကို "ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးငြိမ့်ပြခြင်းက ဣန္ဒြေကြီးစွာ စေတိုင်တတ်မှုကို ဖော်ပြကြောင်း ကောင်းစွာသိလိုက်ခြင်း. . .

နတ်သုဒ္ဓါ မင်း ရွှေချော ဝယ်ကြွေးသော ကြက်သွန်ကြော်လောက် ကောင်းမည်မထင် ကျွန်ုပ်တစ်ဦးတည်း အတွေးစိတ်ဖြင့် ပြန်လျက်ရှိစဉ်. . .

ဆရာကြီးမိုးမောက် ဘာတွေသဘောကျနေသလဲဟု ဆိုလျက် တပည့်ကျော် ဖိုးထော် ဝင်ရောက်လာလေ၏။

ကျွန်ုပ်၏ ရင်ထဲတွင် မခံစားဖူးသော ပျော်ရွှင်မှုကို ခံရခဲ့လေသည်။ အချစ်နှင့်စစ် တူသည်ဟု ရေးစကားကြောင့် ရန်သူနှင့်တူသော ရွှေချောကို နောက်ပိုင်းရက်တွင် မတွေ့ရသော်လည်း စိတ်ကူးဖြင့်ချစ်မိလေ၏။ ကျားဆိုးသည် ဤရွာကို အကြိမ်ကြိမ် ဒုက္ခပေးသကဲ့သို့ သောင်းကျန်းသူတို့ကလည်း ဆက်





ကြေးမပေးလေသဖြင့် ရွာကို မီးရှို့မည်သတင်း ထွက်ပေါ်လာ၏။

ကျွန်ုပ်မိုးမောက် ဦးစီးသော တပ်စုက နေ့တွင် ရိုးမတောင်ခြေထိ တိုက်ကင်းထွက်၏။ ညတွင်မကြာခဏ ကင်းပုန်းဝပ်၏။ ရန်သူတို့ရွာကို ဝင်လာနိုင်သော သချိုင်းမှောင်းဖြစ်လေ၍ သာမန်လူ အသွားအလာနည်း၏။

ရွာဟူသည်က အဝေးမှနားထောင်လျှင်ညဦးယံတွင် မီးရောင်နှင့် ဆူညံသံကြားရလေ့ရှိ၏။ညလယ်တွင် ကြက်တွန်သံခွေးဟောင်သံကြဲကြဲ ကြားရမြဲသည်။ စစ်သားအဖို့ နားယဉ်နေ၏။

ယခုမူ နာရီဝက်နီးပါးခန့် ခွေးဟောင်သံ မကြားရ၊ယခု (၁)နာရီခန့်အကြာအထိ ခွေးသံ မကြားရပြန်၊ ကျွန်ုပ်သည် အတွေ့အကြုံအရ ရွာခြေတွင် ကျားသစ်သို့မဟုတ် ကျား အနံ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးများရနေလောက်ပြီဟု ခန့်မှန်းမိသည်။

ကျွန်ုပ်တို့က ရွာ၏တောင်ဘက်မှ ဖြစ်သည်။ ရွာ၏ အနောက်ဖက်တွင် ရိုးမတောနက်ကြီးက တဆက်တည်းဖြစ်၍ ကျွန်ုပ်၏ ဘယ်ညာမှ တင်းပုန်းဝပ်နေသော တပ်စိပ်နှစ်စိပ်ကို မြေခဲလေး သေးသေးဖြင့် ပစ်ပေါက်အချက်ပေးလိုက်စဉ် ကင်းပုန်းဝပ် ရဲဘော်မှ သတိရှိကြောင်း ခဲသေးလေးဖြင့် ကျွန်ုပ် အနီးသို့ ပစ်ပေါက်လေသည်။

ထိုအချိန်တွင် ရွာအနောက်ဘက်မှ ကျားသစ်သံ ကြား လိုက်ရ၏။ထိုအသံကြောင့် ရွာခြေသို့ ကပ်သည်မှာ ထင်ရှား လေ၏။ နောက်မကြာမီပင် ကျွန်ုပ်တို့နှင့် မလှမ်းမကမ်းမှ ကျား သစ်သံကျားရပြန်၏။ ကျွန်ုပ်ရဲဘော်များလည်းသတိကို ထူးစွာ ထားလေသည်။





လရောင်ရေးရေးအောက်တွင် ရွာနှင့်ဆန့်ကျင်ဘက် လှ ...လမ်းပေါ် ဖြူဖြူအလုံးလေး လိမ့်လာ၏။ ကျွန်ုပ် ကာဘိုင် ...နတ်ကို အသံမမြည်အောင် မောင်းကြိတ်၍ တင်းလိုက်... ...လျှားမှောက်ဝပ်နေရာမှ ထိုင်လျက်အနေအထားသို့ပြောင်း ... ဖြူဖြူအလုံးလေးကို ချိန်၏။

သချိုင်းဟောင်းဖြစ်၍ တစ္ဆေမှင်စာများလား မှင်စာဖြစ် ...သည်။ ဝေခွဲရခက်၍ ကျွန်ုပ်ချိန်ရွယ်၏။ ပြီးမှ ဆုံးဖြတ်ချက် ...သည်။ ဖြူဖြူအလုံးသည် ရန်သူမဖြစ်နိုင်။ လူ၏သဏ္ဍာန် ...ုတ်။ ရန်သူသည် ညဘက်တွင် အဖြူရောင်ဝတ်မည် ...ုတ်။ ထို့ကြောင့် ကျွန်ုပ် ချိန်ရွယ်မှုကိုပြောင်းကာ ...သုံးချပ်ဝတ်မှ ကာဘိုင်လုံ့စွပ်ကို ထုတ်၍ စောင့်ဆိုင်းလိုက်၏။

တစ္ဆေလား၊မှင်စာလား တွေ့ကြမည်။ ကျွန်ုပ်ကြိမ်းဝါး



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တဖြည်းဖြည်း လူသွားလမ်းရေးရေးတွင် လရောင် မှိတ်မှိန်ဖြင့် အဖြူလုံးလေး ကျွန်ုပ်နှင့်နီးကပ်လာ၏။ ညာလက် သည် ကာဘိုင်လုံ့စွမ်ကို ဆကာကိုင်၍ ဘယ်လက်က ဓာတ်မီး ကို ကိုင်ထားခြင်း၊ ကျွန်ုပ်နှင့် လက်တစ်ကမ်းအလိုအရောက် ဓာတ်မီးကိုတိုး၍ လုံ့စွပ်ဖြင့် ဖြူဖြူအလုံးကောင်လေးကို ထိုးစိုက် ရန် ဆောင်ရွက်ချိန်

ဟင်ခနဲ အံ့ဩရပြန်၏။

ခွေးဖြူလေးသည် မီးရောင်အောက်တွင် ကျွန်ုပ်ကို [illegible] စိုက်ကြည့်နေပြီးညာဘက်နားရွက်က အနက်ရောင်သည့် ထင် ရှားသလို အဝါရောင်လည်ပတ်ကလေးကလည်း ထင်ရှားသဖြင့် ရွာအတွင်းမှ ခွေးတစ်ကောင်ဖြစ်နိုင်၏။ ရန်သူခွေး မဖြစ်နိုင်။

ခွေးသည် စစ်သုံးချပ်ဝတ်နှင့် ယူနီဖေါင်းကို ထိတ်လန့်



ကြောက်ရွံ့ခြင်း မရှိ၊ ကျွန်ုပ်လုံ့စွပ်ဖြင့် ထိုးစိုက်ရန် ဆောင်ရွက် မှုကိုပင် ဂရုမစိုက် ရောင်ကွင်းကဲ့ာ ရွာဆီသို့ ဦးတည်သွား၏။ မှိုင်းသောခွေးများ၊ အမြင်နဲသောခွေးများသည် စစ်ယူနီဖေါင်း နှင့် ချပ်ဝတ်တန်ဆာတို့ကိုတွေ့လျှင် ကြောက်လန့်တကြား ဟောင်တတ်၊ ယခုမှု ထိုသို့မဖြစ်။

ဤအတိုင်းဆိုလျှင် ဤခွေးသည် ရွာသားတစ်ဦးတစ် ယောက်၏ ခွေးဖြစ်မည်။ ယခုကဲ့သို့ နာရီပြန်နှစ်ချက် ညဥ့်နက် ချိန်မှ ဤခွေး ဘယ်ကပြန်လာလေသနည်း။ ခွေးပိုင်ရှင်၊ ခွေး သခင်သည် လူခြေတိတ်ဆိပ်ချိန် ရန်သူနှင့်ဆက်သွယ်သလော၊ ဤရွာသည် မိမိတို့၏ အမာခံရှိသလို ရန်သူအမာခံများလည်း ရှိသဖြင့် စစ်သားပီပီ ကျွန်ုပ်ဆက်စပ်တွေးမိသည်။ ထိုညက အစောင့်ချိန်တွင် စခန်းသို့ ပြန်ဝင်လေသည်။



အိုယွန်းဆုဦးစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး အိပ်ရေးပျက်မှုကို နှစ်နာရီခွဲမှ အားလုံး အနားယူအိပ်စက်ပြီး တပ်စုတစ်စုလုံး စစ်မြေပြင်တာဝန်ကိုယ်စီ ဆောင်ရွက်ရပြန်၏။ စခန်း၏ ခံစစ်အတွက် ဆက်သွယ်ရေး မြောင်းများကို ပြုပြင်အပြီး ရွာတွင်းသို့ ဖိုးထော်နှင့်အတူ သွား ရပြန်သည်။ ကျွန်ုပ်ရွာထဲ ရောက်လိုက်သည်နှင့် ရွာသူကြီးမှ မိုးလင်းခါနီးတွင် နွားပေါက်တစ်ကောင်အား ကျားဆွဲသွားကြောင်း သိရပြန်သဖြင့် ကျားဆိုးနှင့် ဤရွာအတွက် ရင်လေးမိပြန်သည်။

ကျွန်ုပ်တို့တွင် တောပစ်ရန် သီးခြားအချိန် မပေးနိုင်၍ အခက်တွေ့ရသည်။ ကျားပစ်သော နည်းစနစ်များ ကျွန်ုပ်တွင်ရှိ သည်။ မကြာခဏလည်း ပစ်ခဲ့ဖူး၏။ ယခုမူပြင်းထန်သော စစ်ရေးတာဝန်ကြောင့် သီးခြားဆောင်ရွက်ကူညီပေးနိုင်ခြင်း မရှိ။ သို့သော် နယ်မြေစိုးမိုးမှုအတွက် တာဝန်ရှိလေသဖြင့် ကျားဝင်





ရောက်လာသည့် လမ်းကြောင်းကို ရွာလူကြီးနှင့်အတူ သွား ရောက် ကြည့်ရှုရာ ခြံစည်းရိုးအပေါက်များကြားမှ တိုးဝင်လာ သော လမ်းကြောင်းကို တွေ့ရလေသည်။ ကျွန်ုပ်ခြံစည်းရိုး အနီး အနားရှိ အိမ်များကိုလှည့်ပတ်ကြည့်ရှုစဉ် အိမ်ခြံဝမှ အပြင်ထွက် လာသည်။

"ရွှေချော"အား တွေ့လိုက်ရစဉ်. . .

ကူညီကြပါရှင် ကျွန်မအမေ ဘာဖြစ်သလဲ မသိဘူးဟု ဆိုလေသဖြင့် ရွာသူကြီးနှင့် ကျွန်ုပ် ရွှေချောအိမ်ပေါ် ရောက် ခဲ့လေ၏။ ဖွံ့ဖြိုးမှု မရှိသော ဒေသဖြစ်၍ ဆေးဝါးကုသမှုအခက် အခဲ ရှိနေသဖြင့်. . .။

"ဖိုးထော် စခန်းကို ပြန် ဆေးတပ်သားကို ခေါ်ခဲ့"

ဖိုးထော် ဆေးတပ်သားပြန်ခေါ်ရလေသည်။ ရွာသူကြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ရွှေချောနှင့်သူမမိခင်ကြီးအကြောင်း ကျွန်ုပ်အား ပြောပြလေသည်။ ရွှေချောတွင် မိခင်နှင့်သမီးသာရှိပြီး ဆွေမျိုးကင်းမဲ့ကြောင်း သိရလေသည်။ ရွှေချော၏ ရုပ်ရည်ကြောင့် ကာလသားများ အထူးစိတ်ဝင်စားသည် ဆိုခြင်းက မဆန်းကြယ်ချေ။ အားငယ်စိတ်နှင့် မျက်ရည်ဝဲလျက် မိခင်ကြီးအနီးတွင်ရှိနေသော ရွှေချောကို ရွာသူကြီးနှင့် ကျွန်ုပ် အားပေးစကား ပြောနေရ၏။ဆေးတပ်သားရောက်လာချိန် ဆေးဝါးကုသမှုကို ဆောင်ရွက်ပေးခြင်း၊ ရွာလူကြီးက ပြန်သွားလေသည်။ ကျွန်ုပ်၏ နှာခေါင်းတွင် အနံ့ဆိုးဆိုးများ တစ်ခါတစ်ခါ ရနေသဖြင့် လေဝင်လေထွက်များ ကောင်းရန် ပြူတင်တံခါးကို ဖွင့်ပေးပြီးအိမ်ပေါ်မှ ပြန်အဆင်း. . .

လည်ပတ်အဝ၊ ညာနားရွက်အနက်ဖြင့် ညက တွေ့ခဲ့သော ခွေးဖြူလေးကို ရုတ်တရက်တွေ့လိုက်လေသဖြင့် စဉ်း





းမှုတစ်ခု တိုးလာပြန်သည်။ ဤခွေးသည် ရွှေချောအိမ်မှ ခွေးဖြစ်နေလေခြင်း။ကျွန်ုပ် ရွှေချောကို နှုတ်ဆက်၏။ နောက်နေ့တွင်လည်း လာရောက်မည့်အကြောင်း ပြောလိုက်သဖြင့် ခေါင်းငြိမ့်ရုံလေး ငြိမ့်ပြလေသည်။

ကျွန်ုပ်၏ သံယောဇဉ်နှင့် ချစ်ခြင်းကို ကျွန်ုပ်သာသိ၏။ နောက်နေ့များမှစ၍ ကျွန်ုပ်နှင့် ရွှေချောသည် လွန်စွာရင်းနှီးသွားခြင်း၊ နုမနှင့်တူစွာ နေထိုင်လေသော ရွှေချောကို ကျွန်ုပ်ချစ်ခွင့်တောင်း၏။

ဤအတွက် ရွှေချောသည် မရှိမဖြစ် ဖမ်ချုရာဇ်ရွှေနယ်သန့်စင်စွာ ရှိနေ၏။ ကျွန်ုပ်သောစကားတို့ ဆိုလေတိုင်း အစ်ကိုသဖွယ် ရင်းနှီးစွာဆိုတတ်သော ရွှေချောသည် ချစ်ခွင့်ပန်လေတိုင်း ငြင်းပယ်သည်လည်း မဟုတ်။စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးယမ်းကာ

"ကိုမိုးမောက်ရယ် ခက်တော့တာပါပဲရှင်"

ဟု ညည်းတွားလေ့ရှိ၏။

အမှန်ဆိုရလျှင် ကျွန်ုပ်တွင် အိမ်တောင်မရှိ ချစ်သူရည်း စားလည်း ထားခဲ့သူခြင်း မရှိ၊ ကုန်းပြင်ရွာကြီး၏ ရေပွဲရာသ ရက်တွင် ဇာတ်ပွဲကြည့်ရာတွင် ပွဲဈေး၌ ရွှေချောနှင့်အတူ ဆုံ ကြိုးဆွဲရုပ်သေးအငြိမ့်ကိုကြည့်၏။ ကျွန်ုပ်၏ ပခုံးကို ရွှေချော တွယ်သည်။ ထိတ်လန့်စရာဇာတ်ကွက်ကလေးများတွင် ကျွန် လက်မောင်း သူမပါးလေး ကပ်ထား၏။

ဇာတ်ပွဲကြည့်ရသော်လည်း ရန်သူသတင်းက ပေါ်နေ ညဉ့်မနက်မီ ရွှေချောအိမ်သို့ ပြန်ပို့ကာ စခန်းသို့ပြန်သည် မိုးသောက်ယံ ကင်းပုန်းဝပ်ခြင်းကို ဆောင်ရွက်လေသည်





အရုဏ်တက် နေမင်းအလင်းစနှင့်အတူ ရွာသို့ပြန်ဝင်လာချိန် ရွှေချောအိမ်ရှေ့မှ ဖြတ်ရသဖြင့် ကျွန်ုပ်ရွှေချော မိခင်ကြီး ကိုမြင်တွေ့ရ၏။

ကျန်းမာရေးအတွက် နှုတ်ဆက်စကားဆိုလျက် အိမ် ထဲဝင်ရောက်စဉ် ညှီစို့စို့အနံ့များ စူးရှူးဝါးဝါးပေါ်လာ၏။ ကျွန်ုပ် က ပြူတင်းတံခါးများဖွင့်လျက် ရွှေချောရေဟု ခေါ်လိုက်လျှင် မီးဖိုဆောင်မှ ရွှေချောရုတ်တရက် ထွက်လာ၏။ ကျွန်ုပ်ကို တွေ့ မြင်သွားသော ရွှေချောထိတ်လန့်ဟန်ဖြင့် ရင်ကို လက်ဖြင့်ဖိ လျက် အံ့သြနေဟန်ရှိသည်။

အိမ်ထဲတွင် ရွှေချောမိခင်၏ မျက်ကွယ်နေရာဖြစ်၍ ရွှေချောအနီး ကျွန်ုပ်ရောက်သွား၏။ ရွှေချော မင်းပါးမှာ နှုတ်ခမ်း နီတွေနဲ့ဟု သတိပေးလိုက်မှ. . .



www.burmeseclassic.com

www.burmeseclassic.com



လစ်ခနဲ ရွှေချောပြန်လှည့်ဝင် ပျောက်ကွယ်သွားပြီး ကျက်နှာသစ်လာဟန် ရှိ၏။ပြီးလျှင် ကိုမိုးမောက် ဈေးက စောင့်နေပါဟု ဆို၏။ ကျွန်ုပ်က သန့်စင်လှသော ရွှေချောမျက်နှာနုနုလေးကို လက်ညှိုးလက်မဖြင့် မနာအောင် ဆွဲလိမ်လိုက်ပြီး ပြန်လည်ထွက်ခွာခဲ့၏။ ကျွန်ုပ် ရွှေချောကိုချစ်သည်။ ရွှေချောလည်း ကျွန်ုပ်ကိုချစ်ပါသည်ဟု နှုတ်က မဖွင့်ပြောလဲ အချစ်ကို ကျွန်ုပ်တို့ နားလည်ခံယူတတ်နေသည်။ အချစ်သည် ဖွင့်ဟာမှ အချစ် မဟုတ်၊ မဟော်သဓာဇာတ်တော်တွင် ပါရှိလေသဖြင့် အငြင်းပွားဖွယ် မရှိ။

ဈေးရောက်သောအခါ ရွှေချောနှင့်တွေ့၏။ မကြာမီ စစ်ဆင်ရေးတပ်ခြင်း အလဲလှယ်ပြန်လုပ်မည်။ မိခင်တပ်တွင် ကျွန်ုပ်တို့ ပြန်လည်အနားယူရမည် ထို့ကြောင့် ရွှေချောကို မိ





သားဖသားပီပီ တောင်းယမ်းလိုကြောင်း ပြောပြရာ ရွှေချောမည်သို့မျှမတုံ့ပြန်၊ အကြော်စားရင်း သူ့မလက်ချောင်းနုနုလေးတို့ကိုင်တွယ်ရသည်မှ ကျွန်ုပ်အတွက် အဖိုးအနဂ္ဃလိုက်လေသွားဟု ခံယူသည်။

ကျွန်ုပ်သည် ရောမက ရွှေမင်းသမီး ဟယ်လင်းကိုသာ ချစ်ခွင့်ပန်လိုက်ချင်၏။ ရွှေချောကလေး၏ တုံ့ပြောဘာဝေနေတတ်မှုကို သက်ပြင်းရှည်ချရုံမှတစ်ပါး တတ်နိုင်စွမ်းမရှိ။ ထိုအချိန် ရဲဘော်ဖိုးထော် ရောက်လာ၏။ ကျွန်ုပ်ကိုခေါ်၍ တီးတိုးစကားပြောလေသဖြင့်. . .

ရွှေချောကို နှုတ်ဆက်ကာ ထွက်ခွာမည်ပြုစဉ်. . .။

ကိုမိုး ရွှေချောလေးဟု စကားဆိုပြီးရပ်တန့်လိုက်၏။ ထူးဆန်းစွာ ရွှေချောသည် ကျွန်ုပ်ကို ကိုမိုးဟု သုံးစွဲလေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာ ဝမ်းသာမိ၏။

"ပြော ရွှေချော"ဟု ဆိုလိုက်ရာ သူမ ဘာမှမပြောတော့။ ကျွန်ုပ်၏လက်ကို သူမကိုင်တွယ်လိုက်ပြီး. . .

"ကိုမိုး ဖြစ်ချင်တာ ရွှေချောလည်း ဖြစ်ချင်လိုက်တာ" ဟု ဆိုကာ ကျောပေး၍ သူမ ဦးစွာ ထွက်သွား၏။ ကျွန်ုပ်လည်း စခန်းသို့ပြန်လာစဉ် ဝမ်းဖိုက်စက်မှ တပ်ရင်းမှူးသည် ကုန်းမြင့်ရွာ၏ အနောက်စူးစူး (၄)မိုင်အထိ ချီတက်ရှင်းလင်းရန် အမိန့်ကြေးနန်းစာဖြင့် ပေးပို့လေသည်။

ကျွန်ုပ်လည်း ချက်ချင်းပင် တပ်စုကို စုဖွဲ့၍ ချီတက်ရှင်းလင်းရာ သတ်မှတ်မြေပုံညွှန်းတွင် တောင်ကျချောင်းလေးသည် (ဂငယ်)ကွေ့ကလေးအသွင်ဖြင့် တွေ့ရလေသည်။

ကျွန်ုပ်တို့ရောက်ရှိချိန်သည် ညနေ (၃)နာရီခန့် ရှိလေ





၏။ စားကြွင်းစားကျန်နှင့် မီးပုံအဟောင်းများ တွေ့ရသဖြင့် ရန်သူများ မကြာခင်ကပင် စခန်းချနေသွားပုံကို သိနိုင်လေ၏။ ထို့ကြောင့် တပ်စိတ်နှစ်စိပ်ကို ညာဘက်တောင်ကုန်းပေါ် တက်ခိုင်း၍ တပ်စုရုံးနှင့် တစ်စိတ်သာ ကျွန်ုပ်နှင့် တော်ဝန်းကျင်ကို ရှင်းလင်း၏။

ထိုအချိန်တွင် မမျှော်လင့်ပဲ ဘယ်တောင်ကုန်းမှ သေနတ်သံတို့ ဆူညံစွာ ထွက်လာ၏။ ရှေ့တူရူမှလည်း ကျည်ဖြတ်သန်းမှုကို သတိပြုမိသဖြင့် ကျွန်ုပ်နှင့်အတူရှိသောအဖွဲ့ကို ညာတောင်ကုန်းရှိ တပ်စိတ်(၂)စိတ်ဘက် ချဉ်းကပ်ခိုင်း၏။

(၁၅)မိနစ်အတွင်း အပြန်အလှန် ပစ်ခတ်မှုသည် ပြင်းထန်လာသည်။ တောင်ရိပ်ဖြင့် နေညိုချိန်လည်းဖြစ် ရန်သူသည် ကြိုတင်စောင့်မျှော်ထားပုံရ၏။ သတ်ကွင်းထဲရှိ ကျွန်ုပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



စုပြုံပစ်ခတ်နေသည်။ စုပစ်သဘောနှင့် သေနတ်မီးရောင်ထွက်မှု အရ အင်အားမှာ များစွာ သာလွန်ကြောင်း ခန့်မှန်းစဉ် တပ်စု ရုံးမှ ရဲဘော်တစ်ဦး ကျဆုံးပြီး (၁)ဦး ဒဏ်ရာရလေသည်။

ကျွန်ုပ်လည်း ချက်ချင်းပင် အခြေအနေအရ ဆုတ်ခွါ သင့်ကြောင်း ခန့်မှန်း၍ ဒဏ်ရာရ ရဲဘော်ကို အခြားရဲဘော်(၂) ဦးတွဲကူ၍ ဆုတ်ခိုင်း၏။ စစ်သဘောအရ တစ်ဦးဒဏ်ရာရလျှင် လူ(၃)ဦး ပစ်အားလျော့သွားသဖြင့် ကျွန်ုပ် ဆုံးဖြတ်ချက်ချလိုက်သော်။

ကျွန်ုပ်တပ်စုတစ်စုလုံး၏ အသက်နှင့်ယှဉ်သော နစ်နာမှု ကို ဖြစ်စေတော့မည်။ ထို့ကြောင့် ကျွန်ုပ်နှင့် တပ်စိတ်(၁)စိတ် သာ ခုခံပစ်ခတ်လျက် တပ်ရုံးနှင့် နှစ်စိပ်သည် ဒဏ်ရာရ ရဲ ဘော်နှင့်အတူ ဆုပ် [illegible]

သုံးနာရီကျော်အတွင်း ကျွန်ုပ်အနီးမှ ရဲဘော်တစ်





ယောက် ထပ်မံကျဆုံးပြန်သည်။ ညအမှောင်ဝယ် ကျွန်ုပ် ကျန် သူအားလုံးကို ဆုတ်ခွါစေပြီး နောက်ဆုံးမှ ခုခံပစ်လျက် ဆုတ် ခွါသည်။ ရန်သူသည် ဖိပစ်လျက် ကျွန်ုပ်တို့နှင့်ကပ်၍ ပါလာ သည်။

ထိုအချိန် ပေါက်ကွဲမှုတစ်ခု ကြားလိုက်ရ၏။ "စုန်း" ကနဲ အသံနှင့်အတူ ကျွန်ုပ်၏ကျောသည် ပူကနဲ ခံစားရပြီး ရှေ့သို့ တွန်းထုတ်သလို ထင်မှတ်ရသည်။ စိတ်ကိုထိမ်း၍ ပစ် ခတ်လျက် ဆုတ်ခွါစဉ် "ပူကနဲ" ပေါင်တွင် ခံစားပြီး ဘေးသို့ လဲကျသွား၏။

"ဆရာကြီး. . .ဘာဖြစ်သွားသလဲ. . ." ဖိုးထော် မေ သည်။

အချိန်မရတော့. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးထော်. . . မြန်မြန်ဆုတ်" ဟု ဆိုလိုက်သည်။

ဖိုးထော် အခြေအနေကို ရိပ်မိ၏။ ကျွန်ုပ်ကို တွဲထူး၏။

"မရဘူး ဖိုးထော်. . . နှစ်ယောက် အဆုံးမခံနိုင်ဘူး။ မင်းဆုတ်တော့"

ဖိုးထော်၏ အက်ကွဲသောအသံကို ကျွန်ုပ် သိနေ၏။

"မဆုတ်ဘူး. . . နှစ်ယောက်သေလည်း အတူတူပဲ"

"တောက်. . . ဖိုးထော် မင်း စစ်သားမဟုတ်ဘူးလား။ သေတာမဆန်းဘူး. . . ကျန်တဲ့လူတွေပါ အနှောင့်အယှက်ဖြစ်မယ်၊ အချိန်ကြာရင်း နောက်ကြောင်းပြန်လှည့်ပြီး အကုန်သေပွဲဝင်သလို ဖြစ်မယ်. . . တပည့်ဆုတ်ပါ. . . အားလုံးကို နှုတ်ဆက်တယ်" ဟု ဆိုလိုက်စဉ် ဖိုးထော် ထသွားလေ၏။

ရန်သူတို့၏ မှန်းဆပစ်ခတ်မှုနှင့် အော်ဟစ်သံများ ကြား





နေရ၏။ ဖိုးထော် မဆုတ်သော် ကျန်ရဲဘော်များ ဘေးဥပဒ်ရောက်လာမည်ကို စိုးရိမ်၏။ ကျွန်ုပ်လက်က သေနတ်ကလည်း တစ်ထောင့်ချင်း အသံပေး ခုံခံရုံ ပစ်ခတ်လျှက် ကျွန်ုပ်နာကျင်မှုဝေဒနာကို ခံစားနေရ၏။

ပေါင်ကဒဏ်ရာသည် လမ်းလျှောက်၍မရ။ သွေးများဒရဟော စီးဆင်းနေမည်။ ခေါင်းတို့က မခံမရပ်နိုင်အောင် တဝီဝီ မြည်နေ၏။ သေနတ်မောင်းခလုတ်ကိုပင် ဆွဲညှစ်ရန် စိတ်ရှိတော့။ နာကျင်မှုက လွှမ်းမိုးနေသည်။

ရန်သူတို့၏ တောတိုးသံ အော်ဟစ်ပျော်မြူးသံများ ကြားနေရသလို ဓာတ်မီးအလင်းရောင်တို့ကိုလည်း တွေ့နိုင်၏။ စစ်ပွဲတွင် အနိုင်ရသူတိုင်း နယ်မြေရှင်းလင်းမြဲ ထုံးစံရှိသည်။ ရန်သူဟူသည် ဆုတ်ခွါသော ကျွန်ုပ်တို့၏ ကြွင်းကျန်မည့် ပ



www.burmeseclassic.com

www.burmeseclassic.com



လက်နက်၊ ခဲယမ်းကို ရှာဖွေနေ၏။

"ဒီမှာ. . . သွေးစက်တွေဟော့. . . ရှာကြ"

လွန်စွာ စိုးရိမ်သော်လည်း လှုပ်ရှားမှုက ခက်၏။ မလှုပ်ရှားနိုင်တော့သည့် ကျွန်ုပ် မောင်းခလုတ်ကို ဆွဲရန်မတတ်နိုင်။ ခုခံသူ အဖမ်းမခံနိုင်။ အားသွန်ခွန်စိုက် သေနတ်ကို ဆွဲယူလိုက်ပြီး သေနတ်ပြောင်းကို ပါးစပ်တွင် ငုံရန်ကြိုးစား၏။

"သွေးစက်အတိုင်းကြည့်. . . သတိထား"

ရန်သူတို့အသံက နီးကပ်လာပြီး သေနတ်ပြောင်း ပါးစပ်တွင် ငုံ၍ (ဆူဆိုဒ်)လုပ်မည်။ သေနတ်ပြောင်းနှင့် ကျွန်ုပ်ပါးစပ် နီးကပ်ချိန်. . .။

"ဝေါင်း"ကနဲ ကျားဟိန်းသံ ကြားရ၏။

ထိုအသံကြောင့် ရှာဖွေနေသော ရန်သူတို့ ကျား ကျား





[illegible] အော်ဟစ်သံ တတ်မိများ စုပြုံထိုးသံများကို မြင်တွေ့ကြား[illegible]

[illegible]လိုက်ပြီ။

"ဝေါင်း. . . အား" ကျားသံ လူသံ ရောကျွေးကာ

"ဒိုင်း. . . ဒိုင်း" သေနတ်သံ(၂)ချက် ကြားလိုက်ရ၏။

[illegible]သူတို့ ပစ်ခတ်မှုဖြစ်သည်။

"ပြေး. . ပြေး. . . ကျားဟေ့. . . ကျား" အော်သံများ

[illegible]နေစဉ်. . .။

ကျွန်ုပ်မျက်လုံးတို့ ဝေဝါးနေ၏။ သတိလည်း လစ်ချင်[illegible]၏။ ထိုအချိန် ကျွန်ုပ်၏ ရင်ဘတ်ပေါ်တွင် လေးလံသော [illegible]တ်ခု က ဟ၍ ကျွန်ုပ်တွန်းထုတ်ရန် ကြိုးစားစဉ်. . .။

॥

ဟင်. . . ကျွန်ုပ် အံ့သြ၏။ ရွှေချော မင်း ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ဒီရောက်ဟု တစ်ပိုင်းတစ်စသာ ဆိုနိုင်၏။ သွေးညှိုနီ များက စူးစူးဝါးဝါး ခံစားမိ၏။

ကိုမိုးအတွက် စိတ်မချလို့ လိုက်လာတာ။

ကျွန်မလေ ကိုမိုးအတွက် အိမ်ရှင်မ လုပ်ချင်တယ်။

ဒါပေမယ့်. . . ဒါပေမယ့်. . . လေသံတိုးလေး တိမ်ဝင် သွား၏။

အံ့ဩမှု ထိတ်လန့်မှုအဖြစ်နှင့် အသံတိုးဝင်သွားလေ သဖြင့်. . .။

ရွှေချောဟု ဟစ်အော်ကာ အားကုန်သုံး ဖက်လိုက်၏။ ခွန်အားတို့ ဘယ်ကရောက်လာမှန်းမသိ။ ထိုစဉ် ရွှေချောအသံ က တိုးညှင်းစွာဖြင့်. . .။

"ကိုမိုး. . . နမ်း. . . နမ်း"





ကျွန်ုပ် နားလည်၏။ သူမကို နမ်းခိုင်းကြောင်းဖြစ်၍ ကျွန်ုပ် ငုံ့ကိုက်လျှက်. . .။

"ရွှေချော"ရယ်ဟု ခေါ်၍ သူမပါးပြင်နှင့် ကျွန်ုပ် ပါး ချင်းကပ်ကာ နမ်းလိုက်စဉ် တွင် သေနတ် အထံရာကြောင့် ရွှေချော သေဆုံးနေ၏။ ဆောက်တည်ရာမဲ့ ဖြစ်နေချိန် တပ်ခွဲမှူးနှင့် စစ်ကူများ ကျွန်ုပ် နာမည်အော်ခေါ်၍ ရောက်ရှိလာ၏။

တပ်ခွဲမှူးထံမှ အသံသည် ကျွန်ုပ်ရဲဘော်များ အောင် မြင်စွာ ဆုတ်ခွါခဲ့ကြောင်း ဝမ်းသာလျက် ရွှေချောကို ဖက်တွယ် ထားသောလက်သည် ဖက်မြဲနှင့် သတိလစ်သွား၏။

ကျွန်ုပ် သတိရချိန် စစ်မြေပြင် စစ်ဆေးရုံရောက်နေ၏။ ထိုမှ ဆေးရုံမှ အဆင်း တပ်ရင်းရောက်သော် အောက်ပါ သံသ



www.burmeseclassic.com

www.burmeseclassic.com



ယများ ဖြစ်ပေါ်ခဲ့၏။

တိုက်ပွဲဖြစ်ပွားရာနေရာတွင်

သေဆုံးသော "ရွှေချော"

ထိုသေဆုံးမှုသည် တိုက်ပွဲအတွင်း ကျွန်ုပ် ခေါင်းဆောင်သည်ဟု တစ်ခွဲမှူး ယူဆတွေ့ရှိခဲ့၏။

သိသယဖြစ်စရာက ယခင်အချိန်တွင် ရွှေချောနှင့် ကျွန်ုပ် ချစ်သူဖြစ်နေသည်ဟု ရွာမှ မှတ်ချက်ပေး၏။

ရန်သူထံ သတင်းပေါက်ကြားလေ၍ ဤတိုက်ပွဲဖြစ်ရ၏။ ကျွန်ုပ်သည် သပ်စုတပ်ကြပ်ကြီးဖြစ်လျက် နှုတ်...သည်မှုကြောင့် ရွှေချောမှတစ်ဆင့် ရန်သူ့ထံ သတင်းပေါက်ကြားသည်ဟု ယူဆ၏။

ထိုသည်ကြောင့် ကျွန်ုပ်သည် ရွှေချော သေဆုံးမှုနှင့်





ပတ်သက်၍ စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့စည်း၍ စစ်ဆေးမှုများ ခံရလေ၏။ လောက၏ ဆန်းကြယ်သော ကံကိုသာ ကျွန်ုပ် အပြစ်ပုံချရမည်လော။

ခုံရုံး ထင်မြင်ယူဆချက်တို့သည် အထက်ပါ သုံးသပ်မှုများကြောင့် ရွှေချောသည် ရန်သူနှင့် ဆက်သွယ်နိုင်၏။ မဆက်သွယ်ခဲ့သည်ထား ဘယ်သူခေါင်းဆောင်၍ အသက်သေဆုံးရသနည်း။ ပြည်သူတို့ အထင်သေးနိုင်၏။

ခုံရုံးအဖွဲ့၏ ထင်မြင်ယူဆချက်အရ ကျွန်ုပ် 'မပြေးသော ဟံရာကရှိ' ဟူသော စကားအတိုင်း ရှောင်လွှဲခွင့်မရ။ ခုံရုံးအဖွဲ့ ထင်မြင်ယူဆချက်တွင် ကျွန်ုပ် မိုးမောက်တွင် တာဝန်ရှိသည်ဟု သုံးသပ်၏။ အပြစ်ပေးခံရမည်မှာ သေချာ၏။ မြေကြီးလက်ခတ်သည်က လွဲနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တွင် နောက်ဆုံး အခွင့်အရေးရှိ၏။ ကျွန်ုပ်အတွက် အကောင်းဆုံး ဖြေရှင်းချက်ပေးရန် တပ်မတော်အတွင်းမှ နှစ်သက်ရာ အရာရှိကို ရွေးချယ်တောင်းဆိုနိုင်၏။ ထိုအရာရှိက (အရပ်ဘက်ရှေ့နေကဲ့သို့) ဆောင်ရွက်၊ လျှောက်လဲမှုများ ပြုလုပ်မည်။ အချိန်ပြည့်လည်း ရွှေချောကို သတိရနေ၏။

နောက်ဆုံး ကျွန်ုပ်အတွက် လပခမှ အရာရှိတစ်ဦး လျှောက်လွှဲချက် ပေးသွားလေ၏။ ထိုအရာရှိသည်. . .။

ကျားတစ်သံ ကြားနေစဉ် ရွှေချော အိမ်မှ ခွေးဖြူလေး တွေ့ခဲ့ရသဖြင့် ရွှေချောနှင့် ခွေးသည် တောတွင်းသွားလာတတ်





သည်ဟု ခန့်မှန်းနိုင်သလို ရန်သူနှင့် ဆက်သွယ်သည်ဟု အတိအကျ မဆိုနိုင်။ (ကျားလား ရန်သူလား)ခွဲခြားရန်အတွက် ခက်ခြင်း။။

လောကကြီးတွင် ဖြစ်နိုင်ချေရှိသော်လည်း တကယ်မဖြစ်သည့်အရာ၊ မဖြစ်နိုင်သော်လည်း တကယ်ဖြစ်သည့် အရာများစွာ ရှိခဲ့ကြောင်း ဆန်းကြယ်မှုသာဓကများစွာကို ထုတ်ပြခဲ့လေသည်။

အထက်ဖော်ပြပါ အချက်များအရ လွန်စွာ ဆန်းကြယ်သော အဖြစ်ကို ကျွန်ုပ် မိတ်ဆွေကြီး မိုးမောက် ကြုံခဲ့ရ၏။ ကံတရားက ကိုမိုးမောက်ဘက်သို့ ပါလေ၏။

တိုင်းမှူး၏ မှတ်ချက်အရ စုံစမ်းစစ်ဆေးရေးခုံရုံးသည် အပြစ်ရှိသည်ဟု စွပ်စွဲခြင်းမဟုတ်။ အဖြစ်မှန် ပေါ်လွင်စေရန်



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်၏။ တပ်ကြပ်ကြီး မိုးမောက် အဖြစ်တွင် စတင်သို့တက်စဉ် အချိန်အခါမှပင် တပ်စုနှင့်အတူ ရွှေချောအား ခေါ်ဆောင်သည်ဟု မတွေ့ရှိရ။

သက်သေရဲဘော်များ၏ ထွက်ဆိုချက်တွင်လည်း အပြစ်မရှိကြောင်း ထင်ရှားနေ၏။ ရွာသူကြီး၏ ထွက်ဆိုချက်သည် ညနေ(၄)နာရီခွဲအချိန်တွင် ရွှေချော ရွာ၌ရှိနေကြောင်း ထွက်ဆိုသဖြင့် (၃)နာရီမှစတင်သော တိုက်ပွဲကြား ရောက်ရှိနေသည့် အကြောင်းကြောင့် ကိုမိုးမောက် သက်သာခွင့်ရသွားလေ၏။

ကျွန်ုပ်လည်း ဝမ်းသာလေ၏။

ထူးသည်က (နတခ)မှ (ရပခ)သို့ ကိုမိုးမောက်(C.S.U) ဖြင့် တာဝန်တိုးယူ ပြောင်းရွှေ့သွားစဉ် ရွှေချောအတွက် ဝမ်းနည်းဖွယ် ပြောပြမှုကို ကျွန်ုပ် နားထောင်ခဲ့ရလေသည်။ ကိုမိုးမောက်





ပြောင်းသွားပေမယ့် စာရေးသူအတွက် ရွှေချောသည်. . .

ဝေခွဲရခက်၏။

တိုက်ပွဲဆီသို့ အချိန်တိုတိုအတွင်း ဖြင့် ဘယ်လိုနည်းဖြင့် ရောက်သွားလေသလဲ။

မင်းနိုးမ



www.burmeseclassic.com

www.burmeseclassic.com

## ဂြိုဟ်မွှတဲ့ ကားအနီလေး

အေးမြသာကြည်

ကားလေးကတော့ တကယ့်ကို တော်ဝင်လှတဲ့ ကားကလေး တစ်စီးပါပဲ။

အဲ. . . ဒါပေမယ့်. . . အဲ့ဒီကားလေးက ပထမကမ္ဘာစစ်ကြီးကို ဖြစ်ပွားစေခဲ့ပြီး လူသန်းနှစ်ဆယ်ကျော် သေဆုံးအောင် ပါဝင်ပံ့ပိုးခဲ့ပါတယ်။

နီနီရဲနေတဲ့ ခြောက်ယောက်စီး ခရီးသွား မှန်လုံကား





လေးဟာ ဩစတီးယားနိုင်ငံရဲ့ အိမ်ရှေ့မင်းသား မြို့စားကြီး “ဖရန့်ဖာဒီနန်”နဲ့ သူ့ဇနီး “ဟိုဟင်ဘတ်”မြို့စားမင်းသမီးတို့ကို တင်ပြီး ဘော့စနီးယားနိုင်ငံရဲ့ မြို့တော် ဆာရာယေဗိုကို ရောက်ရှိလာတဲ့အချိန်မှာတော့ ကားလေးဟာ ခရီးမိုင် နှစ်ရာနီးပါးလောက်ကို မောင်းနှင်ခဲ့ပြီးဖြစ်ပါတယ်။

ဒီခရီးစဉ်အတွက် တမင်ရည်ရွယ်ပြီး ဒီကားအနီလေးကို တည်ဆောက်ထားခဲ့တာပဲ ဖြစ်ပါတယ်။

အချိန်က. . .။

၁၉၁၄ ခုနှစ်၊ ဇွန်လ (၂၈)ရက် တနင်္ဂနွေနေ့. . .။

ဥရောပတစ်ခွင်ရဲ့ နိုင်ငံရေးအခြေအနေကတော့ ပေါက်ကွဲလုနီးနီး ဖြစ်နေတဲ့အချိန်ပါပဲ။ အဲ. . . စစ်ကြီးစပြီးတော့ ဖြစ်ဖို့အတွက် အကြောင်းပြချက်ကလေးတစ်ချက်ပဲ လိုပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆာရာယေဗိုမြို့ထဲကို လျှောက်လည်ကြည့်ရှုမယ့် အိမ်ရှေ့မင်းသားနဲ့ သူ့ဇနီးကို တင်လာတဲ့ ကားအနီလေးဟာ မြို့ထဲက တစ်နေရာကိုအရောက်မှာ. . .

တစ်ယောက်ယောက်က ကားအနီလေးဆီကို လက်ပစ်ဗုံးတစ်လုံးနဲ့ လှမ်းပစ်ထည့်လိုက်ပါတယ်။ ဒါပေမယ့် လက်ပစ်ဗုံးက ကားထဲကိုရောက်မလာဘဲ ကားနံ့ရံနဲ့ထိလို့ လမ်းမပေါ်ကို လွင့်ကျပေါက်ကွဲသွားပါတယ်။

အဲဒီလို ဗုံးပေါက်ကွဲမှုကြောင့် ကားနောက်က လိုက်ပါလာခဲ့ကြတဲ့ မြင်းစီးကိုယ်ရံတော်တပ်ဖွဲ့ဝင် လေးယောက် ထိခိုက်ဒဏ်ရာ ရသွားခဲ့ပါတယ်။

ဒဏ်ရာရတဲ့လူတွေကို လိုအပ်တဲ့ဆေးဝါးကုသမှုတွေ ပြုလုပ်ပေးပြီးတဲ့နောက်မှာ မြို့စားကြီး ဇနီးမောင်နှံဟာ ဘယ်လို





အကြောင်းလဲတော့ မသိပါဘူး။ ရှေ့ဆက်မယ့် ခရီးစဉ်တွေကို ဖျက်သိမ်းမှုမပြုလုပ်ဘဲ ဆက်ပြီး ခရီးထွက်ခွာခဲ့ပါတယ်။

အဲဒီမှာတင်ပဲ. . .။

ဘယ်လိုမှ ရှင်းမပြနိုင်တဲ့ အကြောင်းတစ်ခုက ထပ်ပြီးတော့ ပေါ်ပေါက်လာပြန်ပါတော့တယ်။

မြို့ထဲက ကားလမ်းတွေကို ကောင်းကောင်းသိနေတဲ့ ဒရိုင်ဘာဟာ ပထမတုန်းက သတ်မှတ်ထားတဲ့ လမ်းကြောအတိုင်း မသွားကော့ဘဲ လမ်းကြောင်းပြောင်းပြီးတော့ ကားနီလေးကို တစ်ဖက်ပိတ်လမ်းတိုကလေးတစ်ခုထဲ ချိုးကွေ့မောင်းဝင်သွားပါတော့တယ်။

အဲ့ဒီအချိန်မှာပဲ. . .။

လူတစ်ယောက်ဟာ အယုတ္တ အနတ္တတွေ ဆဲဆို



www.burmeseclassic.com

www.burmeseclassic.com



မောင်းလို့ ပစ္စတိုတစ်လက်ကို ငွေယမ်းကိုင်ဆောင်လို့ အိမ်တစ်အိမ်ထဲကနေ ပြေးထွက်လာပြီး ကားနီလေးပေါ်ကို ခုန်တက်လိုက်ပါတော့တယ်။

တစ်ချိန်ထဲမှာပဲ. . . သူ့လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ပစ္စတိုနဲ့ အိမ်ရှေ့မင်းသားနဲ့ သူ့ဇနီးကို အချက်ပေါင်းများစွာနဲ့ အနီးကပ် ပစ်သတ်လိုက်ပါတယ်။

တအံ့တသြဖြစ်နေကြတဲ့ သက်တော်စောင့်တွေရဲ့ လက်ထဲက သေနတ်ပေါင်းများစွာက ထွက်လာကြတဲ့ ကျည်ဆံတွေကြောင့် အဲ့ဒီလူ လမ်းမပေါ်ကို ပြုတ်ကျမသွားခင်မှာပဲ မြို့စားမင်းသားကြီးတို့ ဇနီးမောင်နှံ ကွယ်လွန်သွားကြပါတယ်။

အဲ့ဒီ အိမ်ရှေ့မင်းသားကြီး ဇနီးမောင်နှံတို့ကို လုပ်ကြံလိုက်တာဟာ လူပေါင်း သန်းနှစ်ဆယ် ဆုံးရှုံးရတဲ့ ပထမကမ္ဘာ





စစ်ကြီး စတင်ဖို့ နှိုးပေးလိုက်တဲ့ မီးပွဲဖြစ်ပါတော့တယ်။

အဲဒီလို ရုတ်ရုတ်သဲသဲ ဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာ ကားနီလေးနဲ့ ပတ်သက်ဆက်နွယ်ခဲ့သူမှန်သမျှ အသက်တွေ ဆုံးရှုံးခဲ့ရပါတယ်။

ဥရောပစစ်မီးကြီး စ,လောင်ပြီးတဲ့နောက် တစ်ပတ်အကြာမှာ ဩစတီးယား အမှတ်ငါးတပ်မက နာမည်ကျော် ဗိုလ်ချုပ်ပိုရှီရိုက ဆာရာယေဗိုမြို့က ဘုရင်ခံနေအိမ်ကို သိမ်းပိုက်လိုက်တဲ့အခါမှာ ဂြိုဟ်ဆိုးဝင်နေတဲ့ ကားနီလေးကိုပါ တစ်ခါထဲ သိမ်းယူလိုက်ပြီး သူကိုယ်တိုင် မောင်းနှင်ခဲ့ပါတယ်။

ဗိုလ်ချုပ်ပိုရှီရိုလည်း ကံကြမ္မာဆိုးကို သိပ်. . . ပြီးတော့ ကြာကြာ မစောင့်လိုက်ရပါဘူး။ ကားနီလေးကို သူပိုင်ပြီးလို့ နှစ်ဆယ့်တစ်ရက်ကြာတဲ့ နေ့တစ်နေ့မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဘော်လီဗိုတိုက်ပွဲမှာ မရှုမလှနဲ့ အရေးနိမ့်ခဲ့ရလို့ ရာထူး ကကျပြီး ဗီယင်နာမြို့ကို ပြန်အခေါ်ခံခဲ့ရပါတယ်။

နောက်တော့. . . သူဟာ ရူးကြောင်ကြောင်ဖြစ်ပြီး စိတ် ရောဂါကုဆေးရုံမှာ ဆင်းဆင်းရဲရဲနဲ့ ကွယ်လွန်ခဲ့ရပါတယ်။

ဗိုလ်ချုပ်ပို့ရှိရဲ့ ကားနီလေးကို သူ့လက်အောက်က ဗိုလ်ကြီးတစ်ယောက်က ဆက်ပြီးတော့ အသုံးပြုပြန်ပါတယ်။ အဲဒီဗိုလ်ကြီးလည်း ကားနီလေးရဲ့ကျိန်စာကို ခပ်မြန်မြန်ပဲ ခံလိုက်ရပါတယ်။

ကားနီလေးကိုစီးလို့ ကိုးရက်အကြာမှာ သူကိုယ်တိုင် အရှိန်ပြင်းပြင်း မောင်းနှင်လာတာ ခရိုအေးရှန်းလယ်သမားနှစ် ယောက်ကို ဝင်တိုက်ပြီး သူ့ကားက သစ်ပင်ကြီးတစ်ပင်ကို ဝင်ဆောင့်လိုက်တာ ဗိုလ်ကြီးရဲ့အလောင်းကို အတော်





ခဲရာခဲဆစ် ထုတ်ယူခဲ့ရပါတယ်။

အပစ်အခတ်တွေ ရပ်စဲသွားတဲ့အခါမှာ ယူဂိုစလားဗီး ယားနိုင်ငံရဲ့ ဘုရင်ခံအသစ်က အဲဒီကားနီလေးကို ကိုယ်ပိုင် အသုံးပြုဖို့အတွက် အကောင်းဆုံး ပြုပြင်မွမ်းမံနိုင်းခဲ့ပါတယ်။

"ဒါပေမယ့်. . . လေးလအတောအတွင်း ကားတိုက်မှု လေးခါဖြစ်ပွားပြီး နောက်ဆုံးအကြိမ် ယာဉ်တိုက်မှုဖြစ်တဲ့အခါမှာ ဘုရင်ခံအသစ်ရဲ့ ညာဘက်လက် ဖြတ်ပစ်လိုက်ရပါတယ်။

အဲဒီကားနီလေးရဲ့ သတင်းဆိုးကို လူအတော် အသိများ နေပြီဖြစ်လို့ ဘယ်သူကမှ စီးချင်ကြမှာ ဝယ်ချင်ကြမှာမဟုတ်လို့ ဖျက်ဆီးပစ်ဖို့အတွက် ဘုရင်ခံက အမိန့်ချမှတ်လိုက်ပါတယ်။

ဒါပေမယ့်. . . စီးနင်းသူတွေအတွက် ကျိန်စာသင့်တယ် ဆိုတဲ့ အစွဲအလမ်းကို မယုံကြည်တဲ့ လူတစ်ယောက် ပေါ်လာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီပုဂ္ဂိုလ်ကတော့. . . ဆရာဝန်တစ်ယောက်ဖြစ်ပြီး "ဆားကစ်"လို့ ခေါ်ပါတယ်။

ဒေါက်တာဆားကစ်က ဘာအကြောင်းမှ မယ်မယ်ရရ မရှိဘဲ ကားအနီလေးကို ဝယ်လိုက်ပါတယ်။ ဒါပေမယ့် အဲ့ဒီကားကို မောင်းရဲတဲ့ဒရိုင်ဘာ တစ်ယောက်မှ ရှာမရလို့ သူကိုယ်တိုင်ပဲ မောင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒေါက်တာဆားကစ်တစ်ယောက်တော့ဖြင့် ကားနီလေးနဲ့ ပျော်ပျော်ရွှင်ရွှင် လှုပ်ရှားသွားလာနေတာကို ခြောက်လလောက်အထိ တွေ့နေကြရပါတယ်။

ကျိန်စာဆိုတာ လူတွေရဲ့ စိတ်ကူးနဲ့ တီထွင်ပြောဆိုတာပဲ ဖြစ်တယ်ဆိုတဲ့ သူ့ရဲ့အယူအဆဟာ မှန်နေတယ်လို့တောင်မှ ဖြစ်လာပါတယ်။





အဲ. . . ဒါပေမယ့်. . . သိပ်မကြာလှပါဘူး။

နံနက်ခင်းတစ်ခုမှာ လမ်းလေးတစ်နေရာမှာ အပျက်အစီး သိပ်မရှိလှဘဲ ကားအနီလေး ပက်လက်လှန်နေတာကို တွေ့ကြရပါတော့တယ်။ ကားဘေးမှာတော့ ဒေါက်တာဆားကစ်ရဲ့ အလောင်း. . . ။

ကျန်ရစ်သူဒေါက်တာ ဆားကစ်ရဲ့ဇနီးက ဒီကားနီလေးကို ကျောက်ကုန်သည်တစ်ယောက်ကို ရောင်းပစ်လိုက်ပါတယ်။

ကျောက်ကုန်သည်လည်း ကားနီလေးကို တစ်နှစ်လောက်ပဲ စီးလိုက်ရပါတယ်။ သူ့ကိုယ်သူ သေကြောင်းကြံလို့ လူ့လောကက ထွက်ခွာသွားပါတော့တယ်။

ကားနီလေးကိုတော့ တခြားဆရာဝန်တစ်ယောက်က ဝယ်သွားပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကားနီလေးကြောင့် ဖြစ်ပေါ်နေတဲ့ ကျိန်စာကိုကြောက်ပြီး လူနာတွေဟာ အဲဒီဆရာဝန်ဆီကို မလာကြတော့ပါဘူး ဆရာဝန်လည်း လာဘ်ပိတ်တဲ့ ကားနီလေးကို ဆွစ်လူမျိုး ပြိုင်ကားမောင်းသမားတစ်ယောက်ကို ရောင်းပစ်လိုက်ပါတော့တယ်။

အဲဒီကားနီလေးကို ဝယ်သွားတဲ့ ပြိုင်ကားမောင်းသမားဟာ ဒိုလိုမိုက်စ် ကားပြိုင်ပွဲမှာ ကျောက်နံရံတစ်ခုကို ဝင်တိုက်မိပြီး သေဆုံးသွားပါတယ်။

ဆာရာယေဗိုမြို့အနားမှာ နေထိုင်တဲ့ လူချမ်းသာ လယ်သမားတစ်ယောက်က အဲ့ဒီကားနီလေးကို ဝယ်လိုက်ပြန်ပါတယ်။

ကားကို ငွေကုန်ကြေးကျခံပြီး အကောင်းဆုံးဖြစ်အောင် ပြုပြင်လိုက်ပြီး လပေါင်းအတော်ကြာကြာ အတိုက်အခိုက်မရှိဘဲ





မောင်းနှင်စီးနင်း နေနိုင်ခဲ့ပါတယ်။

နံနက်ခင်းတစ်ခုမှာတော့. . .

ကားနီလေးဟာ မောင်းနေရင်းနဲ့ လမ်းမပေါ်မှာ စက်ရပ်သွားပါတော့တယ်။ လယ်သမားသူဌေးကြီးက အနားက ဖြတ်သွားတဲ့ လှည်းတစ်စီးကို သူ့ကားကို မြို့ဘက်ကို လှည်းနဲ့ဆွဲပေးဖို့ အကူအညီတောင်းပါတော့တယ်။

လှည်းသမားကလည်း ပိုက်ဆံမြိုးမြိုးမြက်မြက် ရမှာသေချာနေတော့ လှိုက်လှိုက်လှဲလှဲပဲ အကူအညီပေးပါတော့တယ်။

ကားနီလေးကို လှည်းနဲ့ဆွဲကာစအချိန်မှာပဲ ကားက ရုတ်တရက် စက်ပြန်နိုးလာပြီး သူ့ရှေ့က လှည်းနဲ့ မြင်းတွေကို သမ်းဘေးကို တိုက်ချပစ်လိုက်ပါတော့တယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ဘေးကို တိမ်းစောင်းပြီး အဆစ်ချိုးကွေ့တစ်ခုမှာ တိမ်းမှောက်သွားပါတော့တယ်။

ကားပိုင်ရှင် လယ်သမားသူဌေးကြီးလည်း အဲဒီနေရာမှာပဲ သေဆုံးသွားပါတော့တယ်။

လယ်သမားသူဌေးကြီးရဲ့ ကားနီလေးကို "တစ်ဘာဟိုင်းရှဖီး"ဆိုတဲ့ ပွဲရုံပိုင်ရှင်ကြီးက ဝယ်လိုက်ပြီး ပြန်ပြင်ဆင်ပါတယ်။ ဆေးရောင်ကိုလည်း အပြာရောင်ပြောင်းပြီး သုတ်လိုက်ပါတယ်။ ဒါပေမယ့်. . . ဒီကားကို ဝယ်မယ့်သူ မရှိလို့ သူကိုယ်တိုင်ပဲ မောင်းနှင်အသုံးပြုနေရပါတော့တယ်။

တစ်နေ့မှာတော့. . .

တစ်ဘာဟိုင်းရှဖီးဟာ သူ့မိတ်ဆွေ ခြောက်ယောက်ကို ကားပေါ်တင်ပြီး မင်္ဂလာဆောင်တစ်ခုကို သွားတဲ့ နေရာမှာ





တားတစ်စီးကို အရှိန်ပြင်းပြင်းနဲ့ ကျော်တက်မိလိုက်လို့ တခြားဘက်က ကားနဲ့တိုက်မိပြီး အတူပါလာတဲ့ လူလေးယောက်နဲ့အတူ ရှဖီးတစ်ယောက် သေဆုံးသွားပါတော့တယ်။

ကားနီလေးရဲ့ ထိတ်လန့်စရာ ဖြစ်စဉ်ကြီး ပြီးဆုံးခါနီးမှာ. . .။

တော်တော်ကြီးကို ပျက်စီးနေတဲ့ ကားနီလေးကို ဩစတြီးယားအစိုးရက ငွေကြေးစိုက်ထုတ်ပြုပြင်ပြီး ဗီယင်နာမြို့က ပြတိုက်ကို ပို့လိုက်ပါတယ်။ ဆေးရောင်ကို မူလက အနီရောင်ပဲ ပြန်သုတ်ထားပါတယ်။

ကားနီလေးက လူဆယ့်ခြောက်ယောက်ရဲ့ အသက်တွေကို ချွေယူသွားခဲ့ပါတယ်။ ကမ္ဘာစစ်ကြီးတစ်ခုကို စတင်ခဲ့တဲ့နေရာမှာလည်း ပါဝင်ခဲ့ပြီး ကြိုဟ်ဆိုးတွေ ကြမ္မာဆိုးတွေကို အပြီးသတ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းမယ့် တခြားစစ်ပွဲတစ်ပွဲ ဖြစ်ပွားချိန်အထိ ကားနီလေး ဟာ တည်မြဲနေခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ဖြစ်တော့ မဟာမိတ်လေယာဉ်တွေက ဗီယင်နာမြို့ကို ဗုံးကြဲတဲ့အခါမှာတော့. . .။

ပြတိုက်ထဲက ကားနီလေးနဲ့အတူ ကြမ္မာငြိုးဟ်ဆိုးတွေ လည်း အဆုံးသတ်သွားပါတော့တယ်။

BURMESE CLASSIC .com

အေးမြသာကြည်



အိုးယွန်းယဉ်စာပေ ၏ စင်တင်ကလောင်ရှင်

# မြမှုံးခင်ခင်

## အချစ်လိုးချင်းဝတ္ထုသစ် ထွက်ရှိပြီးစာရင်း

၁။ မြမှုံးခင်ခင်
ကောင်းကင်သို့အနမ်း (ထွက်ရှိပြီး)

၂။ မြမှုံးခင်ခင်
ချစ်သူရဲ့ မျက်ဝန်းတစ်စုံ (ထွက်ရှိပြီး)

၃။ မြမှုံးခင်ခင်
ဗိုင်းရပ်(စ်)ရဲ့မနက်ဖြန် (ထွက်ရှိပြီး)

၄။ မြမှုံးခင်ခင်
အချစ်၏အနက်ရှိုင်းဆုံးသော (ထွက်ရှိပြီး)

၅။ မြမှုံးခင်ခင်
ဗီးနပ်ရဲ့ ရင်ခွင်တံခါးတစ်ချပ် (ယခုလ ထွက်ရှိပြီး)

ဆက်လက်ထွက်ရှိရန်

၆။ မြမှုံးခင်ခင်
ချစ်ခြင်းဖွဲ့ရမ်းသမ် (မကြာမီ ထွက်ရှိမည်)

၇။ မြမှုံးခင်ခင်
လတစ်စင်းရဲ့ဖန်ဆင်းရှင် (မကြာမီ ထွက်ရှိမည်)

www.burmeseclassic.com